

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကောင်းလေးတွေ ဖတ်ရတဲ့အခါ
စာဖတ်ပရိသတ်တွေကိုလည်း
မျှဝေချင်မိတယ်။
ဒါကြောင့် ဒီစာအုပ်ကို ထုတ်ဖြစ်တာပါ။

အကြည်တော်
စာအုပ်တိုက်

အမှတ်(၁၁၇)၊ မြတ်မင်္ဂလာလမ်း
၂၆ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၀၀၀၂၆၀၁၁၂ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၀၀၀၅၆၀၁၁၂ |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုဆန်း |
| အတွင်းအပြင်အခင်း | - | ကေသီ |
| ထုတ်ဝေသူ | - | ဦးသိန်းလွင်၊ ဝ၄၁၃၇(မြ)<br>ရွှေဟသ်ာစာပေ၊<br>အမှတ်(၂၆၃)၊ ဆိပ်ကမ်းသာလမ်း<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးဝင်းလွင် (မြ-ဝ၅၃၆၆)<br>ရွှေဟသ်ာပုံနှိပ်တိုက်<br>အမှတ်(၃၁)၊ ဦးရွှေဝွန်းလမ်း၊<br>၇-ရပ်ကွက်၊ ပုဇွန်တောင်။ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - | [redacted]<br>အမှတ်(၈၇)၊ စိန်ချယ်လမ်း၊<br>၅-ရပ်ကွက်၊ ဒဂုံအရှေ့။ |
| ဖုန်း | - | ၀၉-၅၄၀၉၃၂၂၊ ၀၉-၄၉၂၂၀၉၅၉ |

၈၉၅. ၈၃

အဆွေတော်

တချို့က ကြီးမှကြိုက်တယ်/အဆွေတော်။ ရန်ကုန်

အကြည်တော် စာအုပ်တိုက်၊ ၂၀၁၂

၁၈၄-စာ၊ ၁၃. ၅× ၂၀. ၅ စင်တီ။

(၁) တချို့က ကြီးမှကြိုက်တယ်


www.burmeseclassic.com

www.burmeseclassic.com



နေကထွက်ကာစ အသစ်ကြီး ရှိသေးသည်။

ဆောင်းနံနက်နေခြည်က ထုံထိုင်းထိုင်းမြူစိုင်တို့ကို ထိုးခွဲလာရသဖြင့် ထင်တိုင်းမတောက်နိုင်။ စတော်ဘယ်ရီဂျယ်လီခဲကဲ့သို့ နီဖျော့ရဲရဲက အိတွဲတွဲမျှသာ လင်းသည်။ ယူကလစ်ပင်ဖျားတွင် တွဲလဲခိုနေသည့် နှင်းရည်စတချို့ကိုတော့ နေ့နေနွေးနွေးက တထွေးထွေး ပျော်ကျအောင် စွမ်းနိုင်ပါသည်။ ယူကလစ်ပင်နှင့် နှစ်ထပ်စံအိမ်ကြီးအကြား လူးလာပျံသန်းရင်း ဘာသာဘာဝ တီတီတာတာ နှုတ်စွာနေကြသော စာငှက်တချို့က ဆိုဘ်

www.burmeseclassic.com

## အဖွင့်

ငြိမ်နေသော ပတ်ဝန်းကျင်ကို အသက်ငွေ့ငွေ့သွင်းနေ၏။

နှစ်ထပ်စံအိမ်ကြီး၏ရှေ့တွင် ကြည်လဲ့ပြာစိမ်းနေသော ရေကူးကန်တ ငြိမ်သက်စွာရှိနေ၏။ ထိုရေကူးကန်ကပင် စံအိမ်ကြီးအား ပို၍ခန့်ညားအောင် ပို၍ဂုဏ်မြင့်အောင် စွမ်းဆောင်ပေးနေသလိုလိုပင်။

အဆင့်မြင့်ရေကူးကန်ကြီးထဲတွင် လူငယ်တစ်ဦး ဖိမ်ခံ၍ ရေကူးနေ၏။ သူရေကူးနေပုံက ပျင်းရိပျင်းတွဲ။ ရေကို ကူးချင်၍ ကူးနေပုံမျိုးမဟုတ်။ ရေကိုကြိုက်၍ လူးလိမ့်ပြီး စိမ်နေပုံ ဖြစ်သည်။

သူက မြန်မာပြည်ရှိ အကြီးကျယ်ဆုံး ကုမ္ပဏီကြီးများထဲမှ အကြီးကျယ်အခမ်းနားဆုံးသော ဖြိုးလုပ်ငန်းစုပိုင်ရှင် ဦးတက်ဖြိုး၏ တစ်ဦးတည်းသောသား ဖြိုးမောင်မောင်ဖြစ်၏။ ဖြိုးမောင်မောင်သည်လည်း မိဘကောင်းမှုအကြောင်းပြု၍ ဖြိုးလုပ်ငန်းစုရုံးချုပ်တွင် ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူလုပ်ကိုင်နေသော အဆင့်မြင့်ဝန်ထမ်း ဖြစ်ပါသည်။

အလုပ်မသွားမီ ရေကူးကန်နံဘေးတွင် အိမ်အကူဝန်ထမ်းများစီစဉ်ပေးသော ဘီယာနှစ်ဘူးနှင့် စားစရာ သစ်သီးတစ်ပွဲကို အရသာခံ စားရင်းသောက်ရင်း ရေတဝ စိမ်ကူးခြင်းက သူ၏ နေ့စဉ်နေ့စဉ် လုပ်ငန်းများထဲမှ ပထမဆုံးလုပ်ကိုင်တတ်သော အပန်းဖြေမှုတစ်ခုဖြစ်သည်။

သူက ရေကို တဝစိမ်ချိုးပြီးမှပင် ရေကူးကန်မှ တက်၏။ အိမ်အကူများ အသင့်ချပေးထားသော တဘက်အဖြူကို ခါးတွင်ပတ်၍ သူ၏အခန်းသို့ပြန်သည်။

ခန်းလုံးပြည့်ဘီရိုနှင့် ထည့်ထားသော သူ၏အကောင်းစားဝတ်စုံများထဲမှ သူ့စိတ်ကြိုက်ဝတ်စုံများကိုယူကာ ကိုယ်မှာကပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ စိတ်ကြိုက်အဖြစ်ဆုံး ကြက်သွေးရင့်ရောင် အနောက်တိုင်းဝတ်စုံတစ်စုံကို သူယူဝတ်၏။

စားပွဲခုံပေါ် တင်ထားသော နေကာမျက်မှန်များထဲမှ ဝတ်စုံနှင့်လိုက်ဖက်သော ကော်ကိုင်းမျက်မှန် ကြက်သွေးရောင်ကို ယူ၍ တပ်လိုက်သည်။

သူ့ကိုယ်သူ ဘဝင်ကျသွားသည်။

အသင့်တင်ထားသော ပိုက်ဆံအိတ်၊ ဖုန်းနှင့် ကားသော့ယူကာ ထွက်ဖို့ပြင်သည်။ အပြင်ထွက်ခါနီး မှန်ကို နောက်ဆုံးအကြိမ်ကြည့်မိမှ သူ၏အကျီအိတ်ကပ်နားတွင် ချည်စလေးတစ်စ ထွက်နေသည်ကို တွေ့ရသဖြင့် အလိုမကျ ဖြစ်သွားသည်။ သူက ချည်စလေးကို ဆွဲထုတ်ကြည့်သည်။ အကျီချုပ်ရိုးပါ တွန့်လိုက်လာ၏။ သူ စိတ်ပျက်လက်ပျက်နှင့် ပိုက်ဆံအိတ်ပြန်ချရင်း ဝတ်စုံပြန်လဲဝတ်ရသည်။ အချိန်ကိုက်ပြီး ရေကူးကန်မှ တက်လာခဲ့သဖြင့် အဝတ်အစားပြန်လဲရမည်ဆိုလျှင် သူ ရုံးနောက်ကျရတော့မည်။ အမြန်ထွက်ရတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးမောင်မောင်၏ နေ့စဉ်လုပ်နေကျ ဒုတိယအလုပ်က ဟိုတယ်တစ်ခုခုတွင် နံနက်စာဝင်စားခြင်းဖြစ်သည်။

ဟိုတယ်စားသောက်ခန်းတွင် ဖြိုးမောင်မောင်တစ်ယောက်တည်း အေးချမ်းစွာ နံနက်စာ စားသောက်နေသည်။ သူ၏ရှေ့ဝိုင်းတွင် လူလတ်ပိုင်း အတွဲတစ်တွဲ ရှိနေသည်။ မမကြီးက လှလှပပနှင့် အိနွဲ့ရသော်လည်း မမကြီးနှင့်ပါလာသော တလွဲဆံပင်ကောင်း လူကြီးက ကျိုးကြည့်ကြောင်ကြည့်နှင့် ဂနာမငြိမ်ရှိနေသည်။ ဝန်ထမ်းပေါင်းထောင်ချီအုပ်ချုပ်နေရသော ဖြိုးမောင်မောင်အဖို့ လူကြီး၏မူပျက်နေပုံကို မြင်သည်နှင့် ဒါ အရိုးသရီ



www.burmeseclassic.com

www.burmeseclassic.com



အဆင့်တွင်ပင် ရှိသေးကြောင်း မှန်းဆမိသည်။ အပျိုကြီးကို လူပျိုကြီးက ပိုးကြေးပန်းကြေးနှင့် လာကျွေးနေပုံရသည်။ ဟိုလူ ထိပ်ပြောင်ကြီးက အပျိုကြီးမမအား ရွှန်းရွှန်းဝေအောင် သဒ္ဒါတွေပိုနေပုံကို ဖြိုးမောင်မောင်က ကြားပြီး ရယ်ချင်ပက်ကျိဖြစ်နေရသည်။ သွေးဆုံးခါနီးကြီးတွေကလည်း ဒါမျိုးကြီးတွေ ရှိတာတ်သေးသကိုး။ ဖြိုး၏ ရှေ့တည့်တည့်တွင် ဖြစ်နေသဖြင့် မကြည့်ချင်လည်း မြင်နေရသည်။

"စားနော် မမမိမာစား၊ ကိုယ်က စားကြည့်မှ အရသာသိမှာ၊ အရသာသိတော့ ကိုယ့်ဆိုင်က အစားအစာကို ပိုကောင်းအောင် စီမံနိုင်တာပေါ့၊ ဆိုင်ရဲ့ စီမံအုပ်ချုပ်ရေးကိုပါ ကိုင်နိုင်ဖို့ လေ့လာဖို့ အချိန်တန်ပြီ မမမိမာ၊ ဟင်းဟင်း မမမိမာနဲ့ ကိုယ်နဲ့ဆိုတာက"

မမမိမာဆိုသော မိန်းမက သက်ပြင်းကိုဖွဖွချရင်း

"ဒါက ဘာဟင်းလဲ မသိဘူး"

"ချိ ချိ အဲလေ အဲဒါက စကွစ် တဲ့"

မမကြီးက ဟင်းကို အရသာခံကြည့်ပြီးမှ ဟင်းကိုမွှေနှောက်ရင်း ပါဝင်သည့် အမယ်များကို စာအုပ်နှင့်ထုတ်မှတ်၏။ လူကြီးက လမ်းကြောင်းလွဲသွားသော သူ့စကားကို လမ်းကြောင်းပေါ် ပြန်ဆွဲတင်၏။

"ကိုယ်က မိန်းမများစွာနဲ့ ကြုံဖူးပါတယ်"

"ဘယ်လောက်ပေးရလဲ"

"နှစ်သောင်း၊ အဲလေ ဘာ ဘာတွေ မေးနေတာလဲ"

ဟင်းချိုခပ်သောက်နေသောဖြိုးပင် ရယ်ချင်သဖြင့် သီးမလိုပင် ဖြစ်သွား၏။

www.burmeseclassic.com

အသွေးချော်

"ဩော် ဒီဟင်းပွဲက ဘယ်လောက်ပေးရလဲလို့"

မမကြီးက သေချာအောင် ဟင်းပန်းကန်ကို ဇွန်းနှင့်ခေါက်၍မေး၏။

"အာ အဲဒါက ဘောက်ချာလာမှ သိမယ်၊ ဒီဟိုတယ်က တကယ့်သူဌေးတွေမှ စားနိုင်တဲ့ဆိုင်၊ ကိုယ်တောင်မှ မမမိမာနဲ့ နှစ်ယောက်တည်း အေးအေးဆေးဆေးစားသောက်ရင်း ဘဝအရေးကို"

"ဒီဟင်းကရော"

"ချို ချို အဲလေ အဲ အဲဒါက ပုစွန်တန်ပူရာ"

လူပျိုကြီး၏ စကားရှိန်က ပြတ်သွားရပြန်၏။ မမကြီးက ဝန်ထမ်းကောင်းပီပီ စာအုပ်ထဲတွင် ဟင်းအမယ်များကို မှတ်ပြန်၏။ မမကြီးကို သူ့အလုပ်ရှင်ကြီးက သူတို့စားသောက်ဆိုင်၏မီနူးတွင် ဟင်းအမယ်များတိုးရန် အကြောင်းပြ ခေါ်လာသဖြင့် ပါလာရခြင်း ဖြစ်လိမ့်မည်။ လူကြီးကတော့ မမကြီးကို တစ်ဖက်သတ်ကြိုက်နေ၍ ဤသို့ပင် အကြောင်းအမျိုးမျိုးပြကာ လိုက်၍ကျွေးမွေးတတ်မြဲဖြစ်ပေလိမ့်မည်။ ယခုလည်း နှစ်ယောက်တည်း ဟိုတယ်သို့ ခေါ်ကျွေးရင်း ချစ်စကားပြောရန် ပျိုးနေခြင်းက ထင်ရှားပါသည်။

"ကိုယ်က ဟို ဘယ်လိုပြောရမလဲ၊ မိန်းမတွေကို မကြုံဘူးလို့တော့ မဟုတ်ဘူး၊ အများကြီးကြုံဖူးတယ်"

"ဘယ်လောက်ပေးရလဲ"

"နှစ်သောင်း၊ အဲလေ လုပ်ပြန်ပြီ၊ ဘီလ်လာမှ သိပါမယ် ဆိုမှ"

ဖြိုး ဟက်ခနဲ ရယ်မိပြန်သည်။ ဖြိုး၏ရယ်သံကြောင့် လူကြီးက ပေကလပ်ပေကလပ်နှင့် စောင်းကြည့်ကာ မျက်စောင်း



www.burmeseclassic.com

www.burmeseclassic.com

တွေ့လား အဲဒါ
လူလိမ်တွေရဲ့လူစွဲနည်းပဲ၊
သူဌေးလာရင်
စားပွဲထိုးတွေ ရှုံသွားမယ်၊
ပြီးရင် ရဲလိုလိုဘာလိုလိုပြောပြီး
သူဌေးအညှာကိုကိုင်မယ်၊
ဖြစ်နိုင်ရင်
ရေပါထပ်ချွဲးရင်ချွဲးသွား ဦးမယ်၊

လှမ်းထိုး၏။ မင်းနဲ့ ဘာဆိုင်လဲပေါ့။ စားမာန်ခုတ်သည့် သဘော။ ဖြိုးက ဆက်ထိုင်နေလျှင် ရှုပ်ပျက်ဆင်းပျက် ထရယ်မိတော့မည်မို့ စားလက်စကိုဖြတ်ကာ ငွေရှင်းရန် စားပွဲထိုးကို ခေါ်လိုက်၏။ စားပွဲထိုးက ဘီလ်ယူလာပေးသည်။ ဖြိုးက ဘီလ်ကို ကြည့်ရင်း ပိုက်ဆံအိတ်ကိုနှိုက်၏။ မတွေ့။ ထိုတော့မှ အကျႌလဲစဉ်က ပိုက်ဆံအိတ်ကျန်ခဲ့မှန်း သတိရမိတော့သည်။ ဖြိုးက နဖူးကိုရိုက်ကာ

"အာ ဒုက္ခပဲ၊ ပိုက်ဆံအိတ် အိမ်မှာကျန်ခဲ့ပြီ၊ အား ကတ်တွေလည်း ပိုက်ဆံအိတ်ထဲမှာပဲ၊ ဒုက္ခပါပဲ၊ အေး မင်းတို့သူဌေးကို ပြောလိုက်၊ ဖြိုးလုပ်ငန်းစုရဲ့ ဒုတိယဥက္ကဋ္ဌ လာစားသွားတယ်လို့၊ ဒီဘီလ်ကို မနက်ဖြန်မနက် လာစားမှ ပေါင်းရှင်းမယ်လို့ ပြောလိုက်၊ ဟုတ်ပြီလား"

စားပွဲထိုးက ဒါမျိုးတွေရိုးနေပါပြီဆိုတဲ့ပုံနဲ့ ဖြိုး၏ကုတ်ကို ဆွဲရင်း

"ဒါမျိုးလုပ်လို့ ရမလားဗျ၊ ကဲ ပေး ပိုက်ဆံပေး၊ မပေးလို့



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ရဲစခန်းကို တစ်ခါတည်း ပို့ပစ်မယ်၊ ဘာမှတ်လဲ"

"ဟော့ကောင် မင်းကိုင်ထားတာ ဘယ်သူမှတ်လို့လဲ၊ ဖြိုး လုပ်ငန်းစုရဲ့ ဒုတိယဥက္ကဋ္ဌကွ၊ ဟင်း မင်းနဲ့မရှင်းဘူး၊ မင်းသူဌေးကို ခေါ်လိုက်စမ်း"

"ကျုပ်တို့သူဌေးက လုံးဝမှာထားပြီးပြီ၊ ဒီလိုပြဿနာဖြစ် ရင် သူ့လာမခေါ်နဲ့တဲ့၊ ရဲခေါ်ပြီး တစ်ခါတည်း အပ်လိုက်တဲ့"

မမကြီးတို့ဝိုင်းကလည်း စားသောက်ပြီးကြသဖြင့် ဘီလ် ရှင်းရန် ကောင်တာသို့ ရောက်လာကြ၏။ လူကြီးက ခုနက ဖြိုး ရယ်ခဲ့သဖြင့် မကြည်မလင်ဖြစ်နေပုံရ၏။ ဖြိုး ပြဿနာတက်နေ ပုံကို မြင်သည်နှင့်

"တွေ့လား၊ အဲဒါ လူလိမ်တွေရဲ့ လူစုခွဲနည်းပဲ၊ သူဌေး လာရင် စားပွဲထိုးတွေ ရှဲသွားမယ်၊ ပြီးရင် ရဲလိုလိုဘာလိုလိုပြောပြီး သူဌေးအညာကိုကိုင်မယ်၊ ဖြစ်နိုင်ရင် ရေပါထပ်ချဉ်းရင်ချဉ်းသွား ဦးမယ်၊ ဒီကောင်တွေက ဒီလိုပဲ ပိုက်ဆံတစ်ပြားမှမရှိဘဲ သူဌေး ယောင်ယောင် ဘာယောင်ယောင်နဲ့ လျှောက်လိမ်စားနေတဲ့ကောင် တွေ၊ သိတယ်မဟုတ်လား၊ ဖြိုးကုမ္ပဏီဆိုတာက လူတိုင်းလေးစားတဲ့ ကုမ္ပဏီဆိုတော့ ဒီလိမ်တွေအတွက် ကိုင်ပေါက်လို့ ကောင်းနေ တာပေါ့၊ ကြည့်နေ၊ စုတ်ပြတ်သတ်အောင် ရိုက်ခွဲခံရလိမ့်မယ်"

"အာ ဟော့လူ ခင်ဗျားနော်၊ ဘုမသိဘမသိနဲ့ အာမချောင် နဲ့၊ ဒီမှာ ပြဿနာတက်နေပါတယ်ဆိုမှ"

ဖြိုးက တားလိုက်သည်။ လူကြီးက မမှု။ ကောင်တာတွင် ငွေရှင်းပေးရင်း မမကြီးအား

"တွေ့လား၊ သူဌေးအစစ်ဆိုတာ တစ်ကိုယ်စာမဟုတ်ဘူး ကိုယ်ကျွေးချင်တဲ့လူတွေပါ ခေါ်ကျွေးပြီး ရှင်းပေးနိုင်တယ် မမ



www.burmeseclassic.com

www.burmeseclassic.com



မိမာ စိတ်ကူးမလွဲနဲ့နော် ဟင်းဟင်းဟင်း"

မမကြီးက မကြားဟန်ပြုကာ ဖြိုးမောင်မောင်တို့အဖြစ်ကို ပင် ကြည့်နေသည်။

ကောင်လေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီလိုလျှောက်လိမ်စားနေတာ မရှက်ဘူးလားဆိုသည့် မျက်လုံး။ ဤမျက်လုံးများကို မြင်ဘည်နှင့် လူ့အကြောင်းကို နောကျေနေအောင် သိသည့် ဖြိုးမောင်မောင်က မခံချိမခံသာ ဖြစ်ရ၏။ သို့သော် စားပွဲထိုးက ကုတ်ကို အတင်းဆွဲထားသဖြင့် မရှင်းပြသာပါ။ မမကြီးက သူ့ကိုစွမဟုတ်သည်မို့ သူ့ကိုကြောင်နေသော ဘဲအိုကြီးနှင့်ယှဉ်တွဲကာ ထွက်သွားကြလေ၏။

အပြင်ဘက်မှ ရုန်းရင်းဆန်ခတ်သံများကြောင့် ဟိုတယ်မန်နေဂျာက သူ့အခန်းထဲမှ ထွက်ကြည့်၏။ စားပွဲထိုးသုံးဦးက ဝိုင်းချုပ်ထားသော သူဌေးဖြိုးမောင်မောင်ကို တွေ့ရသဖြင့် ပျာပျာသလဲ ပြေးထွက်လာ၏။

"ဟော့ ဟော့ကောင်တွေ ဘာဖြစ်တာလဲ"

"ဒီမှာလေဗျာ၊ ဒီလူက စားသောက်ပြီးမှ အိမ်မှာ ပိုက်ဆံအိတ်ကျန်ခဲ့တယ်ဆိုပြီး လာလိမ်နေတာ"

"အာ ဒါဖြိုးလုပ်ငန်းစု သူဌေးဦးတက်ဖြိုးရဲ့ တစ်ဦးတည်းသောသားကွ၊ ဒုက္ခရောက်ကုန်တော့မှာပဲ၊ ကိုဖြိုးမောင်မောင် စိတ်မရှိပါနဲ့ဗျာ၊ ဩော် ဒီငွေလေးအတွက် ဘာမှမဖြစ်ပါဘူးခင်ဗျာ၊ မင်းတို့ကလဲကွာ၊ ဦးဖြိုးမောင်မောင်ကိုတောင် မသိဘူးလား၊ ဂျာနယ်လေးဘာလေး ဖတ်ကွ၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်ဆိုပြီး ဂျာနယ်တွေမှာ အမြဲပါနေတဲ့လူကို ဟင်း ဆက်ဆံရေးမပြေပြစ်တာရှိရင် ခွင့်လွှတ်ပါခင်ဗျာ၊ တောင်းပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖြိုး သူ့အင်္ကျီကို ပြန်ပြင်ရင်း မာန်ပြန်တင်းရသည်။ ခုန က စားသောက်ဝိုင်းသယ်လုပ်နေသော စားပွဲထိုးများလည်း ခုတော့ အမြီးတွေကိုကုတ်လို့။

"ဦးတင် ဒီဘီလ်ကို ကျွန်တော့်စာရင်းထဲ ပေါင်းမှတ်ထားပေးပါ"

"အာ ဒီငွေလေး အရေးမကြီးပါဘူး၊ မနက်စာအတွက် ကျွန်တော့်ဆိုင်ကို ရွေးချယ်တာကို ဂုဏ်ယူပါတယ်ခင်ဗျာ၊ ကျေးဇူးတင်ပါတယ်"

ဖြိုးထွက်လာတော့ ဦးတင်က စားပွဲထိုးများကို ဟောက်ဟမ်းသံများ ကြားနေရ၏။ တကယ့်သူဌေးကြီးကို မသိရ ကောင်းလားပေါ့။

"တောက် ဟိုဘိုထိပ်နဲ့ မမကြီးစုံတွဲ သိမသွားတာ နာတာပဲ"

ဘာရယ်မဟုတ်။ မမကြီးကိုတော့ အဖြစ်မှန်သိအောင် ရှင်းပြချင်နေမိသည်။ ဟိုဘိုထိပ်က သူ့ကိုယ်သူ မင်းသားဖြစ်ဖို့ ကိုယ့်ကို လူလိမ်ဇာတ်သွင်းခဲ့သည် မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

ကုမ္ပဏီအစည်းအဝေးတွင် ဦးတက်ဖြိုး၊ ဖြိုးမောင်မောင်နှင့် အခြားအဆင့်မြင့်ဝန်ထမ်းများ အစည်းအဝေးလုပ်နေကြသည်။

"အခုတင်ပြမယ့် အကြောင်းက ကျွန်တော်တို့လုပ်ငန်းစုတွေရဲ့ ကြော်ငြာတွေကို အသစ်ပြန်ရိုက်ပြီး တစ်နှစ်စာကြော်ငြာစရိတ်တွေကို ရုပ်သံလိုင်းတွေကို ချပေးဖို့ပါပဲ၊ မနှစ်ကဆိုရင် ကြော်ငြာတွေအတွက် သိန်း(၁၀၀၀)ချပေးခဲ့ပါတယ်၊ ခုနှစ်ရော ဥက္ကဋ္ဌကြီးအနေနဲ့ ဘယ်လိုအပြောင်းအလဲ လုပ်ချင်ပါသလဲ"

ကိုတင့်နိုင်က ဖခင်ဦးတက်ဖြိုး၏ ငယ်လက်ရင်းတပည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့်အားလျော်စွာ အရာရာကို သူသိသူတတ် လုပ်ချင်သည်။ အဖေ့အကြိုက်ကို အလိုက်အထိုက်လိုက်ပေး၍ ချောင်ချောင်ကလေး လခစားနေသူဖြစ်သည်။ ဖြိုးက ကိုတင့်နိုင်ကို စိတ်ပျက်စွာ ကြည့်ရင်း သူ၏အိုက်ဒီယာကို ချပြ၏။

"ခု ကျွန်တော်တို့ကုမ္ပဏီရဲ့ ကြော်ငြာတွေဟာ အရမ်းရိုးနေပါတယ်၊ ဒီတော့ ဒီထက်ကောင်းတဲ့ နည်းတွေကို စဉ်းစားကြရင် ကောင်းမယ်၊ ဥပမာဗျာ၊ ကိုရီးယားဇာတ်ကားတွေကိုကြည့်၊ သူတို့ဇာတ်ကားတွေထဲမှာ သူတို့ရဲ့ အလုပ်အကိုင်၊ ကုန်ပစ္စည်း၊ အစားအစာ၊ အဝတ်အထည်နဲ့ သူတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေကို ပြပြီး ကြော်ငြာကြတယ်၊ အဲဒါတွေကို ကျွန်တော်တို့က ကြည့်ပြီး စားချင်စိတ်၊ ဝတ်ချင်စိတ်၊ သုံးချင်စိတ်တွေ ပေါ်လာတယ်၊ ကျွန်တော်တို့က ဇာတ်ကားအတွက်လည်း ငွေပေးကြည့်ရတယ်၊ အဲဇာတ်ကားထဲမှာ သူတို့ကြော်ငြာတဲ့ ပစ္စည်းတွေကိုလည်း ဝယ်ယူသုံးစွဲကြရတယ်၊ အရင်းမရှုံးဘဲ အမြတ်ပါရပြီး ကြော်ငြာတဲ့ အတတ်ပညာပေါ့ဗျာ၊ ကျွန်တော်တို့ရော ဒီလိုနည်းလမ်းတွေ မသုံးသင့်ဘူးလား"

ကိုတင့်နိုင်က ပျာပျာသလဲထ၍

"ကျွန်တော်တို့နေနေကြတာ မြန်မာပြည်နော်၊ ကုမ္ပဏီရဲ့ အလုပ်တွေနဲ့ ဇယ်ဆက်အောင် လုပ်နေကြရတာ၊ တီထွင်ဆန်းသစ်ပြီး ရင်ခုန်နေရမယ့် အချိန်မရှိဘူး၊ ထုံးစံအတိုင်း လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်လိုက်တာက အမှားမရှိပါဘူးဗျာ"

ဖြိုးက စိတ်ပျက်စွာ စုတ်တစ်ချက်သတ်ရင်း

"ဘာရင်ခုန်စရာလိုလို့လဲ၊ ကိုယ့်ဇာတ်ကားကို ဇာတ်လမ်းဇာတ်ညွှန်းကောင်းအောင် လူစွဲလမ်းအောင် ရေးမယ်ဗျာ၊ အနုပညာပေါ



www.burmeseclassic.com

www.burmeseclassic.com

မှာ သေချာပြီဆိုမှ အကောင်းဆုံးဒါရိုက်တာနဲ့ ဆွေးနွေးမယ်၊ အကောင်းဆုံး မင်းသားမင်းသမီးတွေ ငှားမယ်၊ သူတို့တွေနဲ့ဆွဲခေါင်ပြီး ကျွန်တော်တို့ကုမ္ပဏီရဲ့ ပစ္စည်းတွေကို ရုပ်ရှင်ထဲမှာ သုံးပြမယ်၊ အချက်အလက်တွေကို ဇာတ်ဝင်စကားတွေအနေနဲ့ ပေးမယ်၊ ပြီးရင် ဇာတ်ကားပြန်ရောင်းရင်ပဲ ကိုယ့်ငွေ အသားတင်ပြန်ရမယ်၊ ကုန်ပစ္စည်းတွေကို အလကားကြော်ငြာရမယ်၊ မကောင်းဘူးလား”

ကိုတင့်နိုင်က အဖေ့၏ သခင်အားရ ကျွန်ပါးဝတစ်ဦးဖြစ်သဖြင့် ဖြိုးကို အထင်သေးတဲ့ပုံနဲ့ကြည့်ရင်း

“ဒီမယ် ဒါ လုပ်ငန်းကြီး လုပ်နေတာဗျ၊ ကလေးအတွေးနဲ့ လုပ်လို့မရဘူး’

“ဘာဗျ၊ ကလေးအတွေး ဟုတ်လား၊ လုပ်လို့မရဘူး ဟုတ်လား၊ ခင်ဗျားတို့လို ဉာဏ်တစ်ထွာတစ်မိုက်နဲ့ ရှေးရိုးစွဲတွေရှိနေလို့ ဒီကုမ္ပဏီ တိုးတက်မှုနှောင့်နှေးနေတာပဲ”

“ခြေတစ်လှမ်းမှားတာနဲ့ ချွတ်ခြုံကျသွားတဲ့ ကုမ္ပဏီတွေ အများကြီးဗျ၊ ဒါ ဟိုရှေးကတည်းက ဒီလိုပဲလုပ်တာ မှန်တယ်ဆိုတဲ့ အတွေ့အကြုံတွေ သင်ခန်းစာတွေပေါ် အခြေခံပြီး လုပ်ကြတာ၊ အလုပ်တိုင်းဟာ ကပေါက်တိကပေါက်ချာအတွေးနဲ့ စိတ်ကူးဉာဏ်ကွန့်မြူးပြီး လုပ်လာကြတာ မဟုတ်ဘူး”

ဖြိုး၏ ဒေါသက ထောင်းခနဲ ပေါက်ကွဲသွား၏။ ကိုတင့်နိုင်၏ကော်လံစကို လက်နှစ်ဖက်နှင့် ဆွဲမ,ရင်း

“ခင်ဗျားက အဖေ ပ,စားပေးထားတာနဲ့ လူတွင်ကျယ်လုပ်နေတာပေါ့လေ၊ ထစမ်း၊ ခင်ဗျားက ဘာလဲ၊ ခင်ဗျားပြောတဲ့ခေတ်က လူတွေက ကိုရီးယားကားတောင် မကြည့်ဖူးကြသေးဘူးဗျ”

“ဟာ ဒုတိယဥက္ကဋ္ဌ လွန်မယ်နော်၊ လွန်မယ်”

www.burmeseclassic.com

ဖြိုးမောင်မောင်က ကိုတင့်နိုင်ကို ဆွဲပြီးထိုးမလိုလုပ်နေသဖြင့် အခြားဝန်ထမ်းများ ဝိုင်းဆွဲထားရသည်။ ဖခင်ဦးတက် ဖြိုးက

"တော့ ဖြိုးမောင်မောင် မင်းဟာက တရားလွန်နေပြီ၊ စီးပွားရေးလုပ်တယ်ဆိုတာ သံခင်းတမန်ခင်းလိုပဲ နူးညံ့တယ်ကွ၊ မင်းလိုရာထူးမျိုးယူထားတဲ့လူက ဒီလို စိတ်လိုက်မာန်ပါလုပ်ခွင့်မရှိဘူးဆိုတာ နားမလည်ဘူးလား"

"အဖေတို့ အဲလိုတွေလုပ်နေလို့ ဒီလိုအကြံ့တုံး ဉာဏ်တုံးတွေ ဒီလိုရာထူးတွေနေရာတွေရပြီး စားပေါက်ချောင်နေကြတာပဲ"

"ကဲ အဖေပြောနေတာလေ၊ အဖေ့ကို လေးစားမှု မရှိဘူးလား၊ သွား သွား အိမ်ပြန်တော့၊ ဒီနေ့နားပြီး စဉ်းစား၊ မနက်ဖြန်မှ အပြီးသတ်ဆုံးဖြတ်မယ်၊ ကဲ အားလုံးနားကြတော့"

ဖြိုးက စိတ်ဆိုးလက်စကြီးနှင့် ထွက်သွား၏။ ကုမ္ပဏီ၏ အစည်းအဝေးကလည်း ရုတ်ရုတ်သဲသဲနှင့်သာ ပြီးရလေပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# တိဂကာ်နဲ့ကြုံတယ်



လုပ်ငန်းတိုင်းတွင် စိတ်ကူးဉာဏ်ကွန့်မြူးဖို့လိုသည်။

ဘတ္တကမ္ဘာကြီးသည် မရပ်မနား လည်ပတ်နေသလို လူသားများ၏ အသိဉာဏ်နှင့်ပညာကလည်း တစ်နေ့တခြား တိုးတက်လာ၏။ အပြိုင်အဆိုင် တိုးတက်နေသောခေတ်ကြီးတွင် ခပ်တိမ်တိမ် ဦးနှော က်ရှိသူများသည် အောက်တန်းနောက်တန်းဖြစ် ကျန်ရစ်ရမည်မှာ မဆန်းပေ။

ဖြိုးကတော့ ခေတ်လူငယ်မို့ ခေတ်နှင့် ရင်ဘောင်တန်းနေချင်သည်။ ထို့ကြောင့် အမြဲတွေးသည်။ သို့နှင့်ပင် မိမိ၏ မိတ်ဆွေ ရုပ်ရှင်လောကမှ နာမည်ကျော် ဇာတ်ညွှန်းရေးဆရာ



www.burmeseclassic.com

www.burmeseclassic.com

## အဝေ့ခေါ်

သူများတိုင်းပြည်တွေမှာက
ရုပ်ရှင်ကိုမီဒီယာလက်နက်အနေနဲ့
အသုံးချကြတာမျိုး
သူတို့နိုင်ငံရဲ့အလှအပတွေ
အထင်ကရနေရာတွေ
သမိုင်းဝင်နေရာတွေကို
လူတွေစိတ်ဝင်စားအောင်

ကိုမျိုးမြန်မာနှင့် ဝါရင့်ဒါရိုက်တာ ကိုလွှမ်းတို့ကို စားသောက်ဆိုင်တွင် ချိန်းလိုက်ခြင်းဖြစ်သည်။

သူ၏အိုက်ဒီယာကို အကောင်အထည်ဖော်နိုင်အောင် ကြိုးပမ်းကြည့်မည်။

ဖြိုး ချိန်းဆိုထားသော စားသောက်ဆိုင်သို့ ရောက်လာတော့ ကိုလွှမ်းနှင့်ကိုမျိုးတို့ ရောက်နှင့်နေကြပြီ။ ဖြိုးက ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်ရင်း

"ခုရိုက်နေတဲ့ ကိုလွှမ်းရဲ့ဇာတ်ကားက တော်တော်ပေါက်နေတယ်နော်"

"ဇာတ်ကားပေါက်ဆို ဟောဒီကိုမျိုးရဲ့ ဇာတ်လမ်း ဇာတ်ညွှန်းကလည်း ထိတာကိုးဗျ"

"အေးဗျာ ကျွန်တော် ခင်ဗျားတို့ကိုခေါ်ရတာက ကျွန်တော့်ကုမ္ပဏီက ကုန်ပစ္စည်းတွေ လုပ်ငန်းတွေကို ပါးပါးလေး ကြော်ငြာမယ်ဗျာ၊ အဲဒါကို ဇာတ်ဆင်ရေးပြီး ဇာတ်ကားရိုက်ရင် ဖြစ်မလားလို့ ခင်ဗျားတို့နဲ့ ဆွေးနွေးချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကိုမျိုးက အားရဝမ်းသာစွာနှင့် ဘီယာခွက်ကို ဆောင့်ချရင်း

"ကောင်းတယ်ဗျာ၊ ကျွန်တော်ကလည်း အဲဒီလိုစိန်ခေါ်မှုမျိုးကို လိုချင်နေတာ သူများတိုင်းပြည်တွေမှာက ရုပ်ရှင်ကို မီဒီယာ လက်နက်အနေနဲ့ အသုံးချကြတာဗျ၊ သူတို့နိုင်ငံရဲ့ အလှအပတွေ အထင်ကရနေရာတွေ သမိုင်းဝင်နေရာတွေကို လူတွေစိတ်ဝင်စားအောင် လာချင်အောင်ပြ၊ လူတွေစိတ်ဝင်စားပြီး လာကြတော့ နိုင်ငံခြားဝင်ငွေရ၊ ဒီသဘောတွေပေါ့ဗျာ"

ကိုလွမ်း တွေးတွေးဆဆနှင့်

"အင်း ခင်ဗျားတို့ ကုမ္ပဏီက တစ်နှစ်ကို ကြော်ငြာစရိတ် ဘယ်လောက်သုံးလဲ"

"သိန်းတစ်ထောင်ဝန်းကျင်ပေါ့"

"ဖြစ်တယ်ဗျာ၊ အဲဒီငွေနဲ့ ဇာတ်ကားကြီးတစ်ကား ရိုက်လိုက်မယ်ဗျာ၊ အဲဒီအထဲမှာ မင်းသားမင်းသမီးတွေကို ကိုဖြိုးတို့ကုမ္ပဏီကပစ္စည်းတွေ သုံးပြခိုင်းပြီး ပါးပါးလေးကြော်ငြာသွားမယ်၊ ဇာတ်ကားကိုလည်း ကောင်းအောင်ရိုက်မယ်ဗျာ၊ ဘယ့်နှယ်လဲ ကိုမျိုး"

"ဝတ္ထုဇာတ်ညွှန်း မျိုးမြန်မာ၊ ဒါရိုက်တာ မောင်လွမ်းဝေ (အဆွေးပုံရိပ်)ရိုက်တဲ့ ဇာတ်ကားသစ်ကြီးပေါ့ဗျာ"

ဖြိုး၏အားရကျေနပ်မှုနှင့် အပြုံးမျက်နှာက လပြည့်ဝန်းလို ဝင်းလို့ပလို့။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ကားနက်နေပြီ။ ဤအချိန်သည် မမမိမာ၏ပုံမှန် အိမ်ပြန်ချိန်ဖြစ်သည်။ မမမိမာ၏မောင်လေးတိုးက အသက် ၂၀ မျှ ရှိပြီဖြစ်သော်လည်း စာသင်၍မရ။ ဉာဏ်ရည်မမီဘဲ ကလေး စိတ်ပေါက်နေသော ကံဆိုးရှာသူလေးဖြစ်ပါသည်။ မမမိမာကိုမြင် သည်နှင့် တိုးက ပျော်သည်ပင်။ မမာအား ပြေးဖက်ကြိုဆိုရင်း

"ဟေး မမမိမာ လာပြီဟေ့၊ ရေခဲချောင်းစားမယ်၊ ရေခဲ ချောင်းစားမယ်"

"ဩော် မောင်လေးရယ်၊ ဒီအချိန်က ထမင်းစားတဲ့အချိန် ရေခဲချောင်းမစားရပါဘူး၊ ဒီမှာ မောင်လေးကြိုက်တဲ့ ခေါက်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com

ကြော် မမဝယ်လာတယ်၊ ထမင်းနဲ့စားရမယ်နော်”

မမမိမာက သူ၏တစ်ဦးတည်းသော ကံဆိုးသူမောင်လေးကို ယုယစွာဖက်ရင်း ချော့မော့ပြောရ၏။ ငတိုးကတော့ ဂျစ်တိုက်မြဲပင်။

“မရဘူး မရဘူး ရေခဲချောင်းအရင်စားမယ်”

“ကဲမောင်လေး မမပြောမယ်၊ ခု မမလည်း ထမင်း ဆာနေပြီ၊ ထမင်းအရင်စားရမယ်၊ ပြီးမှ မောင်လေးစားချင်တဲ့ ရေခဲချောင်းကိုဝယ်စား”

ဒီလိုဆိုတော့လည်း ငတိုးလေးက မျက်နှာအငယ်သားနှင့်

“မမမိမာ ဗိုက်ဆာတယ်ဆိုရင်တော့ ထမင်းအရင် စားမယ်လေ”

ဟု လက်ခံရှာသည်။ သူ့မမကိုတော့ သူက ချစ်သည်လေ။ မမမိမာက မောင်လေးငတိုး၏ခေါင်းကို ဖွကာ

“အေး ဒါမှ ငါ့မောင်လေး၊ မောင်လေးက သိပ်လိမ္မာတာပဲ၊ လာ မမလက်ဆေးပေးမယ်”

ငတိုးကို မမမိမာက လက်ဆေးပေး၏။ ထမင်းပန်းကန်ပြင်ပေးရ၏။ လမ်းထိပ်ခေါက်ဆွဲဆိုင်မှ ဝယ်လာသော ဟင်းဖြစ်ရုံ ခေါက်ဆွဲကြော်လေးနှင့် မောင်နှမနှစ်ဦး ထမင်းလက်ဆုံစားကြသည်။ ငတိုးက ထမင်းကို မြိန်ရှက်စွာစားနေရင်းက

“အမေသန်းက ဘယ်တော့ပြန်လာမှာလဲဟင်”

“အေးဟယ် အဲဒီအမေသန်းကလည်း သူ့ညီမ ဒေါ်လေးငယ် အသည်းအသန်ဖြစ်နေလို့တဲ့၊ တစ်ရက်နှစ်ရက် ဆိုပြီး လိုက်သွားတာ ခု တစ်ပတ်ပြည့်တော့မယ်၊ ပေါ်ကိုမလာတော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ငတိုးက တွေတွေလေးစဉ်းစားရင်း

"နောက်နေ့ မမမိမာ အလုပ်သွားရင် သားကို ပိုက်ဆံ ပေးသွားနော်"

"ပိုက်ဆံ၊ မောင်လေးက ဘာလုပ်ချင်လို့လဲ"

"နေ့ခင်းဖက်ဆို မမမိမာကလည်း အလုပ်သွား၊ အမေ သန်းကလည်း မရှိဆိုတော့ သားတစ်ယောက်တည်း ပျင်းတယ် မမရဲ့၊ ဟိုဖက်ရပ်ကွက်မှာ ဂိမ်းသွားဆော့ချင်တယ်၊ သား စမတ်ဒေါင်း ချရင်လေ ဟိုကောင် ဖိုးသားတို့ ငတိုးတို့ သားကို တစ်ယောက်မှ မနိုင်ဘူးသိလား၊ သားက သူတို့ကောင်တွေကို ကိုင်ပေါက်ပစ်တာ ပဲ"

"ကဲ ထမင်းစားနော်၊ မနက်ကျရင် မမ မောင်လေးကို မုန့် ဖိုးအများကြီး ပေးသွားမယ်"

"ဟေး ဒါမှ တို့မမကွ"

ငတိုးက အပျော်လွန်သွားပြီး ထမင်းပလုတ်ပလောင်းနှင့် မမမိမာကို ဖက်နမ်းတော့သည်။ မောင်လေး၏လက်မှ ထမင်းစေ့များ က မမမိမာ၏ပါးမှာ ကပ်ကာ ပေကျံကုန်၏။ အစ်မတစ်ခု မောင် တစ်ခုမို့ မောင်လေးပျော်လျှင် မမမိမာလည်း ပျော်ရသည်သာပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းမို့ မမမိမာတို့ ဘီယာဆိုင်လေးက လူစည်လာသည်။ လူစည်လာသည်နှင့်အမျှ သူများပျော်ဖို့ ဝန်ဆောင်မှုပေးရသော မမမိမာတို့လို ဆိုင်ဝန်ထမ်းများ အလုပ်ရှုပ်နေကြရပြီ။

"ဟဲ့ တစ်ခါတည်း စာရင်းသွင်း၊ စလစ်ပေး၊ ကိုယ့်ဆီမှာလည်း စလစ်တစ်ခုထား၊ ဘောက်ချာထဲကိုလည်းဖြည့်၊ အောင်မလေး စားဖို့ဆောင်နဲ့ ကောင်တာဆိုတာ မတည့်အတူနေရတဲ့ လင်မယားလိုပဲ တစ်ယောက်အလံစ် တစ်ယောက်ချောင်းနေကြတာ ကိုယ့်ဖက်က ဖိထားနိုင်မှ"



www.burmeseclassic.com

www.burmeseclassic.com



"မမမိမာက မိုးလင်းမိုးချုပ် ဆိုင်နဲ့ပတ်သက်သမျှ အားလုံး လုပ်နိုင်တယ်နော်"

အတူအလုပ်လုပ်သူမေမိုးက မမမိမာကို အားကျဟန်နှင့် ပြောသည်။

"တုတ်ပ၊ ဟုတ်ပ၊ ဈေးဝယ်တော့လည်း စာရင်းစာရွက်နဲ့ လိုက်ရလား လိုက်ရရဲ့၊ အသားဘယ်လောက် အသီးအရွက် ဘယ် လောက်ဆို ဟင်းပွဲက ဘယ်လောက်ထွက်ရမယ်ဆိုတာလည်း တွက် ရရဲ့၊ တစ်နေ့တာ ဘယ်လောက်ရောင်းရမလဲ ချင့်ချိန်ဝယ်ရတာလည်း မမမိမာပဲ၊ စာရင်းဇယားဆိုလည်း လာထား၊ ထောင့်စေ့နေအောင် လုပ်တတ်တယ်၊ မမမိမာခေါင်းထဲမှာ ကွန်ပျူတာများ ရှိနေလားဟင်"

မေမိုး၏စကားကို စန္ဒီတလည်း ထောက်ခံ၏။

"အလုပ်က သင်သွားတာပါဟယ်၊ ငါက ဒီအလုပ်မှာ ကြာခဲ့ပြီပဲ၊ ကျောင်းပြီးလို့ ဂုဏ်ထူးတန်းအတွက် ပြင်ဆင်နေတုန်း မှာပဲ အမေက ကောက်ခါငင်ခါ ဆုံးသွားတယ်လေ၊ ငါ့မှာ ဉာဏ် ရည်မမီတဲ့ မောင်လေးတစ်ယောက်နဲ့ နှစ်ယောက်တည်း ကျန်ခဲ့ တယ်၊ ကျောင်းကိုလည်း ဆုံးခန်းတိုင်အောင် တက်ချင်တယ်၊ ဒါနဲ့ မောင်လေးကို ထိန်းကျောင်းဖို့ နယ်က ဝမ်းကွဲအဒေါ် တစ်ယောက် ကိုခေါ်ပြီး ဒီအလုပ်ထဲကို တန်းပြီးဝင်ခဲ့ရတာ"

"မမက ဂုဏ်ထူးတန်းအောင်ခဲ့တယ်နော်၊ မမပညာအရည် အချင်းနဲ့ဆို ဒီထက်ကောင်းတဲ့ တခြားအလုပ်တွေ ရနိုင်တာပဲ"

"ကျောင်းပြီးတော့လဲ ငါ့မှာ ဒီထက်ကောင်းတဲ့ အလုပ်တွေ ရနိုင်မှန်းသိပါရဲ့၊ ဒါပေမယ့် စားဝတ်နေရေးက အရင်လေ၊ ကိုယ်က အငတ်ခံပြီး အလုပ်ရှာနိုင်ရင်တောင် ဘာမှမသိတဲ့ မောင်လေးက ရှိသေးတယ်၊ ဒီအလုပ်ကနားပြီး တစ်ပတ်ဆယ်ရက်လောက် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ ဒီဆိုင်မှာ
မန်နေဂျာယောင်ယောင်
ကောင်တာယောင်ယောင်
စာရင်းကိုင်ယောင်ယောင်
ပြာတာယောင်ယောင်နဲ့
ဒီဆိုင်ရဲ့မန်နေဂျင်း
ပြာတာဘဝနဲ့

ရှာဖို့ဆိုတာ ငါ့မှာ စိတ်နဲ့တောင် လုပ်လို့မရဘူး၊ ဒီလိုနဲ့ပဲ ဒီဆိုင်မှာ မန်နေဂျာယောင်ယောင် ကောင်တာယောင်ယောင် စာရင်းကိုင် ယောင်ယောင် ပြာတာယောင်ယောင်နဲ့ ဒီဆိုင်ရဲ့ မန်နေဂျင်းပြာတာ ဘဝနဲ့ တဖြည်းဖြည်း အသက်ပဲ ကြီးလာရတော့တာပဲ"

"မမမိမာက အသက်မကြီးသေးပါဘူး"

"ညြော် သုံးဆယ်ဆိုတာ မိန်းမတစ်ယောက်အတွက် တော်တော်ကြီးပြီလို့ ပြောလို့ရတာပေါ့"

မမိုးက ဆိုင်နောက်ဖက်သို့ ခိုးကြောင်ခိုးဝှက်ကြည့်ရင်း လေသံတိုးတိုးနှင့်

"မမမိမာကလည်း ဆိုင်ရှင်ဦးမျိုးလွင်ကြီးက မမမိမာကို ကျနေတာပဲ၊ မန်နေဂျင်းပြာတာဘဝက ဆိုင်ရှင်တက်လုပ်ပြီး ဒီ လူကြီးကို ပြန်ခိုင်းစားပစ်ပါလား၊ ဟီးဟီး"

ခိုး၍ကြိတ်ရယ်ကြ၏။ မမမိမာက ခေါင်းတခါခါ လက်တခါခါနှင့်

"အောင်မလေး အဲဒီလိုလူမျိုးကြီးနဲ့က တော်ပါတော့တော်



www.burmeseclassic.com

www.burmeseclassic.com



ပါတော့ အလုပ်သမားလုပ်ပြီး ကိုယ့်ထမင်းပဲကိုယ်စားပါတော့မယ်၊ သူ့သူမိလို့ကတော့ တစ်သက်လုံး စော်ကားလိုက်မယ့်အမျိုး၊ သူ့အလုပ်သမားဆိုပြီးတော့လေ"

အားလုံးကြိတ်၍ ရယ်ကြ၏။ မေမိုးတို့စန္ဒီတို့က သူတို့ထက် အသက်အရွယ်ရော လုပ်သက်အရည်အချင်းပါ ကြီးသည့် မမမိမာတို လေးစားအားကျကြသည်။ ဆိုးတိုင်ပင်ကောင်းတိုင်ပင်များမို့ ပို၍ သံယောဇဉ်ရှိကြတာလည်း ဖြစ်နိုင်ပါသည်။ ဘီယာဆိုင်ဆိုတာ တလည်း ဘယ်ကြည့်ကြည့် လုံးပြည့်ကျပ်ပြည့်ယောကျ်ားများချည်းမို့ မိန်းမချင်း ပို၍ဖေးမကြရသည်။ ဘဝအတွက်မို့လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com





"ဟော ဖြိုးမောင်မောင်ပါလား၊ ထိုင်ဦး"

ဖြိုး ကိုလွမ်းတို့ကုမ္ပဏီသို့ ငွေထုပ်နှင့် ရောက်လာသည်။ အဆင်သင့်ပင် ကိုလွမ်းရော၊ ကိုမျိုးပါ ရှိနေ၏။

ကိုမျိုးက ခရီးဦးကြိုပြုသည်။ ဖြိုးက ခုံတွင်ဝင်ထိုင်ရင်း

"ကဲ ကိုလွမ်းရေ၊ ကျွန်တော်တော့ ကျွန်တော့်သဘောနဲ့ပဲ ဆုံးဖြတ်ခဲ့ပြီဗျာ၊ ကျွန်တော်တို့ကုမ္ပဏီကထုတ်တဲ့ ပစ္စည်းတွေ နိုင်ငံခြားကုမ္ပဏီတွေက ထုတ်ပြီး ကျွန်တော်တို့ တစ်ဦးတည်း ကိုယ်စားလှယ် ယူထားတဲ့ပစ္စည်းတွေကို ဇာတ်ကားထဲမှာ ထည့်ရိုက်ပြီး ကြော်ငြာမယ်ဗျာ၊ ဇာတ်ကားကောင်းဖို့ကိုတော့ ကိုလွမ်းတို့ဘက်က



www.burmeseclassic.com

တာဝန်ယူရမယ်"

"ဇာတ်ကောင်းဖို့ကတော့ ဘာမှမပူနဲ့၊ ကိုမျိုးမြန်မာ တစ်ယောက်လုံး ရှိနေတာပဲဟာ"

ကိုမျိုးက အာမခံ၏။

"ပရိသတ်အကြိုက်ဆုံးဖြစ်မယ့်ဇာတ် ဖြစ်စေရမယ်ဗျာ၊ ဒါနဲ့ ကိုဖြိုးမောင်မောင်တို့ ကြော်ငြာချင်တဲ့ပစ္စည်းတွေက"

"ဒီမှာ ကတ်တလောက်ပါတယ်၊ ပစ္စည်းတွေလည်း ကားပေါ်မှာပါတယ်၊ ပြီးတော့ ယူကြတာပေါ့"

"ဇာတ်ကားလည်း ပေါက်ရမယ်ဗျာ၊ ကိုဖြိုးတို့ရဲ့ ပစ္စည်းတွေကိုလည်း လူတွေ စွဲကျန်ရစ်အောင်ပြမယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်ရမှာပေါ့ဗျာ"

ကိုလွမ်း၏စကားက ဖြိုးကို အားဖြစ်စေသည်။ ကိုမျိုးကလည်း

"သားရွှေအိုးထမ်းလာတာကို မြင်ရကိန်းဆိုက်သလိုမျိုးပေါ့"

"အကောင်းဆုံးဖြစ်ရပါစေ့မယ်လို့ ကတိပေးပါတယ်ဗျာ၊ အဲဒီထက်ပိုပြီး ရွှေအိုးထမ်းလာတဲ့သားကို မယားငယ်က လက်တွဲပြီး လိုက်ပို့တာကိုမြင်ရတဲ့ ကိန်းဆိုက်အောင် ကြိုးစားကြတာပေါ့ဗျာ"

ကိုလွမ်း၏ပြက်လုံးကို အင်နှင့်အားနှင့် ရယ်မောမိကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# တချက်ကော်နှင့်ကြွက်တယ်



ဦးတက်ဖြိုး ကုမ္ပဏီရုံးခန်းအတွင်း အလုပ်လုပ်နေစဉ် ကိုတင့်နိုင်က အရေးတကြီးဝင်လာရင်း

"ဥက္ကဋ္ဌကြီး လုပ်ပါဦးဗျာ၊ ဒုက္ခတွေတော့ ရောက်ကုန်ပြီနဲ့တူတယ်ဗျာ"

ဦးတက်ဖြိုးက မျက်မှောင်ကြုတ်ကြည့်ရင်း မေး၏။

"ဘာဖြစ်လို့တုန်းဗျ"

"ဒီနှစ် ဖြိုးလုပ်ငန်းစုရဲ့ ကြော်ငြာကိစ္စတွေအားလုံးအတွက် ဖယ်ထားတဲ့ ဘတ်ဂျက်သိန်းတစ်ထောင်ကို ဖြိုးမောင်မောင်က သူ့သဘောနဲ့သူ ငွေစာရင်းကနေ ထုတ်ယူသွားတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



**ကုမ္ပဏီထဲမှာလည်း**
**အစည်းအဝေးနဲ့ထဲမှာ**
**လူကြီးပိုင်းလူတွေကို**
**မထီမဲ့မြင် ပြောတယ်**
**ရှေ့ဖြစ်တယ် ခု ငွေ**
**သိန်း (၁၀၀၀) ကို**
**ကိုယ့်သဘောနဲ့ ကိုယ်**
**ထုတ်ယူပြီး**

"ဟေ"

နှလုံးရောဂါသမားမို့ ဦးတက်ဖြိုး မူးမိုက်လဲကျမတတ် ဖြစ်သွားသည်။ ကိုတင့်နိုင်က ဦးတက်ဖြိုးကို လှမ်းထိန်းရင်း ဆုံလည်ဆိုဖာပေါ် သို့ အလိုက်သင့်တင်ပေးရ၏။ ကုမ္ပဏီဝန်ထမ်းများ သူတို့သူဌေးအတွက် အလုပ်ရှုပ်ကုန်ကြသည်။ ဦးတက်ဖြိုးကို ကုမ္ပဏီ ဝန်ထမ်းများက ပြုစုနေကြစဉ် ဖြိုး ပြန်ရောက်လာသည်။ ဦးတက် ဖြိုးက ဆုံလည်ခုံကို နောက်မှီလှဲနေရာက ဖြိုးကို နွမ်းယဲ့ယဲ့အသံနှင့် မေးသည်။

"ဖြိုးမောင်မောင် မင်း ဘယ်လိုလုပ်တာလဲ ဟင်၊ ငွေသိန်း တစ်ထောင်ကို မင်းသဘောနဲ့မင်း ထုတ်သွားတယ် ဟုတ်လား"

"ဟုတ်တယ်လေ ဖေဖေ၊ ကျွန်တော် လုပ်ငန်းတိုးတက်ရေး အတွက် ကြော်ငြာဖို့ ရင်းနှီးမြှုပ်နှံလိုက်တာ"

"ဒါ ကုမ္ပဏီကွ၊ ဒီမှာ လူကြီးပိုင်း အဖွဲ့အစည်းရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်နှစ်ခါ အစည်းအဝေးလုပ်ပြီး ဆုံးဖြတ်ချက်ချရတယ်၊ ဒါကို မင်းက ဘောင်ကျော်ပြီး မင်းသဘောနဲ့မင်း လုပ်ပစ်တယ်၊ ဒါ ဖောင်း တာပဲကွ၊ ငွေကျတော့လည်း ရေလိုသုံးချင်တယ်"

"ကိုယ်ရေးကိုယ်တာ အသုံးစရိတ်တော့ ရှိမှာပေါ့ ဖေဖေ ရယ်"

"ကိုယ်ရေးကိုယ်တာ အသုံးစရိတ် ဟုတ်လား၊ ဒီကုမ္ပဏီ ကြီး ဖြစ်လာအောင် ငါ့ရဲ့ ဟောဒီလက်ဗလာနှစ်ဖက်နဲ့ ရုန်းခဲ့ရတာ ကွ၊ ငါ စည်းစနစ်တကျ နေထိုင်လုပ်ကိုင်ခဲ့လို့ ဒီကုမ္ပဏီ ဒီလို သက် တမ်းရှည်ပြီး ကြီးပွားလာတာ၊ မင့်ကျမှ သောက်တလွဲအလုပ်တွေနဲ့ ငွေကို သောက်သောက်လဲသုံးတယ်၊ ပြီးခဲ့တဲ့လကလည်း ဘန်ကောက် က ဦးလေးဦးဖြိုးထိန်ဆီ သွားလည်ပြီး သူတို့ကားကို ဖျောက်ပစ် လိုက်တယ်၊ ငါ့ကို ငိုကြီးချက်မနဲ့တိုင်လို့ ဖြိုးထိန်မိန်းမကို မနည်း တောင်းပန်လိုက်ရတယ်"

"ဖေဖေကလည်း သူတို့ဆီမှာက ဒီလိုပဲ ခဏခဏ ပျောက် နေကြတာပဲ"

ဖြိုးမောင်မောင်၏ အထွန့်တက်စကားက ဦးတက်ဖြိုး၏ ဒေါသကို ပို၍ပေါက်ကွဲစေသည်။

"မင်းဂရုစိုက်ရင် ပျောက်မလားကွ၊ စက်ာပူသွားတော့လဲ အစ်မဆီက ဒေါ်လာတစ်ထောင် ချေးလာတယ်၊ ကုမ္ပဏီထဲမှာ လည်း အစည်းအဝေးခန်းထဲမှာ လူကြီးပိုင်းလူတွေကို မထီမဲ့မြင် ပြောတယ်၊ ရန်ဖြစ်တယ်၊ ခု ငွေသိန်း (၁၀၀၀)ကို ကိုယ့်သဘောနဲ့ ကိုယ် ထုတ်ယူပြီး ကိုယ်လုပ်ချင်ရာကို လုပ်တယ်၊ ဒီမှာဖြိုးမောင် မောင် မင်းရဲ့လုပ်ရပ်တွေက ကုမ္ပဏီရဲ့ ဒုတိယဥက္ကဋ္ဌရာထူးနဲ့ လည်း မကိုက်ဘူး၊ ဖြိုးလုပ်ငန်းစုရဲ့ ဥက္ကဋ္ဌသားဆိုတဲ့ ဂုဏ်ပုဒ်နဲ့လဲ

www.burmeseclassic.com



ညည်းဘူး' တဲ့ မင်းထွက်သွားတော့၊ နောက်ပိုင်း ဘာအကူအညီမှ ငါ့ဆီက လာမတောင်းနဲ့'

"သားရဲ့လုပ်ရပ်ဟာ မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့လုပ်ခဲ့တယ် ဆိုတာ ဖေဖေ မကြာခင် သိရမှာပါ"

"မင်း မှန့်မမှန်တ နောက်၊ ခု မင်းရှိနေတာ ငါ့အသက် တိုတိုတက်လာတယ်၊ သွားကွာ၊ သွားတော့၊ ငါ့ သားဆိုတာကိုပါ မေ့ပြီးသွားတော့"

ဖြိုးက စိတ်မကောင်းစွာနှင့် ထွက်ခဲ့ရသည်။ တစ်နေ့ နေ့မှာ အဖေ သားရဲ့လုပ်ရပ်နဲ့ သားရဲ့အရည်အချင်းကို နားလည် လာမှာပါ။ ခုတော့. .

* * *



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ကတည်းက ချိန်းချက်ထားကြသည့်အတိုင်း ကေတီဗီစားသောက်ဆိုင်တွင် ကိုလွမ်း၊ ကိုမျိုးနှင့် ဖြိုးတို့ လုပ်ငန်းစတင်ခြင်း အထိမ်းအမှတ်နှင့် သောက်စားမြူးတူးနေကြသည်။

"ကဲ ငါတို့ရဲ့ အဆင့်မြင့် ဇာတ်ကားကြီး ပန္နက်ရိုက်တဲ့အနေနဲ့ ဒီနေ့ညတော့ အသားကုန်ကဲမယ်"

ကိုလွမ်းတို့က အနုပညာသမားများမို့ လွတ်ပျော်တတ်သည်။ မိန်းမနံ့ရသည်နှင့် အူကတ,မြူးနေပြီ၊ ကိုမျိုးကလည်း နှစ်ခါညှိစရာကိုမလို။ တစ်ခါတည်းနှင့်ပင် ကပ်ပါနေ၏။

"အပြတ်ဆွဲမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဆင့်မြင့်ဇာတ်ကား အောင်ပွဲအကြိုကွ၊ ဝေး."

တေတီဗီဖွင့်၍ သီချင်းများကို တွေ့ကရာ စာသားများနှင့် ဆိုနေကြသည်။

"အခု ဘွန်တော်ဆိုမယ့် သီချင်းက ဦးဖြိုးထိန်မိန်းမ ဆိုတဲ့ ထိုင်းနိုင်ငံရောက် ဘွန်တော့်အန်တီကို ဂုဏ်ပြုတဲ့သီချင်းပါ၊ သဘောတျရင် လက်ခုပ်တလေးများ အားပါးတရ ချီးမြှင့်ပေးကြပါ"

"ဝေး ဝါး"နှင့် ထ၍မြှောက်ပေးကြသည်။ တီးလုံးတွင် ခါးကို ညက်အောင်လှည့်၍ တနေရာက အဆိုပိုဒ်အရောက်မှာ အလိုက်သင့်ဝင်ဆို၏။

*သတ္တဝါတွေကို မသေသေအောင်*
*သတ်ဖြတ်စားတဲ့ ချစ်သူကိုကြီးဖြိုးထိန်ရေ၊*
*ကိုဖြိုးထိန်လုပ်တဲ့ အပြစ်ကြောင့် ငရဲခံတာ မဆန်းပေ၊*
*ကြမ်းတမ်းပြီး အတ္တကြီးတဲ့ တစ်ဘဝစံလင်ရဲ့*
*ကြမ်းတမ်းစွာ နှိပ်ကွပ်ပွဲမှာ*
*မောင့်မျက်နှာ တစ်ရွာထင်ပြီး ခေါင်းညိတ်ခဲ့တာ အမှန်ပေ၊*
*သတ္တဝါသတ်တဲ့အမှုဟာ ငရဲအိုးမှာ ချီးကပ်မှာ*
*ပြောကြလေသောခဏမှာ*
*လွတ်မြောက်ရာပြေးခဲ့ ဘန်ကောက်ကို*

ဖြိုးက အကဲပိုလှကာ အဖေ့ကို တိုင်ခဲ့သော ဦးဖြိုးထိန်မိန်းမကိုလည်း စိတ်နာလက်စရှိနေသည်မို့ ဦးဖြိုးထိန်မိန်းမကို ဒသလိုမိန်းမ သီချင်းထဲတွင် ရအောင်ထည့်၍ဆိုသည်။ ကိုလွမ်းနှင့် ကိုမျိုးတို့ကလည်း အနောက်က ဟေးလားဝါးလားနှင့် ဟာမိုနီရော ဟာမိုပြာရော ဟာမိုသက်တံ့ရောင်တွေပါ ပါးဖြန့်နားဖြန့်နှင့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြ၏။ ကဲ သီချင်းကို နားထောင်ပါဦး။

*အစားတစ်လုပ်အတွက် ဘယ်လောက်ပင်သေသေ*
*ဦးဖြိုးကြီးရဲ့နှိပ်ကွပ်ပွဲမှာလေ၊*
*ဘယ်သူသေသေ ငတေမာအောင် လုပ်ခဲ့တာဟာ*
*အထင်အရှားပေ၊ ပြော်. . ခုချိန်မှာလေ ငရဲလမ်း*
*သွားမယ့် ဖိတ်စာလေးတွေဝေ၊*
*ထိပ်ဆုံးတန်းက စာရင်းပါနေပြီ၊ ကိုကြီးဖြိုးရေ၊*

*ဒါဆိုလည်း သူသတ်ဇာတ်ကောင်မဟုတ်ပေမယ့်*
*ဒီပွဲမှာ ခေါင်းညိတ်မိတဲ့သူက ဦးဖြိုးထိန်မိန်းမ၊*
*ဦးဖြိုးထိန်မိန်းမ*
*ခေါင်းညိတ်မှုနဲ့ ငရဲကျရပြီ၊*
*ဇာတ်သိမ်းမလှ ဦးဖြိုးထိန်မိန်းမ"*

အပျော်လွန်နေသော လူကြီးများကို ကေတီဗီသမကောင်မလေးများကလည်း ပို၍သွေးကြွအောင် သကြီးန်ပန်းကုံးများစွပ်၍ အရှူးဘုံမြှောက်နေကြ၏။

*"ဒါဆိုလည်း သူသတ်ဇာတ်ကောင်မဟုတ်ပေမယ့်*
*ဒီပွဲမှာ ခေါင်းညိတ်မိတဲ့လူက"*

ဦးတက်ဖြိုး ကုမ္ပဏီမှအပြန် ဖြိုးကားကို ကေတီဗီစားသောက်ဆိုင်ရှေ့တွင် ရပ်ထားသည်ကို တွေ့သဖြင့် ဒဲ့ဩသွား၏။ ဆိုင်တွင်း ဝင်စုံစမ်းတော့ နာမည်ကျော် စီးပွားရေး လုပ်ငန်းရှင်များမို့ လွယ်လွယ်နှင့်ပင် အခန်းကို သိရသည်။



www.burmeseclassic.com

www.burmeseclassic.com

## အဝေးစခန်း

"မေမေ ဒါက
သားတို့ကြော်ငြာလုပ်ငန်းရဲ့
အောင်ပွဲအကြိုမိုးပုံ
ရှင်မှုအကာကြွအောင်
အသည်တစ်မျိုးကို
မြင်ရင်"

စိတ်လွတ်လက်လွတ်နှင့် အပျော်လွန်နေစဉ် အခန်းတံခါး ဖွင့်ကာ ဝင်ရောက်လာသော ဖခင်ဦးတက်ဖြိုးကို မြင်ရသဖြင့် ဖြိုးတို့အဖွဲ့ အံ့အားသင့်ကာ ကြောင်တြည့်နေမိကြ၏။

*ဦးဖြိုးထိန် မိန်းမ၊ ဦးဖြိုးထိန်မိန်းမ*
*ခေါင်းညိတ်မှုနဲ့ ငရဲကျရပြီ၊ ဇာတ်သိမ်းမလှ၊*
*ဦးဖြိုးထိန်မိန်းမ မ. . မ. . မ*

"ဟင် ဦးတက်ဖြိုး အဲလေ၊ ဖေဖေ"

စက်ကို ပိတ်ပြီး ဖြိုးတို့ အပျော်ရှိန်ကို မနည်းသတ်ကြရ၏။

"ငါမောင်းချလိုက်လို့ ငါ့သားလေးစိတ်ဓာတ်များကျသွားမလား၊ အကျင့်တွေများ ပြင်သွားမလားမှတ်တယ်၊ မင်းက ခွေးမြီးကောက်ကျည်တောက်စွပ်ပဲကိုးကွ၊ ဒါလား ဖြိုးလုပ်ငန်းစုရဲ့ ပုပ်ငန်းအားလုံးကို အမွေဆက်ခံမယ့်သူ၊ ဒါလား လုပ်ငန်းကြီးတွေကို တစ်ကိုယ်တည်း ဆုံးဖြတ်မယ့်လူ"

"ဖေဖေ ဒါက သားတို့ကြော်ငြာလုပ်ငန်းရဲ့ အောင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

အကြိုမို့လို့ ရွှင်မြူးတက်ကြွစေတဲ့ အရည်တစ်မျိုးကိုမှီဝဲရင်း"

"တော်စမ်းကွာ၊ ဒီလိုမင်္ဂလာမရှိတဲ့နေရာမှာ မင်္ဂလာမရှိတဲ့ ဟာတွေနဲ့ အောင်ပွဲခံနေတဲ့ မင်းတို့လုပ်ငန်းကလည်း ဘာမင်္ဂလာမှ ရှိလာစရာ အကြောင်းမမြင်ဘူး၊ ပေး မင်းရဲ့ ပိုက်ဆံအိတ်"

အဖေက ဖြိုး၏အိတ်ကို လှမ်းနှိုက်၏။

"ဘာ ဘာလုပ်ဖို့လဲ ဖေဖေ"

"ပေး ဖုန်းရော ကားသော့ရော၊ ဒါတွေအားလုံးကို ငါ့ ပိုက်ဆံနဲ့ဝယ်ထားတာ၊ ခု မင်းကို အိမ်က,မောင်းချလိုက်ပြီ၊ အိမ်ကိုလည်း မလာနဲ့၊ ကုမ္ပဏီကိုလည်း မလာနဲ့၊ မင်းမှာရှိတဲ့ သိန်းတစ်ထောင်ကို မင်းသဘောအတိုင်း သုံးလို့ရတယ်၊ မင်းဟာ ငါတို့ မိသားစုနဲ့ ထိုက်တန်ပါတယ်ဆိုတဲ့ သက်သေမပြနိုင်မချင်း ငါနဲ့ လာမပတ်သက်နဲ့တော့"

ဦးတက်ဖြိုးက ပစ္စည်းများသိမ်းပြီး ပြန်ထွက်သွား၏။

"ဖေဖေ ဖေဖေ"

ဖြိုးက အဖေ့ထံ ပြေးလိုက်သွားကာ အဖေ့လက်ကို ဆွဲထား၏။ အဖေက ဖြိုး၏လက်ကို ပုတ်ချကာ

"ဟော့ကောင် ငါ့လာမကိုင်နဲ့၊ ဒီဆိုင်ရှင်က ခင်ဗျားလား"

ဖြိုးနှင့်အဖေတို့အနီး ရှိနေသူက

"ဟုတ်ပါတယ်ခင်ဗျာ"

"အေး ဒါဆို ဒီဖြိုးမောင်မောင်ရဲ့ ကိစ္စတွေကို ကျုပ် တာဝန်မယူတော့ဘူး၊ ဒီတော့ ခင်ဗျားအနေနဲ့ သူ့ကို အကြွေး မရောင်းပါနဲ့"

ဦးတက်ဖြိုးက ပြောချင်ရာပြောပြီးသည်နှင့် ဘောက် ဆတ်ဘောက်ဆတ်နှင့် ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဖေဖေ"

ဖြိုးသာ အော်ရင်း ကျန်ရစ်ခဲ့သည်။ ကိုလွှမ်းတို့လည်း ထွက်လာပြီး စိတ်မကောင်းစွာနှင့် ဖြိုးပခုံးကို ညှစ်၍ နှစ်သိမ့်ကာ ထွက်သွားကြ၏။ အောင်ပွဲက ကိုးရိုးကားရားနှင့်ပင် အဆုံးသတ်ပြီထင့်။ ဖြိုးက ခုမှ ရုတ်တရက် သတိရကာ

"ဟာ ဟော့လူတွေ အရက်ဖိုး ရှင်းသွားဦးဗျ"

ကိုလွှမ်းတို့ လက်သာထောင်ပြသွားကြသည်။

"ဒုက္ခပါပဲ၊ အဖေကလည်းရူးများရူးသွားပြီလား မသိဘူး၊ ဒီငွေလေးသိန်းတစ်ထောင် ယူတာကို ရေးကြီးခွင်ကျယ်လုပ်ပြီး ကားတွေရော ဖုန်းတွေရော သိမ်းသွားတယ်၊ ငါ တစ်ရက်နှစ်ရက် စိတ်ဆိုးပြလို့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်မှာ မြင်ယောင်သေးဟင်း"

ဖြိုးက သကြိန်အမြှောက် လုပ်နေသေး၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဦးတက်ဖြိုး အိမ်ပြန်ရောက်တော့ ဒေါ်နီလာညွန့်က ပြေးကြို၍ အပေါ်အင်္ကျီချွတ်ပေးကာ လက်ကိုင်အိတ်ကိုလှမ်းယူပြီး ရိုရိုသေသေ နေရာပေးသည်။ ဦးတက်ဖြိုးက ဧည့်ခန်းထဲရှိ ကိုယ်လုံးမြုပ်လောက်အောင် အိစက်သောဆိုဖာဆက်တီတွင် ဝင်ထိုင်၍

"နီလာညွန့် မင်းသား. . မင်းသား မဟုတ်တော့ဘူးကွာ"

"ရှင် ကျွန်မသားက ကျွန်မသား မဟုတ်တော့ဘူး ဟုတ်လားဟင်၊ ထင်တော့ထင်တယ်၊ ကျွန်မမေးမလို့ မေးမလို့နဲ့ ကျွန်မဒီကလေးမွေးပြီးကတည်းက ရုပ်ကို သေသေချာချာကြည့်တယ်၊ ဒီကလေး ကျွန်မနဲ့မတူဘဲ ရှင့်အရင်ရည်းစားအပုနဲ့ တူနေတယ်



www.burmeseclassic.com

www.burmeseclassic.com



"အေးအဲဒါအပုသား
အာဒီမိန်းမ
နှင့်ဖင်ထဲက ထွက်တာ
အပုသား ဖြစ်မလားဟဲ့
ဒီကောင်မဟုတ်တော့ဘူးဆိုတာ
အလုပ်ထဲမှာပြောတာ"

လို့"

"အေး အဲဒါ အပုသား၊ အာ ဒီမိန်းမ နင့်ဖင်ထဲက ထွက်တာ အပုသား ဖြစ်မလားဟဲ့၊ ဒီကောင်မဟုတ်တော့ဘူးဆိုတာ အလုပ်ထဲမှာပြောတာ"

"ဘာ ဘာဖြစ်လို့လဲ ဖေကြီး"

ဒေါ်နီလာညွန့်က အိမ်ဦးနတ်ကြီးဘေးတွင် ဝင်ထိုင်၍ ရေအေးအေးလေးကို ငှဲ့ပေးရင်းမေး၏။

"ဘာဖြစ်တယ်လို့ နာမည်တပ်ဖို့ကို တော်တော်ခက်တယ်၊ ဖြစ်တာကတော့ ဘက်စုံပဲ"

"မထိတ်သာမလန့်သာနဲ့ရှင်"

"ပြီးခဲ့တဲ့လကပဲ ဘန်ကောက်သွားလည်တယ်၊ ဟိုမှာ သူ့ဦးလေးဖြိုးထိန်ရဲ့ ကားငှားမောင်းပြီး ဟိုတယ်ရှေ့မှာ သော့တန်းလန်းနဲ့ ရပ်ထားလို့ ကားပျောက်သွားတယ်"

ဦးတက်ဖြိုးက အမောပြေရေသောက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ခါတိုင်းလဲ ပျောက်နေကျပဲ ဖေကြီးရယ်"

ဦးတက်ဖြိုး ရေခွက်ကို ဆောင့်ချရင်း

"အဲဒါပြောတာပေါ့၊ တစ်ခါပျောက်ရင် သတိထားတော့ပေါ့၊ ပြီးတော့ စက်ဘီးပူကို အလုပ်နဲ့ခိုင်းလိုက်တယ်၊ ဒီကနေ ငွေ အလုံအလောက် ထည့်ပေးလိုက်တယ်၊ အဲဒါကို မလောက်ဘူး၊ သူ့အစ်မဝမ်းကွဲဆီက ဒေါ်လာတစ်ထောင် အကြွေးတင်လာတယ်၊ နှမှာလည်း မန်နေဂျာချုပ်တင့်နိုင်နဲ့ ရန်ဖြစ်တယ်၊ ထိုးမလို ကြိတ်မလိုတွေလုပ်တယ်၊ ကဲ လူကြီးလူကောင်းလုပ်မယ့်လူက ဒီလို ကလေ တချေစရိုက်နဲ့ နေလို့ရမလား၊ ခုရောကြည့် ဖြိုးလုပ်ငန်းစုရဲ့ တစ်နှစ်စာကြော်ငြာစရိတ် သိန်းတစ်ထောင်ကို သူ့ သဘောနဲ့သူ ထုတ်သုံးသွားတယ်"

"သူ့မှာလဲ အကြံတစ်ခုခု ရှိလို့နေမှာပေါ့ ဖေကြီးရယ်"

"ကုမ္ပဏီလုပ်ငန်းဆိုတာ ဒီလိုကိုယ့်သဘောနဲ့ကိုယ် လုပ်လို့မရဘူးလေ၊ ဒါနဲ့ ပြောပြတော့ ဂျစ်ကန်ကန်လုပ်နေတယ်၊ ဒါနဲ့ ငါလည်း အမြင်ကတ်ပြီး မောင်းထုတ်လိုက်တယ်"

"ဟယ် မောင်းထုတ်လိုက်တယ်၊ ရက်စက်လိုက်တာ ဖေကြီးရယ်"

"အောင်မာ မင်းကသာ ရက်စက်နေ၊ ငါ ရုံးက ပြန်လာတော့ ဒီကောင်လေး နည်းနည်းတော့ အပိုးကျိုးသွားပြီမှတ်နေတာ၊ ဘယ်မှာတွေ့တယ်မှတ်လဲ၊ ကေတီဗီဆိုင်မှာ သူ့သူငယ်ချင်းတွေနဲ့ မူးရူးသောင်းကျန်းနေကြတယ်၊ မရဘူး၊ မရတော့ဘူး၊ ဒီကောင့်ကို နှစ်လလောက် ဒဏ်ပေးရမယ်၊ ဒါမှ ဒီကောင် ဘဝတန်ဖိုးကို နားလည်လာမှာ၊ ခုတော့ သူဌေးသားဆိုပြီး ငွေကို ထင်တိုင်းသုံး၊ ပစ္စည်းတန်ဖိုး ငွေတန်ဖိုး လူရဲ့တန်ဖိုး ကိုယ်ကိုယ်တိုင်ရဲ့

www.burmeseclassic.com



တန့်ဖိုး ဘာမှတို နားမလည်ဘူး"

အဖေနှင့်အမေက ဖြိုးအကြောင်းကို ပြောနေကြစဉ် ဖုန်းသံမြည်လာသည်။ အမေကိုင်သောဖုန်းကို အဖေက လှမ်းယူလိုက်ပြီး ဖုန်းကိုခွပ်ခနဲ ပတ်လက်ချကာ

"တော့တောင်ဖြိုးမောင်မောင် တော်ပြီ၊ မင်း ဘာစကားမှ မပြောနဲ့၊ နောင်ကို ဖုန်းလည်းမဆက်နဲ့၊ မင်းဘဝကို ငါ လေးစားအောင်ရပ်ပြ၊ ဒါပဲလိုချင်တယ်၊ ဒါပဲ"

အမေကတော့ အမေမို့လား။ သားအတွက် စိုးရိမ်မိကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လို့ပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညစဉ်လုပ်နေကျအလုပ်မို့ မမမိမာ မမောနိုင်ပါ။ ဒီနေ့ညတော့ လစာထုတ်ရက်မို့ ဝန်ထမ်းလစာ စာရင်းတွေ ရှင်းနေရသည်နှင့် ပို၍ပင် နောက်ကျနေပေသေးသည်။ မေမိုးနှင့်စန္ဒီတို့ကတော့ လစာရပြီးသည်နှင့် မမမိမာကို မစောင့်နိုင်ကြတော့။ သူတို့လည်း သူတို့အပူများရှင်းရန် စောစီးစွာပြန်သွားကြပြီ။

မမမိမာသာ ငွေစာရင်းများကို ဦးမိုးလွင်အား လက်စသတ်ရှင်းပေးနေရသည်။ ဒါပြီးလျှင် ဒီညအဖို့ ပြန်နားလို့ရပြီမို့ပင်ပန်းသော်လည်း အားခဲပြီး လုပ်နေရသည်။

မမမိမာက သူ့အပူနှင့်သူ ခေါင်းယားလို့ပင် မကုတ်အား။ စာရင်းများကိုသာ အားထည့်လုပ်နေရသည်။ သူ့မအားစောင့်ကြည့်နေသူများ ရှိနေသည်ကိုပင် သတိမထားမိပါ။ ဆိုင်၏ထောင့်ကျကျဝိုင်းတွင်ထိုင်ကာ မမမိမာအား စားမတတ် ဝါးမတတ် စိုက်ကြည့်နေကြသော ဇိုးသမားနှစ်ဦး။

"ငါပြောပြောနေတဲ့ အကိတ်ကြီးဆိုတာ ဖဲ့ဒါကြီးပေါ့"

ခပ်စုတ်စုတ်လူတစ်ဦးက ကျန်အဖော်တစ်ဦးကို ပြောပြေ

www.burmeseclassic.com

www.burmeseclassic.com



မြပြီး တိုးတိုးပြော၏။

"အေးတွ အဆီခဲ အသားခဲကြီးပဲ၊ ဒီအတိုင်းကြီး အလွတ်တမ်း အအိုခံလိုက်ရမှာ နှမြောစရာကြီး"

"သူက ဒီလိုလတုန်ရက်ဆို လစာပေးတာနဲ့ စာရင်းရှင်းတာနဲ့ အမြဲနောက်တျနေတာကွ၊ အဲဒီအကွက်ကို ငါ ချောင်းနေတာကြာပြီ"

"သူ့အလုပ်ရှင်တောင်ကြီးမျက်လုံးကို ကြည့်စမ်း၊ လင်းတကြီး ခွေးသေမြင်သလိုပဲ ဝမ်းသာလုံးကြီးဆို့ပြီး ပြူးပြဲနေတာ"

"ဟုတ်ပ နားထင်ချွေးစို့ပြီး မျက်လုံးပြူးနေပုံက ဒီးဒုတ်ဝမ်းချုပ်လို့ ချေးညှစ်နေတဲ့အတိုင်းပဲ"

"ဒါပေမယ့် ဂွကြီးက အဲဒီထိပ်ပြောင်ကို ကျပုံမရဘူးကွ၊ ခပ်ကြမ်းကြမ်းတွေမှ ခိုက်မယ့်ပုံ"

"အခြေအနေက မှည့်သလောင်းထနေပြီ"

"မှည့်ထနေရင် ဖွဲ့ချလိုက်ကြရအောင်"

မမမိမာ အပြီးသတ်စာရင်းရှင်းပေးပြီးသည်နှင့် ထမင်းချိုင့်ကို ခြင်းတောင်းတွင်းထည့်ကာ အမြန်သုတ်ချေတင်ရလေပြီ။ အိမ်တွင်က ဘာမှမလုပ်တတ်မကိုင်တတ်၊ ကိုယ့်ထမင်းပင် ကိုယ်တိုင်ထည့်မစားတတ်သော မောင်လေးငတိုးသာ ကျန်ရစ်ခဲ့သည်လေ။

"ဟော့ ဒီမှာ ပိုက်ဆံချခဲ့ပြီနော်"

အကွက်ချောင်းနေသော လူစုတ်နှစ်ဦးက ‹ မမိမာနှင့်မလှမ်းမကမ်းမှ နောက်ယောင်ခံလိုက်ကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# တစ်ချက်ကြည့်နဲ့ကြိုက်တယ်



ဦးတက်ဖြိုးအိမ်ရှေ့သို့ ဖြိုး တက္ကစီနှင့် ရောက်လာသည်။ ဖြိုး တက္ကစီပေါ်မှဆင်းသည်နှင့် တက္ကစီသမားက မောင်းကွဲထု၏။

"ကောင်လေး တက္ကစီခ ၃၅၀၀"

"နေစမ်းပါဦးဗျာ၊ ခင်ဗျား ၃၅၀၀ မဟုတ်ဘူး၊ ငါးထောင်ပေးမယ်၊ ခု ခဏတိတ်တိတ်နေစမ်းပါ။ ဟုတ်ပြီလား"

ဖြိုးက အိမ်အခြေအနေကြည့်သည်။ ဘာအရိပ်အယောင်မှ မမြင်ရ။ အရပ်ထောက်ပြီး ချောင်းကာ

"ဖေဖေရေ သားပြန်လာပြီဗျ"

ဖေဖေကြားလျှင် ကရုဏာသက်ရအောင် ညောင်နာ



www.burmeseclassic.com

www.burmeseclassic.com



လေးခေါ်၏။

အနောက်တ မောင်းကွဲကလည်း မီးတကျိုကျိုပင်။

"တောင်လေး ငါ အချိန်မရှိဘူး၊ ကားခ ၅၀၀၀ပေးတော့"

"နေစမ်းပါဗျာ၊ ခင်ဗျားကားခ ၁၀၀၀၀ ပေးမယ်၊ ခဏ တော့စောင့်ဦး"

အိမ်တ ဘာလှုပ်ရှားမှုမှမရှိ။ အော်ရပြန်၏။

"မေမေရေ သားလေးဖြိုးမောင်မောင်ရောက်နေပြီလေ အမေရဲ့ တံခါးဖွင့်ပါဦး"

"ကောင်လေး ကောင်လေး တက္ကစီခပါဆိုနေ"

"ဟာ ဘယ်လိုဖြစ်နေတာလဲ၊ ပေးမယ်ပြောပြီးသားလေ"

ပြတင်းတံခါးပွင့်ကာ ဦးတက်ဖြိုး ခေါင်းထွက်လာ၏။

"ဖေဖေ တံခါးဖွင့်ပါဦး၊ သားရှင်းပြဦးမယ်လေ"

"ဟေ့ကောင် မင်း မရှက်ဘူးလား၊ ဒီအချိန်ကြီး မူးရူး ပြီး ရပ်ကွက်ထဲ အော်ကြီးဟစ်ကျယ်လုပ်နေတာ ဖြိုးမိသားစုမှာ မရှိ ဘူးကွ လာအော်မနေနဲ့၊ ဘယ်တော့မှ မလာနဲ့၊ ထွက်သွားတော့"

"အဖေ အဖေ သားမှာ အခုပေးရမယ့် တက္ကစီခတောင် မရှိဘူးလေ၊ ငွေနည်းနည်းပေးပါ၊ ၁၀သိန်းဆိုရပြီ၊ ၁၀သိန်းပဲ"

"ဟေ့ကောင် မင်းကို ဘာတစ်ပြားမှမပေးချင်လို့ ငါ ကိုယ်တိုင် သားအဖြစ်က ရုပ်သိမ်းခဲ့တာ မိနစ်ပိုင်းပဲ ရှိသေးတယ်၊ လက်ဝါးလာဖြန့်မနေနဲ့တော့၊ ဂိုးတော့"

"မဟုတ်သေးဘူးလေအဖေ၊ သားမှာ တက္ကစီခတောင် မရှိ ပါဘူးဆို၊ ဖေဖေ ငွေမပေးချင်ရင် ဘဏ်စာအုပ်လေး"

ဦးတက်ဖြိုးက ပြတ်သည်။ တံခါးကို ဂျိမ်းခနဲဆောင့် ပိတ်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ ဖေဖေ အမေ အမေ အမေ့ကို နှုတ်ဆက်ပါရစေ၊ မေမေ"

တံခါးပွင့်လာပြီး အမေ့လက်တစ်ဖက် ထွက်လာ၍ တာ့တာသာ ပြသွား၏။

"မေမေ သွားကို"

လက်ပျောက်သွားပြီး တံခါးဆောင့်ပိတ်သွားပြန်၏။

ကားခညှစ်တောင်းတတ်သည့် တက္ကစီသမားထဲမှာ ဒီဘိုးတော် ဝီရိယအကောင်းဆုံးပဲ ထင်သည်။ မောင်းကွဲထုပြန်၏။

"ကောင်လေး တက္ကစီခပေးတော့လေ"

"အာ ခင်ဗျားကလည်း သရဲ အမဲသားတောင်းသလို လုပ်မနေနဲ့၊ ခင်ဗျား တက္ကစီခ မရှုံးစေရဘူး၊ ပေးမယ်၊ ပေးမယ်၊ ကဲ ခုတော့ မောင်းဦး"

ဖြိုးက ကားပေါ်ပြန်တက်ရင်း အကြံထုတ်ရပြန်၏။ တက္ကစီဘိုးတော်ကသာ

"တက္ကစီခ ပေးတော့နော် ကောင်လေး"

"ဩော် မောင်းပါဆိုနေ"

"ဘယ်ကိုမောင်းရမလဲ"

"ကဲ မောင်းမောင်း ရှေ့ကိုမောင်း"

တက္ကစီဆရာက စိတ်မချမ်းသာပုံနှင့် ဖြည်းညင်းစွာ မောင်းထွက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အရွှေ့ဖော်



"အေး ဦးလေးကလည်း ဒီတက္ကစီခလေး ရပါမှ မိသားစု ထမင်းစားရမှာဆိုတော့လေ တက္ကစီခကို"

"ကဲ ခင်ဗျားကို ပြောပြီးပြီဗျာ၊ ပေးမယ်၊ ခဏတော့ မောင်း ဦး"

"ဘယ်ကိုမောင်းရမှာလဲ"

"ဘယ်ကိုမှမဟုတ်ဘူး၊ မောင်းနေဗျာ၊ ခင်ဗျားမောင်း သလောက် ပိုက်ဆံရစေရမယ်"

"ခုတောင် တစ်သောင်းဖိုး ရှိနေပြီလေ"

"ဘာဗျ မြို့ထဲကနေ အင်းလျားမြိုင်ကို တစ်သောင်းဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"ခင်ဗျားပဲ ပေးမယ်ပြောထားတယ်လေ"

ဖြိုးက စိတ်တိုတိုတိုတိနှင့်

"ကဲဗျာ စကားရှည်မနေနဲ့ တစ်သိန်းပေးမယ်၊ ရှေ့ကို သာမောင်း"

ဖြိုးမောင်မောင်က ကား၏ဒက်ရှ်ဘုတ်ပေါ်မှ ဖုန်းကို မြင်သွားသဖြင့် ဝမ်းသာသွား၏။

"ဦးလေးဖုန်းလား"

"ဟုတ်တယ်"

"ဆက်ချင်တယ်"

"တက္ကစီခပေးလေ"

"ဟာ ဒီဥစ္စာရှူးကတော့ ဖုန်း တစ်ကောနှစ်ကော ဆက်မယ်ဗျာ၊ ပြီးရင်ပေးမယ်"

"တစ်ကော တစ်ထောင်"

"ကဲ တစ်ကော တစ်သောင်းပေးမယ်ဗျာ၊ ဖုန်းပေး"

ဖြိုးက သူမှတ်မိသော သူငယ်ချင်းများ၏ ဖုန်းနံပါတ်ကို ခေါ်သည်။ ဖုန်းကမဝင်။ ကိုလွမ်းနှင့်ကိုမျိုးတို့၏ဖုန်းကို နှိပ်ပြန်၏။

"အာ အရေးထဲကျမှ ကိုလွမ်းတို့က ဆက်သွယ်ရေး ဧရိယာပြင်ပ ရောက်နေတယ်တဲ့၊ ရတယ်၊ အန်တီလေးဆီ ဆက်ရမယ်၊ ငါ့အန်တီလေးက ငါ့ဆို ချစ်ပါတယ်၊ ငါခေါင်းနဲ့ခွေ့လိုက်ရင် သိန်း ၂၀လောက်က တိန်ခနဲရောက်လာမှာ၊ ရပြီ ဖုန်းဝင်ပြီ၊ ဟယ်လို အန်တီလေးလား၊ ဘာဗျ၊ အဖေကလေ၊ ဟာ ဖုန်းချသွားပြီ၊ အဖေ ငါ့ကို သက်သက်ချောက်ချတာပဲ၊ သူနဲ့ပတ်သက်တဲ့ လူတွေက တော့ အကူအညီ တောင်းလို့ရတော့မယ် မထင်ဘူး၊ ဩော် ဖိုး



www.burmeseclassic.com

www.burmeseclassic.com



လင်းရှိတာပဲ၊ ဒီကောင့်ကိုညှစ်ရမယ်၊ ဒီကောင်က အားတိုင်းယား တိုင်း ငါ့လာလာညှစ်နေတာ၊ ဒီတစ်ခါတော့ ဒင်းကလေးလည်း တုသိုလ်ရအောင် အလှည့်ပေးလိုက်ဦးမှ"

"ဟဲလို တိုးလင်းရှိလား၊ ဗျာ ဘယ်တုန်းကဖြစ်သွားတာ လဲ၊ နှလုံးတာ ဟုတ်လား၊ လှည်းတန်းပို့ကွင့်နားမှာ ဟုတ်လား၊ ဘာဖြစ်သွားသေးလဲ၊ ဖြတ်လိုက်ရတယ် အောင်မလေး"

ဖြိုးက ဖုန်းကိုကြည့်တာ ပြော၏။

"တောက် တိုးလင်း တိုးလင်း ကားအက်ဆီးဒင့်ဖြစ်မယ် ဆိုလည်း အရိပ်အခြည်လေးကြည့်ပြီး နောက်နေ့မှ ဖြစ်တာ မဟုတ် ဘူး၊ ဒီလို ရက်ကြပ်နေ့ကြီးမှ ဖြစ်ရတယ်လို့ကွာ"

"ကောင်လေး တက္ကစီခ"

"ကဲ ပေးမယ်၊ ခဏလေးစောင့်၊ ကေသွယ် အင်း ကေ သွယ်ရှိတာပဲ၊ ကေသွယ်က ပြီးခဲ့တဲ့ရက်ကတောင် ငါ့ဆီက သုံး သိန်းချေးသွားသေးတာပဲ၊ သုံးသိန်းလည်း မနည်းပါဘူး၊ ဟူး၊ သူ့ ဖုန်းက ၅၀. . . အဲ ဟုတ်ပြီ"

ဖုန်းကိုနှိပ်။

"ဟုတ်ကဲ့ ဒါ ကေသွယ့်ဖုန်း မဟုတ်လား၊ ဩော် ကျွန် တော် ကေသွယ်နဲ့ စကားပြောချင်လို့ပါခင်ဗျာ၊ ဗျာ ဘယ်ကိုသွား တာလဲ၊ အော်ဇီဟုတ်လား၊ ဒါ ဒါဖြင့် ဟင် ဖုန်းချသွားပြီ၊ တောက် ဒီရက်ကြီးကျမှ အက်ဆီးဒင့်ဖြစ်တဲ့လူနဲ့ ခရီးထွက်တဲ့လူနဲ့ ဟို ကောင်ဖေဖြိုးတို့ဆီဆက်မှ၊ ဟာ တောက် ဖုန်းနံပါတ်တွေက ငါ့ ဖုန်းထဲမှာပဲ"

တက္ကစီခတောင်းခြင်းကို အံခွနေပြီဖြစ်သော တက္ကစီ သမားအဘိုးကြီးက အခြေအနေကို တွက်ဆ၍ရနေပြီ



www.burmeseclassic.com

www.burmeseclassic.com

ငါတက္ကစီ မောင်းနေတာ
သားသမီးတွေစားဖို့ မောင်းနေတာ။
အလကား အသက်စွန့် ပြီး
ပါစင်ဂျာတွေအရေး
ဆောင်ရွက်ပေးနေတဲ့
မာသာထရီစာ
အရိုင်ဘာမဟုတ်ဘူး။

"ကောင်လေး တက္ကစီခ"

"ပေးမယ်လို့ ပြောထားပြီးပြီလေ၊ ဘာလဲ ဝိသမလောဘ သားလား၊ ဆရာကြီးလား"

ကားဆရာအဘိုးကြီးက တင်းပြီး လမ်းဘေး ကားထိုးရပ်လိုက်၏။

"ဟာ ဟော့လူ မှောက်ကုန်မယ်လေ၊ ကား ကားကို ဘယ်လိုကွေ့ချတာလဲ၊ တောက်"

တက္ကစီဘိုးတော်က ကားပေါ်မှဆင်းကာ

"အောင်မာ တောက်တောင်ခတ်လိုက်သေးတယ် ဟုတ်လား၊ တက္ကစီခမပေးနိုင်ဘဲ တက္ကစီကို ကမ္ဘာတစ်ပတ်စီးချင်တဲ့ကောင်၊ လာစမ်း"

တက္ကစီပေါ်မှ ဖြိုး၏ကိုတ်ကိုကိုင်ကာ အတင်းဆွဲချ၏။

"ဟော့လူ ကျုပ်ကိုဘာမှတ်နေလဲ၊ ဖြိုးလုပ်ငန်းစုရဲ့ တစ်ဦးတည်းသော အမွေဆက်ခံသူ တစ်ဦးတည်းသောသား ဖြိုးမောင်မောင်ဗျ၊ ခင်ဗျားလုပ်ချင်တိုင်း လုပ်လို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာမင်း ဖြိုးမောင်မောင်ဖြစ်ဖြစ် ဂျိုးထောင်ထောင် ဖြစ်ဖြစ် ဘာကောင်ဖြစ်ဖြစ် ငါက ကားခရဖို့ အသက်အန္တရာယ်တွေ ကို အန်တုပြီး ကားမောင်းနေတာ၊ ပေးစမ်း ကားခ"

"ခု မရှိသေးပါဘူးဆိုနေ၊ ခဏနေရင်ရမယ်၊ တစ်သိန်း လား၊ နှစ်သိန်းလား၊ ခင်ဗျားကျေနပ်အောင် ပေးမယ်ဗျာ"

"ငါက ဆီထည့်မောင်းနေတာ၊ လေနဲ့လာပေးမနေနဲ့"

တက္ကစီဆရာကြီးက ဘယ်အချိန်ကတည်းက ဒေါသ ထွက်နေသည်မသိ၊ ဖြိုး ကားအောက်သို့ ရောက်သည်နှင့် ဖြိုး၏ အကျႌကို အတင်းချွတ်ယူတော့သည်။

"ဟေ့လူ ဘာလုပ်တာလဲ၊ မြို့လည်ခေါင်မှာ ဓားပြတိုက်နေ တာလား"

"အောင်မာ၊ သူခိုးကလူဟစ်လို့ ငါက ဓားပြတိုက်တာ မဟုတ်ဘူး၊ ငါ့တက္ကစီခ တန်ဖိုးကို ငါယူတာကွ၊ ငါတက္ကစီ မောင်းနေ တာ သားသမီးတွေစားဖို့ မောင်းနေတာ၊ အလကား အသက်စွန့်ပြီး ပါစင်ဂျာတွေအရေး ဆောင်ရွက်ပေးနေတဲ့ မာသာထရီဇာ ဒရိုင်ဘာ မဟုတ်ဘူး၊ ကိုင်းကွာ"

တက္ကစီဆရာကြီးက ဖြိုးကို ခြေကလိန်ကွတ်ချ၍ လဲကျ နေသော ဖြိုး၏ဖိနပ်ကို ဆွဲကာ

"ပေး ဖိနပ်ပါပေး"

ဖိနပ်ကိုလည်း အတင်းဆွဲချွတ်သည်။ တက္ကစီဆရာကြီး က သူလိုချင်တာများချွတ်ယူပြီး ကားကို တရကြမ်း မောင်းထွက် သွား၏။ ဖြိုး၏ကိုယ်ပေါ်တွင် စွပ်ကျယ်နှင့်ဘောင်းဘီတိုသာ ကျန် ရစ်ခဲ့၏။

ဖြိုးလုပ်ငန်းစု၏ အမွေဆက်ခံသူ ဒုတိယဥက္ကဋ္ဌဖြိုးမောင်



www.burmeseclassic.com

www.burmeseclassic.com

မောင်သည် ချက်ချင်းပင် ဂျလေဘီပုံစံပေါက်ကာ လမ်းဘေး ဆောင့်ကြောင့်ကလေး ကျန်ရစ်ခဲ့လေ၏။ ဘောင်းဘီတိုကလည်း ဟို လူကြီး ဘောင်းဘီရှည်နှင့် ဖိနပ်ကို အတင်းချွတ်ယူစဉ်က ဖင်ထိုင် လဲပြီး ပေပွနေပြီ။ တော်ပေသေး၏။ တက္ကစီဆရာကြီး၏ ဖုန်းက သူ့လက်ထဲတွင် ကျန်နေသေးသည်။ သူ နံပါတ်တစ်ခုကို အပြေး အလွှားစဉ်းစားရင်း နှိပ်လိုက်သည်။

"သူငယ်ချင်း အောင်ဇော်မျိုး ငါ ဖြိုးမောင်မောင်ပါ၊ မင်း ဘယ်မှာလဲ၊ ကားနဲ့လား၊ ဘယ်ကိုသွားကြမှာလဲ၊ ကလပ်ကိုလား၊ အေး ငါ့ကိုဝင်ခေါ်ကွာ၊ မင်းတို့သွားမယ့် လမ်းမှာပဲရှိမယ်၊ ငါလား ငါက ငါက ဘယ်မှာလဲဆိုတော့"

ဘေးဘီဝေ့ကြည့်သည်။ ရောက်နေသောနေရာက သူ နှင့်လုံးဝမရင်းနှီးသော ဆင်းရဲသားရပ်ကွက်တစ်ခု။ တစ်ခုခု ပြော စရာရှိမလား သူဝေ့ကြည့်၏။ ဆင်းရဲသားအိမ်ပုကလေးများက လွှဲပြီး ပြောစရာပြစရာ ဘာဆိုဘာမှမရှိ။

"သောက်ခွပဲ အင်း ငါက ဘယ်မှာလဲဆိုတော့"

"ပြီးမှဆက်တော့ သူငယ်ချင်း၊ ခု ငါတို့ အပြတ်လန်းနေ ကြပြီ"

အောင်ဇော်မျိုး ဖုန်းချသွားသည်။

"သူငယ်ချင်း သူငယ်ချင်း အာ ဒုက္ခပါပဲ"

တက္ကစီနောက်ပြန်ဆုတ်လာပြီး တက္ကစီဘိုးတော်ကြီးက ဖုန်းကိုဆွဲယူကာ

"တောက် ကားခမပေးတဲ့အပြင် ဖုန်းသူခိုးနဲ့ပါ လာကြုံ နေရတယ်လို့"

"ဟော့လူ ဖုန်းတစ်ကောလောက်"



www.burmeseclassic.com

www.burmeseclassic.com



တတ္တစီဆရာကြီးက လက်သီးထောင်ပြပြီး မောင်းထွက်သွားပြီဖြစ်သည်။ ဖြိုးက ခုတော့ စွပ်ကျယ်နှင့်ဘောင်းဘီတိုနှင့် ဘယ်နေရာမှန်းမသိသောနေရာတွင် ခွေးလေးကြွမ်းပိုးလို တောင်ကြည့်မြောက်ကြည့်နှင့် လမ်းလျှောက်နေရသည်။ ဖိနပ်မပါသည့်ခြေဝလာက နာကျင်လှပါ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com





လမိုက်ညမို့ ချိတ်ချိတ်ကြီးကို နက်နေသည်။ လမ်းမီးများ တလည်း ပျက်လို့။ အင်းလျားမြိုင်နှင့် မြို့ထဲဝန်းကျင်လောက်မှာသာ သွားတတ်နေတတ်ခဲ့သော ဖြိုးက မှောင်ကြီးမဲကြီးထဲ ဖိနပ်မပါ ခြေဗလာနှင့် သူလုံးဝမသိသော လမ်းကြိုလမ်းကြားတစ်ခုကို ရောက်နေသည်။ ဆောင်းညက အေးသမို့ ကိုယ့်ကိုယ်ကိုယ်ပင် နွေး လိုနွေးညား ဖက်ထားမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခွေ့ဖော်



လမ်းထောင့်လေးတစ်နေရာတွင် မမမိမာကို အမူးသမားနှစ်ဦး ဆွဲလားရမ်းလား လုပ်နေကြသည်။

"နင်တို့ အမူးလွန်နေပြီ၊ မှားမယ်နော်"

"ဘာမှမမှားဘူး၊ သဘာဝအတိုင်းလုပ်တာ သဘာဝကိုလွန်ဆန်ပြီး အပျိုကြီးလုပ်ချင်နေတဲ့ မမကသာ မှားနေတာ၊ လာပါ မမရယ်၊ ဘယ်သူမှတောင် သိလိုက်မှာ မဟုတ်ဘူး"

"ဟဲ့ အကောင်တွေ ငါ့ကို ဘယ်အစားမျိုး မှတ်နေလဲ"

"ဘာလဲ ဒေါ်လာစားကြီးလား၊ ဟားဟားဟား"

သူတို့ပြက်လုံးနှင့်သူတို့သဘောကျကာ ဖိုးငနဲများ ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရယ်ကြ၏။ မမမိမာက သူစီးထားသောဒေါက်ဖိနပ် နှစ်ဖက်စလုံး ကိုချွတ်၍ ငမူးသမားများမျက်နှာနား ထောင်ပြ၍မေး၏။

"ဟဲ့ ဒါဘာလဲ သိလား"

"ဟ ဒါဘာလဲ ဟုတ်လား ကောင်မ"

ငမူးတစ်ဦးကို နောက်တစ်ဦးက နားထင်ကို လက်ညှိုးနဲ့ ထောက်ပြ၍

"ဒါမကောင်းဘူးနဲ့တူတယ်"

"အေးကွ၊ ခုမှ စဖြစ်တာဖြစ်မယ်၊ အသန့်ကြီးရှိသေးတယ်၊ ဒီမှာမမ၊ အဲဒါ မိန်းမတွေစီးတဲ့ ဒေါက်ဖိနပ်ကြီးလေ၊ မှတ်မိလား"

"ငါမှတ်မိတယ်၊ နင်တို့ကိုလည်း မှတ်မိအောင် လုပ်ပေးမလို့"

မမမိမာက မူးကြောင်ရူးကြောင်ဖြစ်နေသော သူ့ရှေ့တငမူးကို ဒေါက်ဖိနပ်နှင့် ပိတ်ချ၏။ မမမိမာ၏လက်ကျက မှန်၏။ ငမူးနှစ်ယောက် ချက်ချင်းပင် မျက်ခွက်တွင် သွေးစက်လက်နှင့် မျက်ကွင်းညိုသူညို၊ သွားကျွတ်သူကျွတ်နှင့် ဖြစ်ကုန်၏။ ငမူးများက ခုမှအမူးပြေပြီး

"ဟင် ခင်ဗျားက အဆင်ပြေအောင် ယဉ်ယဉ်ကျေးကျေး ညှိနှိုင်းနေတာကို ရိုင်းတယ်ပေါ့လေ၊ အေး ကြမ်းမှ ကြိုက်တယ် ဆိုလည်း ကြမ်းပြရတာပေါ့"

မမမိမာလက်ထဲမှ ဒေါက်ဖိနပ်နှစ်ဖက်ကို အတင်း ဝင်လုကြ၏။

လမ်းထောင့်ရောက်နေသော ဖြိုးက ခြေနာလွန်းသဖြင့် ဆုတောင်းနေချိန်ဖြစ်သည်။

"တောက် အကြွင်နာတရားကင်းမဲ့ကြတဲ့ လူယဉ်ကျေး



www.burmeseclassic.com

www.burmeseclassic.com



**ဖြိုးက ဒေါက်ဖိနပ်ကို**
**အသားကျစီး၍**
**ယက်ကန်ယက်ကန်နှင့်**
**လမ်းချိုးသို့ထွက်လိုက်မှ**
**မယိမ်းနှင့်ပျူနှမ်တောင်ကို**
**ဘွားသွဲ့မြင်ရ၏။**

တွေ့ဆိုတာ ဒီလိုလူတွေပဲနေမှာ၊ တက္ကစီခ မရလို့တဲ့၊ လူကို လုပ်သွားတာ၊ အကျီလည်း မရှိတော့ဘူး၊ ဘောင်းဘီလည်း မချန်ဘူး၊ ပိုဆိုးတာက ဖိနပ်ပါချွတ်ယူသွားတာပဲ၊ တွေ့မယ်၊ ဖြိုးလုပ်ငန်းစုရဲ့ ဒုတိယဥက္ကဋ္ဌကွ၊ ဘာမှတ်နေလဲ၊ ဟင်း၊ နောက်တစ်ခါတွေ့မှ ငါး ထောင်တန်အထုပ်နဲ့ ပါးကို ဖြတ်ရိုက်ဦးမယ်၊ အရှင်ရက္ခစိုးနတ်မင်းကြီး ဒီအတိုင်းကြီး ကြည့်နေတော့မှာလား၊ အဝတ်အစား အပြည့်အစုံမရရင်တောင် ဖိနပ်တစ်ရန်လောက်တော့ မ,စ,ပါ၊ ခြေထောက်နာလို့ပါ”

ဖြောက်ဖြောက်နှင့် ဖြိုးရှေ့သို့ ဒေါက်ဖိနပ်တစ်ရန် ကျလာသည်။ ဖြိုးက ရက္ခစိုးကြီး မနေနိုင်၍ ပေးသည်ဟုထင်ကာ ကောင်းကင်ယံသို့ မော့ယမ်းကြည့်ကာ ကျေးဇူးတင်နေမိသည်။ ဖိနပ်က မိန်းမစီး ဒေါက်ဖိနပ်ဆိုပေမယ့် စင်ဒရဲလားနှင့်ရွှေဖိနပ်လို ကွက်တိပင်။

“ဟာ ကွက်တိဟ၊ ဒါပေမယ့် ဒေါက်ဖိနပ်ကြီး၊ အေးလေ သူလည်းသူ့ရှိတာပေးရတာဖြစ်မယ်၊ ဒီအချိန်မှာတော့ အယူသီးနေလို့ မဖြစ်ပါဘူး၊ ခြေနာသက်သာဖို့က အရေးကြီးတယ်”

ဖြိုးက ဒေါက်ဖိနပ်ကို အသားကျစီး၍ ယက်ကန်ယက်



www.burmeseclassic.com

www.burmeseclassic.com

ကန်နှင့် လမ်းချိုးသို့ထွက်လိုက်မှ မမမိမာနှင့် ငမူးနှစ်ကောင်ကို ဘွားခနဲမြင်၏။

ငမူးနှစ်ဦးကလည်း လူသံကြားသဖြင့် လှည့်ကြည့်ကြ၏။ သူတို့ပစ်ထုတ်လိုက်သော ဒေါက်ဖိနပ်နှင့် လှုပ,ပန်ရနေသော ဖြိုးကို ရုတ်တရက်တွေ့လိုက်ရသဖြင့် ကြောင်ပြီးရပ်သွားကြ၏။ ဖြိုးလည်း ပထမကြောင်နေသေး၏။ ပြီးမှ အခြေအနေကိုရိပ်စားမိသွား၏။ ဒီလိုအချိန် ဒီလိုနေရာမှာ ငမူးနှစ်ဦးက မမကြီးတစ်ဦးကို နှစ်ဖက်နှစ်ချက်က ဆွဲလျက်သားကြီး။ ဖြိုးက ဟန်ကိုယ့်ရင်း

"ဟော့ကောင်တွေ ကောင်မလေးကို လွှတ်လိုက်စမ်း၊ အားနွဲ့တဲ့မိန်းမသားတစ်ယောက်ကို မင်းတို့က အနိုင်ကျင့်နေတယ်ပေါ့"

အနိုင်ကျင့်နေသော လူမိုက်များ၏ စုတ်ပြတ်သတ်နေသောရုပ်က ရှုံ့မဲ့ကျသွား၏။ သွားနှစ်ချောင်းကျွတ်ထားသော ဒုက္ခိတလက်သစ်ငမူးက

"ဟော့ကောင် မင်းနဲ့ ဘာမှမဆိုင်ဘူး၊ ကိုယ့်ရပ်ကွက်နဲ့ကိုယ်နေ၊ ကိုယ့်လမ်းကိုယ်ဖောက် ကိုယ့်ဘာကိုယ်လျှောက်"

ဖြိုးက ဒေါက်ဖိနပ်ကြီးကို ဟန်ကြီးတစ်ခွဲသားနှင့်စီးကာ ဖင်ကိုကောက် ရင်ကိုမောက်ပြီး

"ဟော့ကောင် အားနွဲ့တဲ့မိန်းမသားတစ်ယောက်ကို ဒီလိုအများပြည်သူပိုင်တဲ့လမ်းမှာ ဒီလိုဆွဲရမ်းနေတာကို လက်ပိုက်ကြည့်နေနိုင်လောက်တဲ့ ဥပေက္ခာနှလုံးသားမျိုး ငါ့မှာ မရှိသေးဘူးကွ၊ ငါလက်မလွန်မီခင် မင်းတို့လိမ္မာသွားရင် ရပ်ကွက်လည်း အေးချမ်းသွားလိမ့်မယ်"

အမှန်တော့ ဖြိုးအဖို့ ဤသို့သောရန်ဖြစ်ခြင်းမျိုး တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မှ မကြဲဘူး။ မိမိအသိုင်းအဝိုင်း၌ ဘုရင်တစ်ဆူလို ဝိုင်းဝန်းဖူးဖူးမှုတ်ခံထားရသူသာ ဖြစ်သည်။ သို့သော်လည်း အခြေအနေနှင့် အချိန်အခါအရ ကြည့်ဖူးသည့် ဗီဒီယိုကားများထဲမှ စကားလုံးများနှင့် တောက်တတ်စွာထားမှု တန်ကာကျမည်မဟုတ်လား။

"ပြောနေတယ်လေ မကြားဘူးလား"

"တာမတို့ အခမ္ဘားပြတိုက်နေပါတယ်ဆိုမှ ခမ္ဘကထိကနဲ့ လာတိုးနေတယ်"

"ဟော့ကောင် ကြွာတယ်ကွာ ဆွဲ"

ငမူးနှစ်ဦးက ပြေးထိုးသည်။ ဖြိုး ကြောင်တောင်တောင်နှင့် ခေါင်းငုံ့ရှောင်ပြီး လက်သီးတစ်လုံးထိုးခံလိုက်ရာ ငမူးတစ်ဦး အငိုက်မိသွား၏။ တလိမ့်ခေါက်ကွေး လွင့်ကျသွားသော ငမူးလူမိုက်ကိုကြည့်ပြီး ဖြိုး အားတက်သွားကာ သူ့လက်သီးကို မယုံနိုင်စွာနှင့် ပြန်ကြည့်မိ၏။

ပြီးမှ သူကြည့်ဖူးသော ဂျက်ကီချန်းကားထဲက ဂျက်ကီချန်း၏ ဖောင်ဆွဲပုံမျိုး အတုခိုးကာ တကယ့်သိုင်းသမားလိုလို ဘာလိုလိုနှင့် ဖောင်ထိုင်နေ၏။ မမမိမာက ဝမ်းသာအားရ အားပေးသည်။

"ကောင်းတယ်၊ မိန်းကလေးတစ်ယောက်တည်း ဆိုပြီး စော်ကားချင်ဦး၊ အနိုင်ကျင့်ချင်ဦး၊ ချပေးမောင်လေး၊ အသားကုန်ချပစ်"

ဖြိုးက အားတက်ပြီး ထိုးဖို့ပြင်သည်။ ဘရုစ်စလီလိုလည်း ခုန်ဆွခုန်ဆွနှင့် နှာခေါင်းပွတ်ပြသေးသည်။ လူမိုက် ပြေးထိုးမလိုအယောင်ပြ၏။ ဖြိုးက အရင်အတိုင်းရှောင်ပြီး ထိုးဖို့လုပ်သည်။ လူမိုက် အထာသိသွား၏။ ထိုးဟန်ပြသည်။ ဖြိုး ကုန်းပြီးရှောင်တော့



www.burmeseclassic.com

www.burmeseclassic.com



မမာက ဖုန်းပိတ်ဟန်နှင့်
အုတ်ခဲကို နှိပ်ပြ၏။
ငမူးများ က
လူမှန်းမသိအောင်
မူးနေသည်မို့
အဟုတ်ဖုန်းဆက်သည်
မှတ်ပြီး ပြန်လှည့်သွား၏။

မှ ဖြိုး၏ဖင်ကို နှစ်ချက်သုံးချက် ဆင့်၍ ပိတ်ကန်တော့သည်။ ဖြိုး၏ လက်နှစ်ဖက်ကို ငမူးနှစ်ယောက် တစ်ယောက်တစ်ဖက်ချုပ်၍ အလယ်က ဖြိုးကို တစ်ချက်စီထိုးကြ၏။ ဘယ်ဖက်က လူထိုးလျှင် ညာဖက်ကို မျက်နှာလှည့်သွား၏။ ညာဖက်လူအတွက် အနေတော်ပင်။ ညာကလူပြန်ထိုးလျှင် ဘယ်ဖက်ကို မျက်နှာပြန်လှည့်လာ၏။ ဘယ်ဖက်လူ၏အလှည့်ပါပင်။ ဘယ်ဖက်က ပြန်ထိုး၏။ ညာဖက်က ပြန်ထိုး၏။ နှစ်ယောက်လုံး ပြိုင်တူထိုးကြ၏။

အခြေအနေမလှမှန်း မမမိမာ ရိပ်မိပြီ။ ဘေးနားက အုတ်ခဲကိုယူပြီး အလစ်တွင် ရိုက်ဖို့ပြင်သည်။ ငမူးတစ်ဦး ရုတ်တရက် လှည့်လာသဖြင့် အုတ်ခဲလုံးကြီးကို နားတွင်ကပ်၍ ဖုန်းလုပ်၍ ဆက်ပြရသေးသည်။ အကြောင်ရိုက်ခြင်းဖြစ်သည်။

"ဟဲလို မောင်လေးလား၊ အေး မမ ခဏနေပြန်ခဲ့မယ်၊ ဒါပဲနော်"

မမာက ဖုန်းပိတ်ဟန်နှင့် အုတ်ခဲကို နှိပ်ပြ၏။ ငမူးများက လူမှန်းမသိအောင် မူးနေသည်မို့ အဟုတ်ဖုန်းဆက်သည် မှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြန်လှည့်သွား၏။ ထိုတော့မှ မမာက ဖုန်းတစ်ဖြစ်လည်း အုတ်ခဲနှင့် ပြေးထုလိုက်သည်။ ခွပ်ခနဲ။ ထိချက်က မှန်သည်။ လူမိုက်နှစ်ယောက်ရှောင်လိုက်သဖြင့် အလယ်က ကြောင်စီစီနှင့် သမခံနေရသော ဖြိုးတိုသာ ထုမိခြင်းဖြစ်၏။ ဖြိုး ချက်ချင်းပင် မေ့လဲကျသွားသည်။ ဖြိုး မေ့လဲခါနီး အကူအညီတောင်းသံလေးတော့ ကြားလိုက်ရသေးသည်။

"လုပ်ကြပါဦးရှင့်၊ ဒီမှာ ဝိုင်းရိုက်နေကြလို့ပါရှင့်"

"အမှန်တော့ တူရိုက်တာ"

ဖြိုး၏ ဗလုံးဗထွေးစကားတွေက ပြန့်ကျဲဝေဝါးလို့။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖြိုး သတိရလာတော့ အိမ်တစ်လုံးထဲကို ရောက်နေပြီ။ တစ်ကိုယ်လုံးလည်း မဲညစ်စုတ်ပြတ်နေပြီ။ ပတ်ဝန်းကျင်ကို ဝေဝါးစွာကြည့်နေမိ၏။ သူ့အဖို့ ဘာဖြစ်ခဲ့သည်ကိုပင် မမှတ်မိနိုင်သေး။ သူ ခေါင်းကို ခါယမ်းကြည့်သည်။ ထိုတော့မှ အဖြစ်အပျက်များ တစ်စတစ်စ မှတ်မိလာ၏။ သူ၏ပတ်ဝန်းကျင်ကို ကြည့်ပြီး လန့်သွား၏။

"ဟင် ဒီလိုနေရာမျိုးမှာလည်း လူတွေနေကြတာပဲလား၊ ငါ ဘယ်ကိုရောက်နေပါလိမ့်"

ငတိုးက ဖြိုးကိုပြုံး၍ စောင့်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမမိမာရေ ဒီမှာ ညှော်သည်နှိုးလာပြီဗျ"

"တော်သေးတယ်၊ ငါ့မှာ ဆေးဖိုးနှစ်ထောင်တော့ ထွက်ပါပြီ မှတ်နေတာ"

မမမိမာက ဖြိုး၏ခေါင်းကိုဆွဲပြီး ဒဏ်ရာကို ကြည့်၏။

"ဟာ ဟာ ဖြည်းဖြည်းလုပ်ပါ၊ နာတယ်ဗျ"

မမမိမာက ဖြိုး၏ထိပ်ကိုရိုက်ရင်း

"အောင်မလေးဟဲ့ အဖြစ်သည်းနေလိုက်တာ၊ အုတ်ခဲလေးနဲ့ ဒီလိုလေး လွဲထုတာကို နာတယ်တဲ့"

တော်တော်အကြွင်နာတရား ကင်းမဲ့တဲ့မိန်းမ။ ကိုယ်အထုခံရပုံကို သရုပ်ပြပြီး အသေအချာကြီးကို လွဲထုပြနေသေးသည်။

"ဗျာ၊ အုတ်ခဲနဲ့၊ ဒီလိုလွဲထု"

ဖြိုးက သူအထုခံရပုံကို ပြန်သတိရကာ သွေးလန့်၍ ပြန်မေ့သွားပြန်၏။

"ဟဲ့ ဪ အသည်းငယ်လိုက်တာ၊ ပြန်မေ့သွားပြန်ပြီ၊ ဟဲ့ကောင်လေး ဟဲ့ကောင်လေး"

ဆွဲယမ်းကိုင်လှုပ်၍နှိုးရင်း ကောင်လေး၏ ရုပ်ကို ထိုတော့မှ မမမိမာက အသေအချာကြည့်မိသည်။

"ဪ ဟိုနေ့က စားသောက်ဆိုင်မှာ ဝင်စားပြီး ပိုက်ဆံမရှင်းဘဲ သူဌေးသားဟန်ဆောင်တဲ့ လူလိမ်လေးပဲ"

မမမိမာ စဉ်းစားနေစဉ်ခဏမှာပင် ဖြိုး ပြန်သတိရလာ၏။

"ကဲ သတိရပြီလား၊ ဒီညတော့ ညဉ့်နက်နေပြီ၊ မောင်လေးငတိုးနဲ့ တူတူအိပ်လိုက်တော့"

www.burmeseclassic.com

ကဲ နေစမ်းပါဦး
အဲလို သူဌေးသားဟန်ဆောင်
သူများနာမည်
အလွဲ သုံးစားလုပ်ပြီး
လျှောက်လိမ်စားနေတာ
မရှက်ဘူးလား

ဖြိုးက ပတ်ဝန်းကျင်ကို မနှစ်မြို့တဲ့ မျက်လုံးမျိုးနဲ့ ကြည့်ပြီး ရွံ့ရှာပုံနှင့် မဲ့ရွဲ့ကာပြော၏။

"ဘာဗျ ကျုပ်လား၊ ဒီလိုနေရာမျိုးမှာ အိပ်မှာ၊ ကျုပ်က ဖြိုးလုပ်ငန်းစုရဲ့ သူဌေးဦးတက်ဖြိုးရဲ့ တစ်ဦးတည်းသောသား ဖြိုးမောင်မောင်ဗျ၊ ဒီလိုနေရာမျိုးမှာ နေတဲ့လူမျိုး မဟုတ်ဘူး"

မမမိမာက နားပန်ထကျင်း၏။

"ဖြုံး"

"ကဲဟယ် ငါ့လာလိမ်နေတယ်၊ ငါ့ကို နင်မသိပေမယ့် နင် ဘယ်သူဆိုတာ ငါကောင်းကောင်းသိတယ်၊ ကဲ နေစမ်းပါဦး၊ အဲလို သူဌေးသားဟန်ဆောင် သူများနာမည် အလွဲ သုံးစားလုပ်ပြီး လျှောက်လိမ်စားနေတာ မရှက်ဘူးလား"

ဖြိုး ခေါင်းကိုပွတ်ရင်း ပေကလပ်ပေကလပ်နှင့် ကြည့်၏။ ဒီမိန်းမကြီးက တယ်လည်း လက်ပေါက်ကပ်ပါလား၊ လူကိုလည်း ပိုင်စိုးပိုင်နင်းနှင့် လာလာရိုက်နေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ခင်ဗျားကို လိမ်ရမယ် ဟုတ်လား၊ ကျုပ်ခေါင်းကို ထပ်ထိရဲထိကြည့်၊ ရဲစခန်းမှာ ညအိပ်သွားရမယ်၊ ကျုပ်က ဖြူးလုပ်ငန်းစုရဲ့ ဥက္ကဋ္ဌ ဦးတက်ဖြိုးရဲ့ အမွေစား အမွေခံ"

"ဖြောင်း ဖြောင်း ဖြောင်း"

မဓာတ နားပန်ကို သုံးချက်ဆင့်၍ ကျင်း၏။

"တဲတယ် ဒီလောက်ပြောနေတာကို လိမ်နေတုန်းပဲ၊ နင့်ရုပ်နင့်ရည် နင့်အဝတ်အစားကို ကြည့်ပြီးတော့လိမ်၊ လူတိုင်းကို နင်ပြောတိုင်း ယုံရမယ့် ငတုံးတွေလို့ မှတ်မနေနဲ့၊ ဟင်း လူကြည့်တော့ စွပ်ကျယ်စုတ်နဲ့ စီးဖို့ဖိနပ်တောင် ရှိတာမဟုတ်၊ သူဌေးမပြောနဲ့ နင့်ရုပ်ကလာပ်က သူတောင်းစားတောင် ရှုံးလောက်တယ်၊ ကဲ အိပ်မှာလား မအိပ်ဘူးလားပြော"

"မအိပ်ဘူးဗျာ၊ ကျုပ်အဆင့်အတန်းက ဒီလိုဆင်းရဲသားတဲမှာ အိပ်တဲ့အဆင့်မဟုတ်ဘူး၊ ခင်ဗျားလိုမိန်းမကြီးက လက်ဖျားနဲ့တောင် တို့ရဲမယ့်အဆင့် မဟုတ်ဘူး၊ မှတ်ထားလိုက်ပါ၊ သွားမယ်"

"အောင်မာ ငါ နားပန်ကျင်းလိုက်ရ သွားတာတောင် အထွက်ခတ်လိမ်သွားသေးတယ်"

ဖြိုးက မမမိမာတို့အိမ်ထဲမှ ထွက်လာ၏။ လမ်းမီးလင်းနေပြီမို့ လမ်းကို ပျပျလေးတော့ မြင်ရသည်။

"တွေ့မယ် ဒီမိန်းမကြီး၊ တစ်နေ့ကျမှ မျက်ခွက်ကို ငါးထောင်တန်အထုပ်နဲ့ကို ဖြတ်ရိုက်ပစ်ဦးမယ်၊ ဂျစ်ပစီမ၊ ဂွတ်ပလွတ်မ၊ ဒင်း ငါ့ခေါင်းကို ရိုက်ရဲတယ်၊ အဲဒီရိုက်တဲ့ လက်ကိုလည်း ထောင်ချပစ်ဦးမယ်၊ ငါ့မှာ ဖုန်းမပါလို့ပေါ့၊ ပါလို့ကတော့ မိန်းမကြီး ခုကိုအောင်းနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် မမမိမာကို ရန်ရှာခဲ့သောအမူးသမားလူမိုက် နှစ်ဦးအပြင် အခြားလူလေးဦးပါ ပေါင်း၍ တုတ်များကိုင်၍ လမ်းလျှောက်နေကြ၏။ ကြည့်ရတာ ဖြိုးတို့ကို လိုက်ရှာနေတာပဲဖြစ်မည်။ ဖြိုးက အခြေအနေကိုကြည့်ကာ လန့်သွား၏။

"ဟာ ခုနက ကောင်တွေပဲ၊ တွေ့သွားလို့ကတော့ ဖုံလိုက်ကြမယ့်အမျိုး"

ဖြိုး ကုတ်သွား၏။ မထွက်ရဲတော့။ မမမိမာတို့ အိမ်ထဲသို့ ပြန်ခိုးဝင်ရသည်။ ငတိုးက အော်ပြောမည်လုပ်နေသဖြင့် ငတိုး၏ ပါးစပ်ကို လှမ်းပိတ်ပြီး

"ရှူး ညီလေး၊ ကိုကြီး ဒီည ဒီမှာနေမယ်နော်၊ မင်း မမကို မပြောနဲ့သိလား၊ တူတူပုန်းတာလေ"

ငတိုးက ကလေးစိတ်ကလေးမို့ တစ်မျိုးသဘောပေါက်သွား၏။

"ကောင်းတယ်အစ်ကို၊ အစ်မကို လုံးဝမသိစေနဲ့၊ သားနဲ့နေ၊ မမလာရင် ပုန်းနေကြမယ်"

"အေး ကောင်းတယ်"

ဖြိုးက ငတိုးဘေးမှာ အိပ်ဖို့ကြိုးစားကြည့်သည်။ မအိပ်ရဲ။ ကြမ်းခင်းကို လက်နဲ့တို့ကြည့်ပြီး လက်မှာကပ်ပါလာသော ဖုန်များကို ရွံရှာစွာကြည့်၏။ သူ့ဘဝတွင် သည်လောက် ဖုန်ထူသော ကြမ်းခင်းမျိုးကို အိပ်ဖို့ထိုင်ဖို့ မပြောနှင့်။ တွေ့ပင် မတွေ့ဘူး။

"အာ ဘယ်လိုအိမ်ကြီးလဲ၊ ဖုတ်တွေထဲမှာ ဒီလိုပဲ နေနေကြတာပဲလား၊ ဒုက္ခပါပဲ"

နံဘေးနားက စားပွဲများ ခုံများကို မှုတ်ကြည့်၏။ ဖုန်



www.burmeseclassic.com

www.burmeseclassic.com



တွေဆောင်းဆောင်းထ ထွက်လာသဖြင့် ကျောတွေယားလာသည်။ ခွပ်တျယ်တိုချွတ်၍ ရှရှလေးကိုင်ကာ တော်တော်သန့်သည်ဟု ယူဆရတဲ့ ဝင်ပေါက်နားမှာခင်း၍ အဲဒီစွပ်ကျယ်လေးပေါ် မှာပင် ဖင်ရော ခြေရော လက်ရော လုံအောင် တက်ထိုင်ရင်း ငိုက်နေရ၏။ လဲတျလိုက် ပြန်ထလိုက် ကုတ်လိုက် ပြန်ငိုက်လိုက်နှင့် တစ်ညလုံး တောင်းတောင်းအိပ်မရ။ မနက်လင်းခါနီးမှ အငိုက်လွန်ပြီး တုံး ခနဲအိပ်ပျော်သွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ငတိုးနှင့်ဖြိုး ဇောက်ထိုးဖက်လျက် အိပ်ပျော်နေရာမှ ဖြိုးလန့်နိုးလာသည်။ အခြေအနေကိုတွေးပြီး လန့်သွား၏။ အမြန်ထကာ ကိုယ်လုံးကိုပွတ်သပ်မိ၏။

"တောက် ဖြိုးလုပ်ငန်းစုရဲ့ ဒုတိယဥက္ကဋ္ဌက ဒီလိုအိမ်မျိုးမှာ အိပ်ပျော်သွားရတယ်လို့ကွာ၊ သူများသိရင် အံ့သြလိုက်မယ့်အမျိုး"

ခိုးကြောင်ခိုးဝှက်ခြေလှမ်းများနှင့်ထကာ အိမ်ခန်းထဲ ဝေ့ဝိုက်ချောင်းကြည့်၏။ လူရှင်းတာသေချာမှ ချွတ်နင်းထထွက်ရင်းမျက်နှာသစ်ဖို့ ရေလိုက်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ရေကိုဘယ်လိုသုံးနေကြလဲ မသိဘူး၊ ရေနဲ့ တူတာဆိုလို့ ပန်းကန်ဆေးတဲ့ ဘေစင်လေးတောင် မရှိဘူး"

နောက်ဖေးမှာ ရေမတွေ့သဖြင့် အပြင်ကို ခြေဖော့နင်းပြီး အိမ်ရှေ့ပြန်ထွက်လာသည်။ အိမ်ရှေ့တံစက်မြိတ်အောက်တွင်မှ ရေစည်ကို တွေ့တော့သည်။

"အာ ဒီလိုရေမျိုးကို သုံးတာလား"

ရေကို လက်နှင့်တို့ကြည့်တော့ ရေက အလွန်အေးနေသည်။ အေးစက်သောအထိအတွေ့ကြောင့် ဖြိုးတွန့်သွားရသည်။

"အာ ရေကလည်း အေးလိုက်တာ၊ ရေပူရေအေးလည်း မရှိဘူး။ ကြည့်ဦး၊ ရေစည်ကလည်း သံချေးတွေကိုက်လို့ တော်တော်ညစ်စုတ်အောင် နေတဲ့လူတွေပဲ"

ရေစည်ထဲမှရေကို မရဲတရဲခပ်၏။ အနားပြတ်ကို ကျွတ်ကျွတ်အိတ်ပတ်ထားရသော ရေစည်နဖားက သူ့လက်မှ ဟမ်းချိန်းနှင့် ငြိငြိနေ၏။

"တောက် စုတ်ချာပါတယ်ဆိုမှ ရေစည်နှုတ်ခမ်းက ပြတ်ရသေးတယ် ဟင်း"

မိမိ၏ဟမ်းချိန်းကိုကြည့်ကာ

"တောက် ဘိုးဘွားအမွေလေးတော့ ပျက်စီးပါပြီ၊ ကြည့်စမ်း၊ ခြစ်ကုန်ပြီ"

မိမိ၏ဟမ်းချိန်းကိုချွတ်၍ အနီးရှိဆပ်ပြာခွက်ထဲ ရိုရိုသေသေထည့်၏။ ပြီးမှ ကောင်းကင်သို့ ရော်ရည်ရင်း

"အဘိုးတို့အဘွားတို့ စိတ်မဆိုးကြပါနဲ့၊ ဒီအိမ်စုတ်မှာ ဒီတစ်ညပဲနေမှာပါ၊ နောင်ကို ဘိုးဘွားအမွေကို ခြစ်ရာရှရာမရှိအောင် ထိန်းသိမ်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်အေးနေသော ရေကို မရဲတရဲခပ်ကာ မရဲတရဲနှင့်ဘဲ ရေခွက်ထဲ လက်ကိုနှစ်လိုက်စဉ် မမမိမာ ထွက်လာသည်နှင့် ဆုံပြီး တစ်ယောက်ကိုတစ်ယောက် ရုတ်တရက်မြင်၍ အံ့သြပြီး လန့်သွားကြရ၏။ ဖြိုးက အေးလက်စကြီးနှင့် အံ့သြရသဖြင့် သွားကြီးစေ့ကာ မျက်လုံးကြီးပြူးနေ၏။

"ဟင် နင် နင် ညကပြန်သွားတာ မဟုတ်လား"

"ပြန်တာပဲ၊ ဒါပေမယ့် ခြံဝမှာ ညကလူတွေကို တုတ်တွေဓားတွေနဲ့တွေ့လို့ မထွက်ရဲဘဲ ပြန်ဝင်အိပ်လိုက်ရတာယ်"

"ဒါများဟယ် မပြောဘူး၊ ခေါင်းအုံးလေးစောင်လေး ယူပေးရအောင်"

"ဘာဗျ ခင်ဗျားတို့လို အိမ်မျိုးက ခေါင်းအုံးတွေ စောင်တွေနဲ့အိပ်ရအောင် ကျုပ်က"

"ဖြို"

မမမိမာက နားပန်ကျင်းရပြန်တော့၏။

"နင့်ကို ငါ 'ဖြိုး'အလိမ်စွဲကို ဖျောက်ပေးရမယ်"

ဖြိုးက ဘုမသိဘမသိနှင့် ခေါင်းကိုပွတ်ကာ မမာကို ဒေါသနှင့် ကြည့်မိသည်။

"ဘယ်လိုအဒေါ်ကြီးလဲ မသိဘူး၊ လက်က စက်ထက်ကို မြန်သေးတယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက အိမ်နောက်ထဲ ဝင်လာသည်။ မမမိမာက ထမင်းကြမ်းကို ငါးပိရည်၊ ကန်စွန်းရွက်ကြော်၊ ငရုတ်သီးမှုန့်များထည့်ကာ ဇလုံကြီးနှင့်နယ်နေသည်။ ဖြိုးက မမမိမာ နယ်နေသော ပန်းကန်ကို မနှစ်မြို့စွာကြည့်ရင်း

"ဘာလုပ်တာလဲ၊ ခွေးကျွေးဖို့လား"

မမမိမာက မိုက်ကြည့်ကြည့်၏။ ငတိုး ရောက်လာပြီး

"ဒီနေ့ မမမိမာလည်းရှိတယ်၊ ကိုကြီးလည်းရှိတယ်၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



အတူတူစားကြမယ်၊ ဝမ်းသာလိုက်တာ”

“အဲဒါကြီးကိုစားမယ်”

ဖြိုးက ထမင်းကိုကြည့်ကာ ပျို့ပင်ပျို့တက်သွား၏။

“အာ ကိုကြီးကလည်း ထမင်းသုပ် သိပ်စားလို့ ကောင်းတာ၊ သားမလိမ်ဘူး၊ မယုံရင်စားကြည့်၊ သားနဲ့မမ စားနေကျ”

မမမိမာ ထမင်းဇလုံကြီးကို စားပွဲဝိုင်းလယ်မှာ ချလိုက်သည်။ မမမိမာနှင့် ငတိုးတို့ တစ်ဇလုံတည်းကို လုစားကြ၏။ ထိုတော့မှ ဖြိုးလည်း ညက ဘာမှဟုတ်တိပတ်တိ မစားခဲ့ရသည်ကို သတိရလာကာ ဗိုက်က တဂွီဂွီမြည်လာ၏။

“ကိုကြီးစားလေ စားလို့ကောင်းတယ်”

ငတိုးက အတင်းလောကွတ်ချော်နေ၏။

“စားကြည့်ပါဆို စားလို့ကောင်းတယ်”

“ဒါပဲရှိတယ်၊ စားချင်စား မစားချင်လည်း လဲသေလိုက်၊ ကိုယ့်အိမ်က ထမင်းက ထမင်းဆိုင်မှာ သူဌေးဟန်ဆောင်ပြီး လိမ်စားရတဲ့ ထမင်းထက်တော့ သန့်ရှင်းတယ်”

ဖြိုး ဗိုက်အရမ်းဆာနေသဖြင့် မသတီတဲ့ရုပ်နဲ့ တစ်ဇွန်းခပ်ကာ မရဲတရဲ စားကြည့်၏။ တစ်ခါမှ မစားဘူးသော ချဉ်ငံစပ်အရသာလည်းဖြစ်၊ ဗိုက်ကလည်း အရမ်းဆာနေသဖြင့် အရသာတွေ့သွားသည်။

သူဌေးသားပီပီ တို့ရုံပင့်ရုံစားနေရာမှ ဗိုက်ဆာလွန်းသဖြင့် ငတိုးနှင့် လုစားကြတော့၏။ မမမိမာ စားမလို့ဇွန်းပြင်လိုက် ငတိုးနှင့်ဖြိုးတို့ လုယက်စားနေကြ၍ လက်ရှောင်ပေးလိုက်နှင့် ဖြစ်နေသည်။

“ဟင်း မစားဘူး မစားဘူးနဲ့၊ စားတော့လည်း ဝေသာ



www.burmeseclassic.com

www.burmeseclassic.com



"အာဧဌေးကာလော့
ပြောမနေနဲ့ကိုကြီးတို့ပိုင်တဲ့
ပိုက်ဆံတွေခင်ပြီး
ဓာတ်ပီနဲ့
ခွန်အင်းရုပ်တောင်
တစ်ရက်လောက်ကြာမှ
အောက်ကိုရောက်မယ်"

ပြည် ဘီလူးစီးနေသလားမှတ်ရတယ်"

စားပြီးကြတော့ မမမိမာက အလုပ်သွားဖို့ပြင်သည်။

"မောင်လေးရေ ငတိုး၊ မုန့်ဖိုးတွေ ရှိသေးတယ်နော်"

"ရှိတယ် မမ"

"အေး ပျင်းရင် ဂိမ်းသွားဆော့၊ လမ်းသွားရင်ကြည့်သွားနော်၊ လမ်းကူးရင်လည်း ကားတွေဘာတွေ ရှင်းအောင်စောင့်၊ ဒီနေ့ အမေသန်းပြန်လာရင်လာမှာ၊ အပြင်ထွက်ရင် သော့ကို သေသေချာချာခတ်ပြီး သော့တံကို ခါတိုင်းလို ဆပ်ပြာခွက်ထဲထည့်သွား၊ ကြားလား"

"ဟုတ်ကဲ့ပါ"

"ကဲ မမသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



မမမိမာက မောင်လေးကို စိတ်မချစွာမှာရင်း ထွက်သွား၏။

ဖြိုးက မမမိမာနှင့် ငတိုးတို့၏သံယောဇဉ်ကို ကြည့်ပြီး ကြည်နူးနေမိသည်။ သူတို့ပေါက်ဖွားကျင်လည်ရာ လူကုံထံအသိုင်းအဝိုင်းတွင်တော့ ဤသို့သော ဆက်ဆံရေးမျိုးသည် အလွန်ပင် ထူးဆန်းလှသည်။ မိဘများက မိုးလင်းသည်နှင့် အလုပ်၊ အလုပ်၊ အလုပ်။ သားသမီးများကို အိမ်အကူများ အိမ်ဖော်များက လိုလေသေးမရှိအောင်ပြုစုပြီးလျှင် ကျောင်းကားပေါ်တင်ပေး။ ကျောင်းကားပေါ်မှ ဆရာမများက ဂရုတစိုက်ခေါ်။ ကျောင်းရောက်တော့ ဆရာမအလှည့်။ ဤသို့ပင် တစ်ယောက်တစ်လက်ထိန်းရင်း ကြီးပြင်းကြရသည်က များသည်။ အလုပ်သဘောသာများပြီး သံယောဇဉ်ကား နည်းပါးလှပါသည်။

ယခုကဲ့သို့ မမမိမာက ငတိုးကို ဂရုတစိုက်ကျွေးမွေးပုံ၊ စိုးရိမ်သည့်မျက်နှာနှင့် နောက်ဆံတင်းစွာမှာနေပုံများသည် သူတို့အသိုင်းအဝိုင်းမျိုးတွင်တော့ မမြင်ဘူး၊ မကြားဘူးသလောက်ပင် ရှိသဖြင့် ထူးဆန်း၍နေပါသည်။ ဖြိုးက မမာအား ငေးငိုင်ကျန်ရစ်နေသော ငတိုး၏ ပခုံးကိုဖက်၍ နှစ်သိမ့်ရင်း မေးမိသည်။

"ညီလေးနာမည်က ငတိုးဟုတ်လား"

"ဟုတ်တယ်ကိုကြီး၊ ကိုကြီးနာမည်ကရော"

"အင်း ကိုကြီးနာမည်က ဖြိုးမောင်မောင်ကွ၊ ညီလေးကြားဖူးလားမသိဘူး၊ ဖြိုးလုပ်ငန်းစုရဲ့သူဌေးကြီး ဦးတက်ဖြိုးရဲ့ တစ်ဦးတည်းသော သားပေါ့ကွာ"

"ဒါဖြင့် ကိုကြီးက သူဌေးပေါ့"

"အာ ဌေးတာတော့ ပြောမနေနဲ့၊ ကိုကြီးတို့ပိုင်တဲ့ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခင်းပြီး လေထီးနဲ့ခုန်ဆင်းရင်တောင် တစ်ရက်လောက်ကြာမှ အောက်ကိုရောက်မယ်"

"အား တယ်ထောက်ကြီးပဲ"

ငတိုးက သူ့စိတ်ကူးနှင့် မြင်ယောင်ရင်း မြူးတူးသွားသည်။ ဖြိုးက မရဲ့တရဲနှင့်

"အေး အဲဒါ ကိုကြီးပိုက်ဆံပြန်ယူမလို့ကွ၊ ခုက ရှောင်တခင် လမ်းစရိတ်ပြတ်နေလို့ ခုနက မမပြောတဲ့ ညီလေးရဲ့မုန့်ဖိုးလေး အစ်ကို့ကိုချေးပါလား"

ငတိုးက ခေါင်းတခါခါ လည်တခါခါနှင့်

"အာ ချေးပါဘူးဗျာ၊ အဲဒီပိုက်ဆံက ဂိမ်းဆိုင်မှာ သားဂိမ်းသွားဆော့ဖို့ မမမိမာ ပေးထားတာ"

"ဂိမ်းများ ဆိုင်သွားဆော့ရတယ်လို့ကွာ၊ ကိုကြီးကို မင့်ပိုက်ဆံ ခဏချေး၊ ပြီးရင် ကိုကြီးက ညီလေးငတိုးအတွက် ဂိမ်းစက်အပိုင်ဝယ်ပေးမယ်"

ဖြိုးမောင်မောင်က ငတိုးအကြိုက်ကို လိုက်ပြောပြီး ပိုက်ဆံချေးနေရသည်။ ဟုတ်သည်လေ။ ညက ငွေနှင့်တူတာဆို၍ အရက်ဆိုင်က ငွေရှင်းဘောက်ချာပင် ပါမလာခဲ့တော့ပြီပဲ။ ငတိုးက တလေးစိတ်လေးပီပီ ညာရတော့လွယ်သည်။ ဖြိုးမျက်နှာကို အားကိုးတကြီးကြည့်ရင်း

"တကယ်ပြောတာနော်၊ မညာရဘူးနော်"

"တကယ်ပေါ့ကွ၊ သူဌေးတွေက မညာတတ်ဘူး"

ငတိုးက သူ့အိတ်ထဲက ကျစ်ကျစ်လိပ်ပြီးထည့်ထားသည့် မမမိမာပေးထားသော ငွေငါးထောင်ကို ဖြိုးအား ယုံကြည်စွာ ပုံအပ်လိုက်လေသည်။ ဖြိုးက ဝမ်းသာအားရပုံစံနှင့်



www.burmeseclassic.com

"အေး လမ်းစရိတ်တော့ရပြီ၊ ငါ့မှာ ဒီဘောင်းဘီတိုပဲ ကျန်တော့တယ်၊ ညီလေးရဲ့အဝတ်အစားတွေထဲက ကိုကြီးနဲ့ ကောင်းနိုးရာရာ ဝတ်စုံတစ်စုံလည်း ခဏငှားနော်၊ ပြီးရင် ညီလေး အတွက် အင်္ကျီလည်း ကိုကြီးဝယ်လာပေးမယ်"

သူ့တွင် ဝတ်စရာ အင်္ကျီဖိနပ်တွေပင် တက္ကစီဆရာကြီး ချွတ်ယူခဲ့သဖြင့် ကိုယ်ပိုင်ဟူ၍ ကိုယ့်ကိုယ်သာကျန်တော့သည် တိုး။

ငတိုးကတော့ အရိုးခံစိတ်နှင့် ထုတ်ပေးရှာသည်ပင်။

* * *



ဖြိုးက ငတိုးထံမှ ငှားဝတ်လာသည့် ကလေးကြိုက်ပုံစံ အရောင် ကြောင်ကြားနှင့် မတော်တရော် လက်စကဖြစ်နေသော လက်ရှည်အကျႌ၊ ဒူးအောက်နားပဲရောက်သည့် ဘောင်းဘီရှည်။ ဖိနပ်က အိမ်တွင်းစီးသည့် ဝက်ဝံရုပ်လိမ္မော်ရောင် ခပ်ကြောင်ကြောင် ဖိနပ်များစီး၍ ခိုးကြောင်ခိုးဝှက်ပုံစံနှင့် ကားမှတ်တိုင်သို့ ရောက်နေသည်။ လူဖြတ်သွားတိုင်း ဖြိုး ရှက်ပြီး မျက်နှာကွယ်နေရ၏။ အသိများတွေ့လျှင်တော့ ဖြိုးကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ၏ပုံသဏ္ဌာန် ရှုံးသွားပြီဟု မှတ်ချက်ချကာ တရားဝင်အရှူးလက်မှတ်ပင် ချက်ချင်းကောက်ကက် ထုတ်ပေးချင်သွားမည်မှာ မုချပင်။

www.burmeseclassic.com



ဖြိုးမောင်မောင်က လူမမြင်ခင် ထွက်သွားနိုင်ဖို့ အရေးကို တွေးကာ ကားငှား၏။ ကားသမားများက မည်သို့ သဘော ပေါက်ကြသည်မသိ၊ သူ့ဝတ်စုံနှင့်သူ့ရုပ်ကိုမြင်သည်နှင့် မျက်နှာရှုံ့မဲ့၍ ခေါင်းခါခါလည်ခါခါဖြစ်ကာ ကားကို မောင်းမောင်းပြေးကြသည်။

"တောက် ဖြိုးလုပ်ငန်းစုရဲ့ အမွေဆက်ခံမယ့် တစ်ဦး တည်းသောသားကွ၊ ငါ့ကို ဘယ်လိုမျက်လုံးမျိုးနဲ့ ကြည့်နေတာလဲ၊ ကြုံမှ ငါးထောင်တန်အုပ်နဲ့ကို ပါးဖြတ်ရိုက်ဦးမယ်၊ ဟင်း"

အငှားကားနှစ်စီးသုံးစီး မောင်းမောင်းပြေးလာတော့ ဖြိုး ပို၍ ရှက်လာသည်။ ကားငှားမရသည့်အဆုံး "မြို့ထဲကို မြို့ထဲကို" ဟုအော်ပြီး အနားလာရပ်သည့် ဘတ်စ်ကားပေါ် ကိုပင် ခွေးသူခိုး တို့၏အိန္ဒြေမျိုးနှင့် ခိုးကြောင်ခိုးဝှက်နှင့် ပြေးတက်၍ စီးလိုက်ရပါ သည်။ ဘတ်စ်ကားစီးတော့လည်း လူမျိုးစုံ အသံမျိုးစုံ အနံ့မျိုးစုံ နှင့် အတော့်ကို ဒုက္ခရောက်ရပါသည်။ ရှေ့ကတိုးလျှင် နောက်သို့ ပါသွားလိုက်၊ နောက်ကတိုးလျှင် ရှေ့သို့ပါသွားလိုက်နှင့် ဇကောထဲ ဇီးဖြူသီးထည့်လှိမ့်သလိုနှင့် ပါလာ၏။

ကံကောင်းချင်တော့ မိမိရှေ့တည့်တည့်ကထိုင်ခုံ လွတ် သွားသည်။ သူထိုင်ဖို့ အိအား ဆွဲနေစဉ်တွင်ပင် ခပ်သွက်သွက် မိန်းမကြီးတစ်ဦးက ဖတ်ခနဲ တိုးထိုင်သွားသည်။ ဖြိုးက မိန်းမကြီး ကိုစောက်တော်တင်းသွားပြီး မကြည်ကြည့်ကြည့်သော်လည်း မိန်းမ ကြီးက သူမဟုတ်သလိုနှင့် ခပ်မော်မော်ပင်။ နောက်တစ်မှတ်တိုင် တွင် ၎င်းမိန်းမကြီးနံဘေးမှလူကြီး ဆင်းသွား၏။ ယခင် အတွေ့အကြုံ ရှိခဲ့သောဖြိုးက သူ့ရှေ့မှဖြတ်ဝင်မည့်လူကို အတင်းတိုး၍ နေရာ ဝင်ယူလိုက်၏။ ယခုတော့ ခုံနေရာရသဖြင့် နည်းနည်းတော့ ဟန် ကျပန်ကျဖြစ်သွားသည် ဆိုရမည်။



www.burmeseclassic.com

တွန်းတိုက်ခဲ့သော အငြိုးကြောင့်ပဲလား၊ သူ့သဘာဝပေးလားမသိ။ ထိုလူကြီးက ဖြိုးထိုင်သော ခုံနံ့ဘေးတွင် ကပ်ရပ်လျက် တစ်သမ်းထုံး တဖုတ်ဖုတ် လေလည်လျက် လိုက်ပါလာ၏။ မည်သို့မှ ရှောင်၍ မလွတ်ပါ။ ၎င်းလူ၏ဖင်နှင့် ဖြိုး၏မျက်နှာက တတန်းတည်းဖြစ်နေသဖြင့် ထိုလူပစ်သမျှ ဖြိုး၏နှာဝသို့ ထိချည်းသာနေသည်။ ဖြိုးက အောင့်သက်သက် အီးနံ့ကြားက ဘတ်စ်ကားကိုစီးရင်း သစ်ခွန့်သင်းပျံ့ကြိုင်လှိုင်နေသော သူ၏ အဲယားကွန်းတတ် ဇိမ်ခံဆလွန်းကားကြီးကို သတိရနေမိလေတော့၏။

* * *

www.burmeseclassic.com

## တစ္ဆေကားနဲ့ကြိုကြတယ်



ဖြိုးက လူရိပ်လူခြည်ကြည့်၍ ကုမ္ပဏီရှေ့သို့ ခိုးကြောင်ခိုးဝှက်ပုံစံနှင့် ပြေးကပ်လာ၏။ ကုမ္ပဏီရှေ့ လူရှင်းသည်နှင့် မျက်နှာကို လက်နှင့်ကွယ်ကာ ကုမ္ပဏီထဲသို့ တစ်ရှူးထိုးပြေးဝင်လေသည်။ သူ့ပုံစံကို အခြားလူများအား အမြင်မခံရဲ၍ပင်။

ဖြိုးပြေးဝင်လာသည်ကိုမြင်သည်နှင့် အဖေ့လူယုံ ကိုတင့်နိုင်က အတင်းပြေးဖက်ကာ ဖမ်းထား၏။

"ဟော့ ဟော့ ဒီမှာ တစ်ယောက်လောက် လာထိန်းကြစမ်း"

ကိုတင့်နိုင်က စစ်ကူခေါ်သည်နှင့် ကုမ္ပဏီ၏ အစောင့်



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းတစ်ဦးကလည်း ပြေးလာပြီး အတင်းဝင်လုံး၍ ဖမ်းချုပ်ထား၏။

"ဟေ့လူ ခင်ဗျား ဘာလို့ဝင်လာတာလဲ"

ကိုတင့်နိုင်က ခပ်ဆတ်ဆတ်မေး၏။

"ခင်ဗျား အငြိုးနဲ့တားလို့ မရဘူးနော်၊ ကျုပ်က ဒီကုမ္ပဏီရဲ့ ဒုတိယဥက္ကဋ္ဌဗျ"

"သိပါတယ်ဗျာ၊ ပထမဥက္ကဋ္ဌကြီး ဦးတက်ဖြိုးကိုယ်တိုင်လုံးဝအဝင်မခံနဲ့လို့ အမိန့်ပေးထားလို့ပါဗျာ၊ အေးအေးဆေးဆေး ထွက်သွားပါ"

ဖြိုး အတင်းရုန်းပြီး ဝင်ဖို့ကြိုးစားသည်။ ဟိုလူနှစ်ယောက်က အတင်းဖက်ပြီး ဆွဲထားကြ၏။

"ကဲ လွှတ်ဗျာ၊ အဖေကိုယ်တိုင်က ဒီလိုအပြတ် ပြောထားတယ်ဆို ကျုပ်ကလည်း ခပ်မာမာပါပဲ၊ မဝင်ရုံပေါ့"

နောက်လှည့်ပြီး အကျီများကို ခြေလက်ဆန့်ပြီး ထွက်ဟန်ဆောင် သွားရိပ်ပြ၍ ကိုတင့်နိုင်တို့ သတိလွှတ်သည်နှင့် ရုတ်တရက် နောက်သို့လှည့်ကာ ပြန်ပြေးဝင်၏။ ဤအပေါက်ကိုသိနေသော ကိုတင့်နိုင်တို့နှစ်ယောက်ကလည်း အတင်းဖက်ပြီး ဖမ်းချုပ်ကြပြန်၏။

"ဟေ့လူတွေ လွှတ်ဗျာ၊ ကျုပ်အဖေက စိတ်ဆိုးလည်း ခဏပဲ၊ ကျုပ်မျက်နှာပြလိုက်ရင် အကုန်ပြီးသွားမှာ၊ ခင်ဗျားတို့အခုလုပ်ပုံက ကျုပ်ကို အလုပ်ဖြုတ်ပေးဖို့ တောင်းဆိုနေသလိုပဲ"

ကိုတင့်နိုင်က လေသံအေးအေးနှင့်

"မလုပ်ပါနဲ့ဗျာ၊ ဥက္ကဋ္ဌကြီးက လေးလေးနက်နက်ကို နှင်ချထားတာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

“အဖေ အဖေ လုပ်ပါဦးဗျ”

အပြင်မှ အသံဗလံများကြောင့် ဦးတက်ဖြိုး ရုံးခန်းတံခါး ဖွင့်ပြီး ထွက်လာ၏။

“ဟော့ကောင် ဖြိုးမောင်မောင် မင်းမှာ သိက္ခာရော ရှိသေးရဲ့လားကွ၊ ဟင် မင်းကို ငါမတွေ့ချင်လို့ အိမ်ကိုလည်း မလာနဲ့၊ ရုံးကိုလည်း မလာနဲ့၊ ဖုန်းလည်းမဆက်နဲ့လို့ ပြောထားတယ်လေ၊ နားမလည်ဘူးလား”

“အဖေ ငွေလည်းတစ်ပြားမှ မပေး၊ ကားလည်းမရှိ ဖုန်းလည်းသိမ်းထားတော့ သားဘယ်လိုနေရမလဲ၊ အဖေ သားကို သတ်ချင်နေတာလားဟင်၊ ဝတ်ပြီးသေစေချင်နေတာလား၊ အဖေ့လုပ်ပုံက သားကို သတ်နေသလိုပဲ၊ ဒါလူသတ်မှု ကျူးလွန်နေတာနော် အဖေ”

“တော်ကွာ၊ မင်းလိုကောင်မျိုးက နောင်တစ်ချိန်မှာ ဖြိုးလုပ်ငန်းစုကို ဘယ်လိုအမွေဆက်ခံမှာလဲ၊ ငွေသိန်းတစ်ထောင်ယူသွားတယ်၊ တစ်ရက်အတွင်း ခွေးသူတောင်းစားပုံစံနဲ့ ပြန်ရောက်လာတယ်၊ ကြည့်ဦး ဝတ်ထားတဲ့အဝတ်အစားနဲ့ရုပ်နဲ့က ခု ရှူမနေရင်တောင် တော်ကြာရှူးတော့မယ့်ပုံ၊ မင်းအစွမ်းအစတွေးအခေါ်က ဒါအကုန်ပဲလား၊ ရှက်စရာကောင်းလိုက်တာ၊ ဟော့ကောင်တွေ ဘာလုပ်နေကြတာလဲ၊ ဆွဲထုတ်ကြလေကွာ”

ဟိုလူနှစ်ယောက်က ဦးတက်ဖြိုးအမိန့်ရသည်နှင့် ဖြိုးအား အတင်းပင် ဆွဲထုတ်ကြ၏။ ဖြိုးက ရုန်းရင်းကန်ရင်း ယက်ကန်ယက်ကန်နှင့် အပြင်သို့ ပြန်ပါသွားပြန်၏။

“အဖေ အဖေ ဟိုငွေတွေက ကုမ္ပဏီကောင်းစားရေးအတွက် သုံးထားတာလေဗျာ၊ အဖေ”



www.burmeseclassic.com

www.burmeseclassic.com

## အလွမ်းအောက်

ဟိုလူနှစ်ယောက်က အဖေ့အမိန့်ကို တရားဝင်ရထားပြီ မို့ ညှာတာမှုမရှိတော့ပြီ။ ကုမ္ပဏီတံခါးဝရောက်သည်နှင့် ဝမ်း တူး သရိုး အော်ကာ လမ်းမပေါ်သို့ လွှဲပစ်လိုက်ကြသည်။ ဖြိုး လေ့ကား ထစ်များမှ တဒုတ်ဒုတ် တဒုံးဒုံးနှင့် တလိမ့်ခေါက်ကွေး လိမ့်ကျတော့ သည်။ ဖြတ်သွားဖြတ်လာလူများကလည်း ဖြိုး၏ အဝတ်အစား နှင့် ရုပ်ကိုကြည့်ပြီး ပြုံးစိစိ ဖြစ်သွားကြသည်။

"ဘာရယ်တာလဲ၊ ဟင်း ငါ့ဘာကောင်ထင်နေလို့လဲ၊ ဖြိုး လုပ်ငန်းစုရဲ့ ဒုတိယဥက္ကဋ္ဌကွ၊ မင်းတို့မျက်နှာတွေကို ငါးထောင်တန် အုပ်နဲ့ ဖြတ်ရိုက်လို့ရတယ်"

ဖြိုးကား မည်မျှပင် ရုပ်ကလာပ်က စုတ်ပြတ်နုံချာနေ သော်လည်း မာန်က မနုံချာ။ ဘဝင်သည် သူ့အဆင့်နှင့်သူမြင့်၏။ အကြောင်းမသိသောလူများကသာ ရယ်ပြီး ရှောင်သွားကြ၏။

"အောင်မာ ငါ့လာရယ်နေတယ်၊ ဖုန်းမရှိလို့ပေါ့၊ ဖုန်းရှိ လို့ကတော့၊ ခုလောက်ရှိ စခန်းမှာ ကွိနေလောက်ပြီ၊ ဟင်း"

* * *



www.burmeseclassic.com

www.burmeseclassic.com

“ဟဲ့ နင်တို့ တစ်လလုပ်ရင် လစာ ဘယ်လောက်ရလဲ၊”

“ငါးသောင်းခွဲ”

“ဟား တယ်နည်းတာပဲ၊ ငါဆို တစ်ရက်ကို ငါးသောင်း လောက်မသုံးရင် အယားမပြေဘူး၊ ဘာမှလုပ်စရာ မရှိရင်တောင် ကောင်မလေးတွေကို ကြိုက်ရာသုံးဆိုပြီး ပေးပစ်လိုက်တာပဲ ဟဲဟဲ ဟဲ၊ နင်တို့ရုပ်နင်တို့ရည်နဲ့ဟာ ဒီအရက်ဆိုင်စုတ်မှာ ဖင်ကျွမ်း အောင်ထိုင်ပြီးမှ တစ်လငါးပုလင်းလောက်ရတဲ့အလုပ် အနုတ် စုတ် ဂုတ်စုတ်အလုပ်စုတ်မျိုးတွေ လုပ်နေရတယ်လို့ ဟဲဟဲဟဲ”

ကောင်တာတွင်ရပ်ရင်း ဘီယာသမားလူဝကြီးက အောင်



www.burmeseclassic.com

www.burmeseclassic.com

## အမြွှောက်

"ကလေးကလည်း
စိတ်ကြီးပဲ ဒါကြောင့်လည်း
အနွမ်းပန်းကလေး
ဖြစ်နေရှာတာပေါ့
ကိုကြီးတို့က
အသက်ကြီးသလို
အသည်းလည်းကြီးတယ်"

တာစာရေး မေမိုးနှင့်စန္ဒီတို့ကို ကိုယ်ရည်သွေး ဖွန်ကြောင်နေခြင်း ဖြစ်သည်။ စန္ဒီက

"ကဲ ဦးလေးကြီး၊ ဆန္ဒကို သိက္ခာနဲ့ဖုံးဖိထားဦး၊ ဆန္ဒတွေက လျှံကျနေပြီ၊ ကိုယ့်အရွယ်ကြီးကိုလည်း သတိရ"

"ကလေးကလည်း စိတ်ကြီးပဲ၊ ဒါကြောင့်လည်း အနွမ်းပန်းကလေး ဖြစ်နေရှာတာပေါ့၊ ကိုကြီးတို့က အသက်ကြီးသလို အသည်းလည်းကြီးတယ်"

"ဘာလဲ အရက်သောက်များလို့လား"

"အေး များ များ အာ နှလုံးသားကြီးတယ်ဆိုတာ ခံစားတတ်တယ်လို့ ပြောတာဟဲ့၊ ကိုကြီးနာမည်လည်း မှတ်ထား၊ ဦးဆန်းတဲ့၊ အခက်အခဲရှိရင် ဖုန်းဆက်လိုက်လေ၊ ကိုကြီးက အသင့်ရှိပါတယ်၊ ဟဲဟဲဟဲ ဖုန်းနံပါတ်က ၇၀၄၃၁၁. . "

မမမိမာက နားကြားပြင်းကပ်လာသဖြင့် လုပ်လက်စ စာရင်းကိုရပ်ကာ ကောင်တာသို့ ထွက်လာ၏။ မေမိုးက အကြိုး တကြီးပုံစံနှင့်



www.burmeseclassic.com

www.burmeseclassic.com

“မမိမာ လုပ်ပါဦး၊ ဒီမှာ”

မမိမာက ဦးဆန်းဆိုသူအား မိုက်ကြည့်ကြည့်ရင်း

“ကဲ ဦးလေး အလုပ်ကို ဖြောင့်ဖြောင့်လုပ်ပါရစေ၊ ဘီယာသောက်မှာဆိုလည်း စားပွဲမှာ သွားထိုင်သောက်၊ ဒီနားမှာ ရှေးဟောင်းပစ္စည်း စိတ်ဝင်စားတဲ့လူမရှိဘူး”

ဦးဆန်းကြီးက စိတ်သိပ်ပျက်သွားပုံနှင့်

“ဟား ဒုက္ခပါလား၊ ဒါဖြင့်ရင် ဒီငွေငါးသောင်း ခြောက်သောင်းလောက်ကို ဘယ်လိုသုံးရမယ် မသိတော့ဘူး၊ ဒီလိုလုပ်လေ၊ ဒီကညီမကြီး ယူမလား၊ ညီမကြီးပဲ သုံးလိုက်တော့”

မမိမာ ကောင်တာနောက်မှ အပြုံးနှင့်ထွက်လာကာ ဦးဆန်းဆိုသူလူကြီး၏ ကော်လံဖျားကို လက်ညှိုးနှင့်တို့၍

“ငွေငါးသောင်း ခြောက်သောင်းပါတယ်၊ ဟုတ်လား၊ ပြပါဦး ပိုက်ဆံလေးမြင်ဖူးအောင်”

“ဟားဟားဟား အဲလိုအလိုက်သိစမ်းပါ၊ ဦးဆန်းကြီးက စိတ်ကြည့်ရင် အလိုက်သိမှ ကြိုက်တယ်၊ ဒီမှာကြည့်စမ်း၊ ပိုက်ဆံတွေမှ မနည်းမနောဘဲ၊ ညီမကြီး လိမ္မာရင်လိမ္မာသလို ထပ်ပေးထို့ရသေးတယ်၊ ဟင်းဟင်းဟင်း၊ ဦးဆန်းကြီး စိတ်ကောင်းတယ်ဆိုတာ ဒီနားက ကောင်မလေးတိုင်း သိကြပါတယ်၊ ဟား ဟား”

မမိမာက ပိုက်ဆံကိုကြည့်ပြီးမှ ဟိုလူ့ခြေထောက်ကို ဒေါက်ဖိနပ်နှင့် ဆောင့်နင်းချလိုက်၏။

“ကိုင်းဟာ”

“အောင်မလေး သေပါပြီဗျာ၊ ဘယ်လိုလုပ်တာလဲဟင်၊ အောင်မလေး ဖနောင့်ပါပေါက်သွားပြီလား မသိဘူး၊ ဘာလုပ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"အာချောင်နေလို့ ကျပ်ပေးလိုက်တာလေ၊ နာသွားလား တိုကြီး"

"ဒေါက်ဖိနပ်နဲ့ ဆောင့်နင်းတာ နာတာပေါ့ ညီမကြီးရဲ့"

"လာ ထထ ညီမလေး တွဲပို့ပေးမယ်"

"ဩော် ဒါမှညီမကြီးက အမိပွာယ်ရှိရှိနဲ့ တွဲထွက်သွားမှာ တို့။ သိပ်ကို ဖြတ်ထိုးဉာဏ်ကောင်းတဲ့ ညီမကြီး၊ ဟီးဟီး"

အနင်းခံရတာကိုပင် ကျေနပ်ဝမ်းသာနေသော ဦးဆန်း ဆိုသူအား မမမိမာက ဆိုင်ပြင်သို့ တွဲခေါ်ထုတ်သွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ဘဏီသို့ ဝင်ခွင့်မရသဖြင့် စိတ်လေလေနှင့် လမ်းလျှောက်လာသော ဖြိုးက ခပ်လှမ်းလှမ်းမှ မမမိမာနှင့် လူကြီးတစ်ဦးတွဲပြီး ကပ်လျက်ရပ်နေသည်ကိုမြင်ပြီး အံ့သြသွား၏။

“ဘာတွေလဲ၊ ဒီဘွားတော်ကြီးက ဘာဇယားလဲ”ဟု စူးစမ်းစိတ်နှင့် အကွယ်မှ ချောင်းကြည့်နေမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





မမမိမာက လူကြီး၏ နားနားကပ်ခါ လေသံနှင့်မေး၏။

"ခုနကပိုက်ဆံက ဒီနေ့ကို ကောင်မလေးတစ်ယောက် ယောက်ကို ပေးမှာပေါ့ ဟုတ်လား"

"ပေးဖို့ဆန္ဒရှိနေပြီပဲကွယ်"

"ခု ခြေထောက်တစ်ဖက် နာနေတော့ ဘယ်လိုလုပ်မလဲ"

"ဘယ်တတ်နိုင်မလဲ၊ နောက်တစ်ဖက်ကိုပဲ အားပြုရတော့ မှာပေါ့"

"ပိုက်ဆံတော်တော်ပါလို့လား"

"ပါပါတယ်ဆို ဒီမှာလေ"

မမာအား ပိုက်ဆံအိတ်ဖွင့်ပြသည်ကို ဖြိုးမြင်ပြီး အံ့ဩစွာ ကြည့်နေမိ၏။ မမမိမာသည် ဤသို့သောငွေရှာသူကြီးလား။ သံသယနှင့် ကြည့်နေစဉ်တွင်ပင် မမမိမာက ကျန်ခြေထောက် တစ်ဖက်ကို ထပ်၍ ဆောင့်နင်းချလိုက်၏။

"အောင်မငီး အောင်မြတ်ငီး တေပြီ၊ တစ်ခါတည်း တေပြီ"

မမာ လက်သီးလက်မောင်းတန်းပြီး လူဝကြီးကို မောင်းထုတ်နေပုံက တဆိတ်အားပါလှသည်။ ဖြိုးက အဝေးကနေကြည့်ရင်း မမာလုပ်ရပ်အတွက် ပြုံးရယ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အပယင်း ငွေအားကိုးနဲ့ သူများသားမယားကို လိုက်ဖျက်ဆီးချင်တဲ့ကောင်ကြီး၊ နောက်တစ်ခါ ဒီထက်နာမယ်မှတ်"

ဟိုလူဝကြီးက ကွတကွတ ခုန်ဆွခုန်ဆွနှင့် သုတ်ခြေတင်သွားပုံကိုကြည့်ကာ ဖြိုးရေရွတ်မိ၏။

ဖြိုးက မမာလုပ်ရပ်အတွက် လွတ်လပ်စွာ ရယ်မိပြီးမှ ကိုယ့်အဖြစ်ကို ပြန်သတိရမိ၏။ ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်ရင်း အားငယ်ရှက်ရွံ့သွားသည်။ ဘေးကိုဝေ့ကြည့်မိတော့ လမ်းဘေးဖုန်းရှိနေသည်။ ဖြိုး အိတ်ကပ်ကိုစမ်းကြည့်၏။ ပိုက်ဆံရှိသေးသည်။ ဖုန်းခေါ်ရင်း သူများစားနေသော ပီဇာမုန့်ကို တွေ့၍ စားချင်စိတ်နှင့် မျှော်မိသေးသည်။ ဟိုလူက မျက်စောင်းထိုး၍ မုန့်ကိုဖွက်ကာ တစ်ဖက်လှည့်သွား၏။

"ဟဲလို ကိုလွမ်းလား၊ ကျွန်တော်ပါ ဖြိုးမောင်မောင်ပါ"

"အေး ကိုဖြိုး အားလုံးအဆင်ပြေတယ်၊ ဒီညနေ ကိုဖြိုးစာတ်ကားအတွက် မေမြို့သွားဖို့ အလုပ်ရှုပ်နေတယ်၊ ထူးခြားမှ ဆက်လိုက်မယ် ဒါပဲနော်"

ဖုန်းချသွား၏။

"ကိုလွမ်း ကိုလွမ်း တောက် ဖုန်းချသွားပြီ"

ဖုန်းထပ်ခေါ်ပြီး ကိုယ်ပြောချင်ရာ အမြန်ပြောမှရမည်။

"ဟယ်လို ကိုလွမ်း၊ အလုပ်ကိစ္စ ပြောစရာရှိလို့ ငွေနည်းနည်းယူပြီး စီဒိုးနားဟိုတယ်ကို ခုလာခဲ့ပါ"

ဖြိုးက ကိုလွမ်းကို ဘာဆင်ခြေမှ အပေးမခံလိုသဖြင့် ပြောချင်ရာ ပြောပြီးသည်နှင့် ဖုန်းကို အမြန်ချလိုက်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com





ဟိုတယ်ထဲသို့ ဖြိုး ရှက်ရွံ့စွာနှင့် ဝင်လာ၍ ညှော်ကြိုကောင်တာအနီးတွင် မရဲတရဲထိုင်စောင့်နေရ၏။ အခြားလူများ ရိုးရိုးတန်းတန်း ရှိနေသော်လည်း ဖြိုးက အလိုလို အားငယ်နေသည်။ သူ့ဘေး တစ်ယောက်ယောက် ဝင်ထိုင်လျှင်ပင် သူတတစ်ဖက်သို့မျက်နှာလွှဲပြီး မလုံမလဲရှိနေသည်။

ကိုလွှမ်းရောက်လာ၏။ ဖြိုး၏ အဝတ်အစားနှင့် စုတ်ပြတ်နေသော ရုပ် ကလာပ်ကိုတွေ့ပြီး ကိုလွှမ်း အံ့သြတကြီး မေးသည်။

"ဟင်ကိုဖြိုး ဘယ်လိုဖြစ်တာလဲ"

"အခြေအနေကတော့ ဆိုးနေပြီဗျာ၊ ကျွန်တော်က ကြော်



www.burmeseclassic.com

www.burmeseclassic.com

ဗြာလုပ်ငန်းကို ရုပ်ရှင်မီဒီယာသုံးဖို့ လုပ်နေတယ်၊ အဲဒါကို အဖေ့နားက ဖော်လံဖားတွေက အဖေ့ကို ဘယ်လိုကြပ်ကြတယ် မသိဘူး၊ ကျွန်တော့်ကို အိမ်ကနှင်ချတယ်ဗျာ၊ ကုမ္ပဏီထဲကိုလည်း ပေးမဝင်ဘူး၊ ဖုန်းရောကားရော ဘဏ်စာအုပ်ရော အကုန်သိမ်းသွားတယ်၊ ကျွန်တော် မနေ့ညကလည်း တစ်မှေးမှ မအိပ်ရသေးဘူး၊ ဘာမှလည်း မစားရသေးဘူး၊ ခုရိုက်နေတဲ့ ရုပ်ရှင်ကို ရပ်လိုက်လို့ရမလား”

ကိုလွှမ်းက ပျာပျာသလဲနှင့် လက်နှစ်ဖက်ကာရင်း

“ဟာ ဖြစ်မလားဗျ၊ ရုပ်ရှင်ရိုက်တယ်ဆိုတာ ဒီလိုဆော့လို့ မရဘူးလေ၊ ကင်မရာ ကင်မရာမင်း မင်းသားမင်းသမီးနဲ့ မီးထိုးမှန်ထိုးကအစ အောက်ခြေသိမ်းတွေအထိ စရန်တစ်ဝက်ပေးပြီး ငှားထားရတာဗျ၊ ဖလင်တွေကလည်း တစ်ကားစာ ဝယ်ထားပြီးပြီခင်ဗျား ခုရပ်လိုက်ရင် ငွေက သုံးချိုးတစ်ချိုးတောင် ကျန်မှာမဟုတ်ဘူး၊ ပြီးတော့ ဒါတွေက ကတိတွေနဲ့ စာချုပ်တွေနဲ့ လုပ်ကြရတာ၊ ခုအခြေအနေမှာ ရပ်လိုက်ရင် ငွေအားလုံးနီးပါး ဆုံးရှုံးတဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြင် ဖြိုးလုပ်ငန်းစုကလုပ်တဲ့ အလုပ်တစ်ခု အရှုံးနဲ့ ပျက်သွားတယ်ဆိုပြီး လုပ်ငန်းစုကြီးရဲ့ နာမည်ပါ ရေစုန်မျောသွားလိမ့်မယ်"

ဖြိုး ခေါင်းတော်တော်ရှုပ်သွား၏။

"ကျွန်တော်လည်း ဘာလုပ်ရမှန်းကို မသိတော့ပါဘူးဗျာ၊ ခုတော့ စားချင်တယ်၊ အိပ်ချင်တယ်၊ ဒါပဲသိတော့တယ်၊ ခင်ဗျားမှာ ငွေပါခဲ့တယ် မဟုတ်လား"

"ဘာမှန်းမသိတော့ ငွေလည်း သိပ်မယူခဲ့မိဘူး၊ တစ်သိန်းတော့ပါတယ်"

"အေးဗျာ၊ အဲဒီငွေတစ်သိန်းသာ ပေးခဲ့၊ ပြီးမှ ကြည့်ရှင်းကြတာပေါ့"

ကိုလွမ်းက သူ့ထံတွင်ပါလာသော ငွေတစ်သိန်းကို ထုတ်၍ပေး၏။

"ခုလောက်ဆို အက်တာတွေလည်း အစုံရောက်နေလောက်ပြီ၊ မေမြို့မှာ နယ်ဆင်းတွေ ဖြတ်ခဲ့မယ်၊ သွားပြီဗျာ"

ငွေပေးပြီးသည်နှင့် ကိုလွမ်းက အရေးတကြီးပင် ထွက်သွားသည်။ ဖြိုးသာ နှစ်ရက်မျှ မူးလို့ပင် ရှုစရာမရှိခဲ့သော ငွေတစ်သိန်းထုပ်ကလေးကို တရှိုက်မက်မက် နမ်းရှုံ့ရင်း ကျန်ရစ်ခဲ့သည်။

"အောင်မလေး ပိုက်ဆံနံ့လေး ပိုက်ဆံနံ့လေး၊ တောက် ပိုက်ဆံအနံ့က တယ်မွှေးပါလား"

ငွေယားလေးက ရလာပြီဆိုတော့ ဖြိုးလုပ်ငန်းစုမှ ဒုတိယဥက္ကဋ္ဌ ဖြိုးမောင်မောင်၏ သူဌေးသားချိုက ပြန်ကြွလာ၏။ မနေ့ညက ဆင်းရဲချို့တဲ့ တော်ပြတ်ခဲ့ပုံများ ဆင်းရဲသားမိန်းမတစ်ဦး လက်နှင့် နယ်ပေးသော ငါးပိထမင်းကို စားခဲ့ရပုံများ၊ ကျပ်မပြည့်သော



လူငယ်တစ်ဦးထံမှ ငွေငါးထောင်မျှ ချေးသုံးခဲ့ရပုံများ အားလုံးအားလုံးကို မေ့လျော့သွားပြီ။ ကောင်တာသို့ ရဲရင့်သည့် ခြေလှမ်းများနှင့် သွားကာ

"ဟေ့ ငါ့ကို အခန်းကောင်းကောင်း တစ်ခန်းပေးစမ်း၊ ရေပူရေအေးစနစ်ပါပါစေ၊ အဲယားကွန်းလည်း ကောင်းရမယ်နော်၊ ဟင်း"

ဟိုတယ်ဝန်ထမ်းမလေးများက ပျာပျာသလဲ စာရင်းသွင်းကြသည်ပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

လူငယ်တစ်ဦးထံမှ ငွေငါးထောင်မျှ ချေးသုံးခဲ့ရပုံများ အားလုံး အားလုံးကို မေ့လျော့သွားပြီ။ ကောင်တာသို့ ရဲရင့်သည့် ခြေလှမ်းများနှင့်သွားကာ

"ဟော့ ငါ့ကို အခန်းကောင်းကောင်း တစ်ခန်းပေးစမ်း၊ ရေပူရေအေးစနစ်ပါပါစေ၊ အဲယားကွန်းလည်း ကောင်းရမယ်နော်၊ ဟင်း"

ဟိုတယ်ဝန်ထမ်းမလေးများက ပျာပျာသလဲ စာရင်းသွင်းကြသည်ပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com





ရေချိုးဇလားက ငြိမ်နေသည်။ ခဏာနေမှ ဖြိုး ရေနှစ်စိမ်နေရာက ခေါင်းပြန်ဖော်လာ၏။

“အား ကောင်းလိုက်တာ၊ နွေးထွေးလိုက်တာ၊ အရသာရှိလိုက်တာ”

ကြည်နူးနှစ်သိမ့်စွာနှင့် ရေပြန်ငုတ်ပြန်သည်။

ရေကို တဝကြီး အားပါးတရ စိမ်ချိုးပြီးမှ ဟိုတယ်က ပေးသော ညဝတ်စုံဝတ်ပြီး ကိုယ့်ကိုကိုယ် မှန်ထဲကြည့်မိသည်။

“ဟင်း လူကြီးလူကောင်းဆိုတာ ဒီရုပ်မျိုးကို ပြောကြတာနေမှာပဲ၊ ခန့်လိုက်တာ၊ လေးစားတယ်၊ ကိုယ့်ကိုကိုယ် သိပ်လေးစားတယ်၊ ဉာဏ်မှာ ပထမ၊ ရုပ်မှာစံပြ၊ ချမ်းသာမှုက ထာဝရ၊ အားပါး နည်းတဲ့ဂုဏ်ပုဒ်တွေလား၊ အင်း အား ရေတော့ချိုးပြီးပြီ”

ခုတင်ကြီးကိုကြည့်မိ၏။ ဟိုတယ်တို့၏ ဝန်ဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း အိပ်ရာခင်းများက ဖြူစင်သန့်ရှင်း မွှေးပျံ့နေသည်။ ခုတင်ပေါ် ခုန်တက်လှဲချလိုက်ရင်း

"အိုး သန့်လိုက်တာ၊ ကောင်းလိုက်တာ၊ ခုမှပဲ ဘဝမှန် ပြန်ရောက်တော့တယ်၊ ဟား တရေးတမော နှပ်လိုက်ဦးမှ၊ အိုး တယ်မြိန်တာပဲ၊ မြိန်တယ်၊ မြိန်တယ်၊ ဟား"

ဖြိုး ခုတင်ပေါ် အရသာရှိစွာ လူးလိမ့်ရင်း အိပ်ပျော်သွား၏။ ဘယ်လောက်တောင် ကျေနပ်နေသည်မသိ၊ အိပ်ပျော်သွားတာတောင် ပြုံးပြုံးကြီး။ ညကို ဘယ်သို့ပင် ဖြတ်သန်းသွားမှန်း မသိတော့။ တရေးတမော တဝကြီး အိပ်ပစ်ပြီးမှ နံနက်လင်းစတွင် အားရှိစွာ ပြန်၍နိုးထလာသည်။ ပတ်ဝန်းကျင်ကိုကြည့်၍ အားရကျေနပ်နေမိသေး၏။

"ဟွန်း ဖြိုးလုပ်ငန်းစုရဲ့ ဒုတိယဥက္ကဋ္ဌကွ၊ ဒီလို ပတ်ဝန်းကျင်မှာပဲ နေမှာပေါ့"

ခုတင်ဘေးတွင် မနေ့ကတည်းက ဒီနေ့မနက်စားရန် ကြိုမှာထားသော အစားအစာများက ပူပူနွေးနွေးနှင့် လတ်ဆတ်သန့်ရှင်းစွာ ရှိနေသည်။

အုပ်ဆောင်းကလေးကို ဖွင့်ကြည့်ပြီး ဟင်းနံ့များကို ခံကြည့်သည်။

"အားပါး အဆင့်မြင့် ပင်လယ်စာ စားစရာတွေနဲ့ပါလား၊ ဟား"

မနေ့က ငတ်ပြတ်ထားသော အရှိန်ကြောင့် နံနက်စာကို ခေါင်းမဖော်တမ်း အားပါးတရ လွေးသည်။

"အားပါး တယ်အရသာရှိတဲ့ ပုစွန်ထုပ်ကြီးပဲ၊ အူး တယ်ကောင်းတဲ့ မနက်စာပဲ၊ အိုး ပြင်သစ်ဝိုင် မြို့တောင်မချရက်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါလား"

အားပါးတရစားပြီးမှ ကောင်တာသို့ ဖုန်းခေါ်လိုက်သည်။

"အခန်း A001 က ဘီလ်လိုချင်ပါတယ်"

အခန်းထဲသို့ စားပွဲထိုး ဘီလ်နှင့်ဝင်လာကာ ဖြိုးအား ရိုသေစွာပေး၏။ ဖြိုးက သူဌေးတို့၏ သိုက်မြိုက်သောအိန္ဒြေနှင့် ဘီလ်ကို ကြည့်၏။

"၉၆၀၀၀၊ ဟ တန်သားပဲဟ"

ငွေတစ်သိန်းထုပ်ကို ဖတ်ခနဲ ပစ်ပေးကာ

"ရော့ တစ်သိန်း ပြန်မအမ်းနဲ့"

စားပွဲထိုးက ပျော်ပြီးယူသွားဖို့ ပြင်နေစဉ်မှ ဖြိုး အခြေအနေမှန်ကို သတိရကာ

"ဟ္ဘာ ဟေ့ နေဦး နေဦး"

ပိုက်ဆံထုပ်ကို ပြန်လုယူပြီး ငွေလေးထောင်ကို ပြန်ထုတ်ယူ၏။ ပြီးမှ တစ်ထောင်တန်တစ်ရွက်ကိုထုတ်၍ စားပွဲထိုးကို မပေးချင်ပေးချင်ပုံစံနှင့်ပေးကာ

"ရော့ မင်းအတွက် ဒီလောက်ဆိုတော်ရောပေါ့၊ ငါက မပေးနိုင်တာ မဟုတ်ဘူးနော်၊ ငွေများများရပြီး မင်း အောက်ခြေလွတ် ပျက်စီးသွားမှာစိုးလို့ မပေးတာ ဟင်းဟင်း"

စားပွဲထိုးက ငွေမပေးဘာမပေးနှင့် ဘလိုင်းကြီး ကျောနေသဖြင့် တစ်ထောင်တန်ကို ဆောင့်ကြီးအောင့်ကြီးနှင့် ဆွဲယူကာ ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်သွား၏။

ဖြိုးက ငွေသုံးထောင်ကို နမ်းရင်း

"ပိုက်ဆံနဲ့ ပိုက်ဆံနဲ့ ရှူဖို့ပဲ ကျန်တော့တယ် ဟူး"



www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းချရပြန်သည်။ ဟိုတယ်ခန်း၏ တစ်ထောင့်ကို ကြည့်မိစဉ်ခဏ နဂိုရ်ပျော့နေသော သူ့ခန္ဓာက တစ်ကိုယ်လုံး ပို၍ ပို၍ ပျော့ကျသွား၏။ သူကြည့်တဲ့နေရာမှာ ငတိုးရဲ့ မကိုးမကား ဝတ်စုံ။ သေပြီစမ်းစမ်းညွှန့်။

သူ့ကိုယ်ပေါ် တစ်စက်လေးမှ မတင်ချင်သော ငတိုး၏ ဝတ်စုံကို စိတ်မချမ်းမြေ့ခြင်းကြီးစွာနှင့် ပြန်ဝတ်ရပြန်၏။

"တောက် မကိုးမကားတွေ ပြန်ဝတ်ရဦးမယ်၊ ဘာဖြစ်ဖြစ်ကွာ၊ အဖေအမေ ဘာပြောပြော ဒီလောက်ဆင်းရဲတာတော့ မခံဘူး၊ ဘိုးဘွားအမွေဖြစ်တဲ့ ဟမ်းချိန်းကိုပဲ ဟမ်းချိန်း ဟင် မရှိတော့ဘူး"

ဖြိုးက သူ့လက်ကို သူ့ဘာသူကိုင်ပြီး စဉ်းစားနေမိသည်။

"ဘယ်မှာကျန်ခဲ့တာပါလိမ့်၊ အိုး"

သေသေချာချာ ပြန်စဉ်းစားမှ ငတိုးတို့အိမ်ရှေ့ရှိ ဆပ်ပြာခွက်ထဲတွင် ချွတ်၍ထည့်ခဲ့မိကြောင်းကို ပြန်သတိရတော့သည်။

"ဟာ ဟိုအိမ်စုတ်မှာ ကျန်ခဲ့တာပဲ၊ တောက် ဒီအိမ်နဲ့ ငါနဲ့ကတော့ ပဋ္ဌာန်းဆက်ပါလား မသိဘူး၊ သံယောဇဉ်ကို မကုန်နိုင်ဘူး"

ခဲဆွဲထားသော ခြေလှမ်းများက လိပ်ဘိုးဘိုးလို လေးပင်ခင့်နွဲ့လို့။ ထပ်ပြန်မရောက်ချင်သော ပတ်ဝန်းကျင်သို့ မသွားချင်ဘဲ သွားရပေဦးမည်လေ။

* * *

www.burmeseclassic.com

www.burmeseclassic.com





ငတိုးတို့နေသောနေရာက စမ်းချောင်းအနီးက အလွန်ချောင်ကျသော ရပ်ကွက်ဖြစ်သည်။ ညဖက် မှောင်ကြီးမဲကြီးတွင် ရောက်ခဲ့ပြီး မနက်ဖက် အရှက်သည်းစွာနှင့် မျက်နှာဖွက် ပြန်လာခဲ့ရသဖြင့် လမ်းများ ကားမှတ်တိုင်များကို ဖြိုးမောင်မောင် လုံးဝမမှတ်မိဘဲ ဖြစ်နေသည်။ တက္ကစီဆရာကလည်း မရေမရာသော စကားများနှင့်သာ မေးမြန်းစုံစမ်းနေသည်ကို ကြားရသဖြင့် စိတ်မရှည်တော့။

"ဒီနားလားမသိဘူး ကားဆရာ၊ ခဏခဏ ပလိစ် ပလိစ်"

လမ်းဘေးမှ ဆိုက္ကားဂိတ်ကို လှမ်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီနားမှာဗျာ၊ အသက်၃၀လောက် ဒေါင်ကောင်းကောင်း ရှုပ်ချောချော မိန်းမတစ်ယောက် နေတယ်ဗျာ၊ သူ့နာမည်က မမ မီမာတဲ့၊ သူ့မောင်တစ်ယောက်ရှိတယ်လေ၊ ကျပ်မပြည့်သလို ဘာလိုလိုနဲ့လေ အဲဒါ"

ဆိုက္ကားဆရာက ဘုကြည့်ကြည့်ရင်း

"ခင်ဗျား အသက်၃၀အရွယ် ရုပ်ချောချောဆို ဒီနားမှာ အပုံချည်းပဲ၊ ဘာအလုပ်လုပ်လဲ"

"အဲ အလုပ်တော့လည်း မသိဘူးပေါ့လေ၊ မနေ့ညနေက ပါတိတ်အနီရောင် ဝတ်ထားတာ"

"အာ ခင်ဗျား ထဘီတော့ ဘယ်သူက လိုက်မှတ်မှာလဲ"

တက္ကစီသမားကလည်း ဝင်ကလပ်၏။

"အဲလိုလိုက်မေးနေရင် ဘယ်လိုသိနိုင်မှာလဲ၊ ကျုပ်မိန်းမလည်း အသက်သုံးဆယ်လောက်ပဲ"

"ရုပ်ရောချောလားဟင်၊ သူ့မောင် သူ့မောင်ကရော ကျပ်ပြည့်လား"

"အာ ငေါ့ပြောနေတာဗျ၊ ကဲ ဒီလိုလိုက်ရှာမယ်ဆိုရင် အားနဲ့တော့ မဖြစ်တော့ဘူး၊ ခင်ဗျားဘာခင်ဗျား လမ်းလျှောက်ရှာတော့ဗျာ၊ ကျုပ် အချိန်ကုန် မခံနိုင်တော့ဘူး"

"နေပါဦးဗျ၊ ဒီနားတော့ဒီနားပဲ"

နေပူကျဲတဲထဲ ငတိုးပျော့မြူးစွာနှင့် ခုန်ကရင်း လမ်းလျှောက်လာတာကိုမြင်မှ ဖြိုး ဝမ်းသာသွားတော့၏။

"ဟော ဟိုမှာ ဟိုကောင်လေးပဲ"

"ဟေ့ဟေ့ ညီလေး ငတိုးမဟုတ်လား"

"ဟုတ်ပါတယ် ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအိမ်ပြန်မှာ မဟုတ်လား"

"ဟုတ်ပါတယ်"

"အေး အဲဒါဆို ကားပေါ်တက်၊ ကိုကြီး မင်းကို အိမ် လိုက်ပို့မယ်"

"ဟေး ကားစီးရတော့မယ်၊ ဝမ်းသာတယ်၊ ဝမ်းသာတယ်"

ငတိုးက ဘာရယ်မသိ။ အငှားကားစီးရတာကိုပဲ ဝမ်း တွေသာလို့။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖြိုးက မမမိမာတို့အိမ်ရှေ့ရှိ ဆပ်ပြာခွက်ထဲတွင် သူ့ဟမ်းချိန်းကို သွားရှာ၏။ သူထားခဲ့သောနေရာတွင် ဟမ်းချိန်းက မရှိတော့။ ဖြိုးက ငတိုးကို မေးသည်။

"ငတိုး ညီလေး၊ မနေ့မနက်က အစ်ကို့ဟမ်းချိန်းကို ရေစည်ဘေးက ဆပ်ပြာခွက်ထဲမှာ ထည့်ထားတယ်၊ တွေ့မိသေးလား"

ငတိုးက ရှက်ပြီး မျက်နှာနီသွားသည်။ ပြီးမှ

"တွေ့မိပါတယ်"

မြေကြီးပေါ်ပြုတ်ကျကာ ဖုတ်တိုက်နေသော စိတ်ဓာတ်က မျှော်လင့်ချက်ရောင်ခြည်ကြောင့် အနည်းငယ် အားတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုဘယ်မှာလဲ"

"မသိ မသိဘူး၊ မသိတော့ဘူး"

ဖြိုး၏ အားတက်စိတ်က စက္ကန့်ပိုင်းမျှသာ ခံ၏။ ဝုန်းခနဲ

"ဘာလဲ မင်းမမသိမ်းထားတာလား"

"မ မသိဘူး"

"ဒုက္ခပါပဲကွာ၊ မင်းမမဆီ ဖုန်းဆက်လို့ရမလား"

"ရတယ်"

ငတိုးတို့ တစ်အိမ်ကျော်က အိမ်ဆိုင်ကလေးသို့သွားကာ ဖုန်းဆက်ကြ၏။

"သားမမဆီကို- ဖုန်းဆက်မလို့"

ဖုန်းဆိုင်က အမြဲလုပ်ပေးနေကျမို့ ထင်သည်။ ငတိုးကို မြင်သည်နှင့် မမမိမာတို့အလုပ်ထဲကဖုန်းနံပါတ်ကို နှိပ်ပေးသည်။

"ဟုတ်ကဲ့ ဘယ်သူ မင်းမမနာမည် ဘယ်သူ"

"မမမိမာ"

"ဟုတ်ကဲ့၊ မမမိမာနဲ့ ပြောချင်လို့ပါ၊ ဩော် မမမိမာလား၊ ဟုတ်ကဲ့ ကျွန်တော်ဖြိုးမောင်မောင်ပါ၊ မနေ့မနက်က ဆပ်ပြာခွက်ထဲမှာ ကျွန်တော့်ဟမ်းချိန်းကျန်ခဲ့တယ်၊ တွေ့မိသေးလား မသိဘူး၊ ဘာ မတွေ့ဘူးဟုတ်လား၊ ငတိုးက တွေ့တယ်ပြောတယ်၊ ငတိုး မင်းမမကို ပြောစမ်းပါဦး"

ငတိုးကို ဖုန်းပေးကာ ပြောခိုင်း၏။

"သားတွေ့တော့ တွေ့တယ်၊ မသိတော့ဘူး"

ငတိုးက တိုတိုတုတ်တုတ်ပဲဖြေကာ ဖုန်းကိုပြန်ပေး၏။

"ဟာ အဲဒါက ပျောက်လို့မဖြစ်ဘူးဗျ၊ ဘယ်လောက်တန်တယ် ထင်လို့လဲ၊ ဒါ ဘိုးဘွားအမွေဗျ၊ ကဲ ခင်ဗျား ပြန်လာတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



စောင့်မယ်ဗျာ၊ ကိုယ့်မောင်လေးကို သေသေချာချာမေးပြီး ရှာပေးတော့၊ ဒါပဲ"

ဖြိုး စိတ်တိုစွာနှင့် ဖုန်းကိုဆောင့်ချ၏။ အပြန်လမ်းတွင် ငတိုးက ရေခဲချောင်းစားချင်သည်ဆိုသဖြင့် ဖြိုးက ဝယ်ကျွေးသည်။ မမမိမာအား အိမ်ရှေ့တွင် တစ်နေ့လုံး ပျင်းရိစွာစောင့်ရင်း ငတိုးနှင့် ထွေလီကာလီ စကားများပြောရင်း အပျင်းဖြေနေရသည်။

"ငါကွာ မင်းနဲ့မတွေ့ရင် မင်းတို့အိမ်ကို လာတတ်မှာ မဟုတ်ဘူး၊ မင်းကိုတွေ့လို့တော်သေးတယ်၊ ဒါနဲ့ မင်း ခုနက ဘယ်က ပြန်လာလဲ"

ငတိုးက အိမ်ဝရန်တာလက်ရမ်းကို မြင်းလုပ်စီးရင်း ဖြေ၏။

"ဟိုးဖက်ရပ်ကွက်က ဂိမ်းဆိုင်မှာ ဂိမ်းသွားဆော့တာ၊ မမက ဂိမ်းစက်ဝယ်ပေးမယ်ပြောထားတာ ကြာပြီ၊ ခုထိဝယ်မပေးသေးဘူး"

"မင်းမမ ကပ်စီးကုတ်နေလို့ နေမှာပေါ့၊ ဒါနဲ့ ဒီရပ်ကွက်ထဲမှာရော ဂိမ်းဆိုင်မရှိဘူးလား"

"မရှိဘူး အဝေးကြီးသွားရတာ"

ငတိုးက ရှုံ့မဲ့ရင်း ပြောသည်။

"အဝေးကြီးဆိုလည်း နေပူကြီးထဲမှာ ကားစီးသွားရောပေါ့"

"မစီးတတ်ဘူး၊ အဝေးကြီးကို ရောက်သွားမယ်"

"မင်းကလည်း အဆန်းပဲ၊ ကားတော့ မစီးတတ်ဘူး၊ ဂိမ်းတော့ ဆော့တတ်တယ်"

ငတိုးက သူ့ကော်လံကို ဆွဲထောင်ရင်း ရင်ကော့ကာ ကြွားပြောပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"တတ်တယ်၊ ဂိမ်းဆိုတော့ ဆရာကြီးပဲ"

"အေး တစ်နေ့မှ မင်းနဲ့ငါနဲ့ ဆော့ကြမယ်၊ ဘယ်သူ ဆရာကြီးလည်း ကြည့်ကြသေးတာပေါ့"

"ဟေး ကိုကြီး တကယ်ဆော့မယ်နော်"

"တကယ်ပေါ့ကွ"

"ဒါမှ တို့ကိုကြီးကွ"

ငတိုးက ဖြိုးကို ဖက်လှဲဆွဲယမ်းကာ ပျော်ပြီးခုန်နေ၏။ ဖြိုးက ကြောင်စီစီနှင့် ပျော်ရမလား၊ တည်ရမလား မသိတတ်တော့။ ငတိုးကတော့ သူ့တစ်နေ့တာအပျင်းပြေဖော် စကားပြောဖော်ရသော ဖြိုးကို သားချင်းသဖွယ် ခင်တွယ်နေပုံရပါသည်။ ပျော်လို့၊ ရယ်လို့။

* * *



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သိမ်းပြီ။ ညဥ့်ကလည်း ခပ်နက်နက်ဖြစ်နေပြီ။ ဦးမျိုးလွင်က ကြောင်စခန်းထကာ မမမိမာကို ထမင်း အတင်း ကျွေးနေသည်။

“ကဲ မမမိမာရော ကောင်မလေးတွေပါ ဒီနေ့ညစာကို ဆရာကျွေးမယ် ဟုတ်ပြီလား၊ ဒီမှာပဲ စားသွားကြ”

မမမိမာက အကြောက်အကန်ငြင်းသည်။

“ဟာ မဖြစ်ပါဘူး၊ ကျွန်မမောင်လေး ဗိုက်ဆာနေလိမ့်မယ်၊ သူက ဘာမှလုပ်တတ်တာ မဟုတ်ဘူး”



www.burmeseclassic.com

www.burmeseclassic.com

## အငြေ့ခေါ်

ကရင်ကြီးက သူ့ဝက်ကို
အစာကျွေးတိုင်း
"ငုံ့ကောင်ကြီး စားထားနော်၊
ငါကျွေးတာကို တဝစား
ငါစိတ်မဆိုးဘူး၊ နောက် နှင့်ကို
ငါပြန်စားရင်လည်း
နှင်စိတ်မဆိုးနဲ့နော်"

"အို တစ်ညလေးပဲဟာ၊ ပြီးတော့ ဘယ်လောက်မှလည်း ကြာမှာမဟုတ်ဘူး၊ အလွန်ဆုံး နာရီဝက်ပေါ့နော်၊ ဒီည တို့ဆိုင်ရဲ့ အရောင်းစံချိန်တင်တဲ့ အထိမ်းအမှတ်နဲ့ စားကြမယ်နော်"

မမမိမာက ထမင်းချိုင့်ကို ခြင်းတောင်းထဲထည့်ရင်း

"ကဲ သမီးတို့ စားရင်စားကြ မမကတော့ အိမ်ပြန်ရမယ်၊ မောင်လေးနဲ့က မဖြစ်ဘူး"

"မမ ဒီတစ်ရက်တော့ စားလိုက်ပါ။ မကြာပါဘူး၊ ညီမတို့ ချည်းပဲဆို"

ကောင်မလေးများက သူတို့ချည်း မနေရဲ။ မေမိုးက ဦးမျိုးလွင်ကြီး နောက်ကျောမှ ပခုံးတွန့်ကာ ကျောချမ်းပြသည်။

"ပလိစ် ပလိစ် ဒီတစ်ရက်ထဲကို မမမိမာရယ်၊ ကျွေးချင် လွန်းလွန်းလွန်းလို့ စားဖို့ကို အသေအချာမှာပြီး ကိုယ်ချက်ခိုင်း ထားတာပါ"

"ကဲ ဒါဆိုလည်း ငြင်းမရမယ့်တူတူ အမြန်ဆေးကြ

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့”

မေမိုးနှင့်စန္ဒီတို့ သက်ပြင်းချကြသည်။ ဤသို့နှင့် မမမိမာတို့ အလွန်လောကွတ်ချော်နေသော ဆိုင်ရှင်ဦးမျိုးလွင် ကျွေးသော မသာထာရေစာကို အတင်းမြိုချနေကြရတော့သည်။ ဦးမျိုးလွင်ကတော့ အပျော်ကြီးပျော်နေပုံနှင့် “စား စား အဝစား”ချည်း လုပ်နေသည်။ ထိုသို့အဝစားဟုပြောတိုင်း ကြားဖူးသော ကရင်ကြီးပုံပြင်ကို သတိရရ,သွား၏။ ကရင်ကြီးက သူ့ဧက်ကို အစာကျွေးတိုင်း “ငါ့ကောင်ကြီး စားထားနော်၊ ငါကျွေးတာကို တဝစား ငါစိတ်မဆိုးဘူး၊ နောက် နင့်ကို ငါပြန်စားရင်လည်း နင်စိတ်မဆိုးနဲ့နော်” ဟူ၏။ ယခုလည်း ဤပုံနှယ်ပင်။ မျက်လုံးကြီးပြူးပြီး သွားဖြီးကြီးနှင့် အတင်းကျွေးနေပုံက အလျော်အစား အတော်ကြမ်းမည့်ပုံ။ အကြံအစည် တစ်ခုခုတော့ ရှိရမယ်။

“ဟမ်း ကောင်းမှကောင်း”

ဦးမျိုးလွင်ကြီးက ထမင်းလုတ်ကြီး ပလုပ်ပလောင်းနှင့် ထအော်၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အရွေ့စော်



အိမ်တွင် ငတိုး ဗိုက်ဆာနေပြီ။ မမမိမာက ရောက်မလာသေး။ ဖြိုးလည်း အိမ်ရှေ့ကပြင်တွင် ထိုင်စောင့်ရင်း ပျင်းရိနေသည်။

“ကိုကြီး ဗိုက်ဆာတယ်ဗျ”

“အေး ငါလည်း ဆာတာပဲ၊ မင်းတို့အိမ်မှာ ဘာရှိလဲ”

“သားမသိဘူး”

ဖြိုးနှင့်ငတိုးတို့ မီးဖိုချောင်ထဲ ဝင်ကြည့်ကြ၏။

ကြက်ဥ နှစ်လုံးရှိနေသည်။

“ကြက်ဥရှိတယ်၊ ဆီရှိတယ်၊ မင်းကြော်တတ်လား”



www.burmeseclassic.com

www.burmeseclassic.com

ငတိုးက မျက်နှာငယ်လေးနှင့် ခေါင်းခါပြရှာသည်။ သူတ ဉာဏ်ရည်မပြည့်သူမို့ မီးနှင့်ချက်ရပြုတ်ရသော အလုပ်ကို စိတ်မချ၍ထင်သည်။ ဘာမှလုပ်တတ်ပုံမရ။ ဖြိုးကလည်း တစ်သက်လုံး ခြေမွေးမီးမလောင် လက်မွေးမီးမလောင်နေခဲ့သူမို့ စားဖို့သောက်ဖို့အတွက် ဘယ်ဟာကို ဘယ်လိုလုပ်ရမည်မသိ။ သူ့အဖို့ ထမင်းဟင်းဆိုသည်ကို ပန်းကန်ထဲတွင် ခူးခပ်ထည့်ပေးပြီးသားကိုပဲ မြင်ဖူးသည်။ သို့သော်လည်း ငတိုးလေးဆာနေသည်ကိုတွေ့တော့ သူတတ်သမျှမှတ်သမျှနှင့် ကြိုးစားပေးတော့မည်ဟု စိတ်ကိုပိုင်းဖြတ်ကာ လျှပ်စစ်မီးဖိုကို ဖွင့်လိုက်၏။

"အေး ခဏလေးစောင့်၊ ငါ ကြက်ဥကြော်ပေးမယ်"

လုပ်နေကျမဟုတ်သဖြင့် အစစအရာရာ အဆင်မပြေ။ ကြက်ဥကြော်မှပေါက်သောဆီတွေကြောင့် လက်များ လောင်ရသည်။ မီးဖိုပေါ်မှအိုးကို လက်နှီးမယူဘဲ ကိုင်မိသဖြင့် လက်များပူရသည်။ ဘာပဲဖြစ်ဖြစ် ခနော်နီခနော်နဲ့ ကြက်ဥကြော် ဖရိုန်ခပ်စောင်းစောင်း နှစ်လုံးတော့ ကြော်ပြီးသွားပြီ။ ထမင်းအိုး ဟင်းအိုးများ လှပ်ကြည့်တော့ ထမင်းကြမ်းတစ်အိုး ရှိနေသည်။ ငတိုးအတွက် ထမင်းတစ်တုံး။ သူ့အတွက် တစ်တုံးထည့်၍ ကြက်ဥကြော်နှင့်စားဖို့ ပြင်ကြသည်။ ငတိုးက တော်တော်ဝမ်းသာနေပုံနှင့်

"ကိုကြီးရှိတာကောင်းတယ်၊ အမေသန်းက ထမင်းကတော့ ကျွေးတယ်၊ ကိုကြီးလို စကားမပြောဘူး၊ မမကလည်း သူ့အလုပ်မှာပဲ အချိန်ကုန်နေတာ၊ သားက သေပဲ၊ ခု ကိုကြီးရှိတော့ တစ်နေ့လုံး စကားလည်း ပြောရတယ်၊ ရေခဲချောင်းလည်း စားရတယ်၊ ဗိုက်ဆာရင်လည်း စားဖို့လုပ်တတ်တယ်၊ အရင်ကဆို ဗိုက်ဘယ်လောက်ဆာဆာ မမမိမာကိုစောင့်ပဲ၊ ခု ကိုဖြိုးရှိတော့ ဗိုက်ဆာ



www.burmeseclassic.com

www.burmeseclassic.com

အသဲခွဲဇာတ်

"လုပ်ပြီးပေါက်ကရ
နှင့်ဂိုလ်ပုလိပ် သူခိုးလိုကောင်က
ဘယ်ကပိုက်ဆံနဲ့
ငါးကျပ်သားဟမ်းချိန်းကို
ဝယ်နိုင်မှာလဲ
ငါး ရွှေးလား ငါးပဲလား

စရာ မလိုတော့ဘူး"

"သားရေ မောင်လေးငတိုးရေ၊ မမပြန်လာပြီ၊ ထမင်းစား မယ်နော်၊ အမေသန်းရော ပြန်ရောက်ပြီလား"

"အမေသန်းက ပြန်မလာပါဘူးဗျာ၊ တော်သေးတယ် ဒီမှာ ကိုဖြိုးရှိနေလို့"

မမမိမာက နောက်ဖေးသို့ဝင်ခဲ့ရာ ထမင်းစားခန်းထဲတွင် ထမင်းအတူစားနေကြသော ငတိုးနှင့်ဖြိုးကိုတွေ့ပြီး အံ့ဩသွားရ၏။

"ရှင်မပြန်ဘူးလား"

"ကျုပ်ရဲ့ဟမ်းချိန်းကို တွေ့အောင်ရှာပေးလေ၊ ဒါက ကျုပ်ရဲ့ ဘိုးဘွားအမွေဗျ၊ အဲဒီဟမ်းချိန်းကို တွေ့မှ ပြန်မယ်"

မမမိမာက သူမောင်အတွက်ဝယ်လာသော ဟင်းများကို ပန်းကန်လုံးနှင့် ထည့်ပေး၏။

"ဟဲ့ ငတိုး သူ့ဟမ်းချိန်းကို နင်တကယ်တွေ့ခဲ့တာလား"

ငတိုးက ခေါင်းငုံ့သွားပြီး တိုးတိုးလေးပြော၏။



www.burmeseclassic.com

www.burmeseclassic.com

“တွေ့တယ်”

မမမိမာက ဟင်းအိုးထမင်းအိုးများကို လှန်လှော နေရာချရင်း

“ဘယ်နေရာမှာ တွေ့တာလဲ”

“မမှတ်မိဘူး”

ငတိုးက အသံတုန်တုန်နှင့် ဖြေ၏။

“ဟဲ့ နင့်ဟမ်းချိန်းက ဘယ်အရွယ်လဲ၊ ဘာအရောင်လဲ”

ဖြိုးက စဉ်းစား၍ဖြေ၏။

“ရွှေဟမ်းချိန်းလေ၊ နဂါးခေါင်းက နဂါးအမြီးကို ငုံထားတဲ့ ပုံနဲ့”

“သေးသေးမှုံမှုံလေးလား”

“အောင်မာ၊ ဘာသေးရမှာလဲ၊ ရွှေငါးကျပ်သားရှိတယ်ဗျ”

“ဒေါင်”

မမမိမာက ဖြိုး၏ခေါင်းကို ကိုင်ထားသည့် ဇလုံနှင့် ခေါက်လိုက်ခြင်းဖြစ်သည်။

“လုပ်ပြီပေါက်ကရ နင့်လိုလူလိမ် သူခိုးလိုကောင်က ဘယ်က ပိုက်ဆံနဲ့ ငါးကျပ်သားဟမ်းချိန်းကို ဝတ်နိုင်မှာလဲ၊ ငါး ရွှေလား၊ ငါး ဝဲလား”

ဖြိုးက မျက်လုံးပြူးမျက်ဆံပြူးနှင့်

“အာ ခင် ခင်ဗျား ကျုပ်ကို ဘာကောင်မှတ်လဲဗျ၊ ကျုပ်က ဖြိုးလုပ်ငန်းစုရဲ့”

“ဂေါင်”

ထုံးစံအတိုင်းပင် မမမိမာ၏လက်က စက်ထက်မြန်၏။

“ကဲ ငါလည်း ပင်ပန်းလာတယ်၊ မနက်မှ လင်းလင်းချင်း

www.burmeseclassic.com



ချင်း ရှာပေးတော့မယ်”

မမမိမာက ဘာမှမထူးဆန်းသလိုပြောရင်းနှင့် အေးဆေးစွာပင် အိပ်ခန်းထဲ ဝင်သွားသည်။ ဖြိုးသာ သူ့ခေါင်းသူပွတ်ရင်း မကျေမချမ်းကျန်ရစ်သည်။

“တောက် ဒီမိန်းမကြီး စိတ်မှ မှန်သေးရဲ့လား၊ ဖြိုးလုပ်ငန်းစုရဲ့ ဒုတိယဥက္ကဋ္ဌကို သူ့မောင်ကျနေတာပဲ ဟင်း”

ငတိုးက ဖြိုးခေါင်းပွတ်၍ ရေရွတ်သည်ကို ဘယ်လိုသဘောပေါက်သည်မသိ။ သူလည်း ဖြိုးလို ခေါင်းလိုက်ပွတ်၍ ရယ်နေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





ဖြိုးနှင့်ငတိုးတို့ ငတိုးအိပ်ရာထဲ ပက်လက်လှဲပြီး ခေါင်မိုးကိုကြည့်ကာ စကားခိုးပြောနေကြသည်။

"ကိုကြီး ဒီမှာပဲ နေပါလား၊ ကိုကြီးရှိရင် သားပျော်တယ်ဗျ"

"အာ ငါဒီမှာနေတော့ မင်းအစ်မနဲ့ ငါ့ကို တခြားလူတွေက တစ်မျိုးထင်ကြမှာပေါ့ကွ"

"တစ်မျိုးထင်တော့လည်း သူတို့ထင်သလို လုပ်လိုက်ပေါ့ဗျ ကိုဖြိုးနဲ့ဆို ကျွန်တော်သဘောတူတယ်"

"အာ ပေါ့ကောင်ငတိုး၊ မင်း အဲလိုတွေ လျှောက်ပြောနေရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းမမအပျိုကြီးသိက္ခာကျမှာပေါ့ကွ၊ ကဲ ငါက မင်းအစ်မကိုယူလိုက်ပါပြီတဲ့၊ မင်းက ဘယ်သွားနေမှာလဲ"

"ရှိတာပေါ့ဗျာ"

ငတိုးက ရှက်ပြုံးနှင့်ပြောသည်။ ဖြိုးလှည့်ကြည့်တော့ ငတိုးမှာ လျှို့ဝှက်ချက်ရှိသည့်ပုံနှင့် ပေကလပ်ပေကလပ် လုပ်နေသည်။

"အောင်မယ် လူလည်၊ မင်းက မိန်းမယူချင်တာနဲ့ မင်းအစ်မကို စိတ်ချရအောင် လင်ပေးစားမယ်ပေါ့လေ"

ဖြိုးက ငတိုးကို အစ်လိုက်၏။

"ဟားဟားဟား အဲလိုမဟုတ်ပါဘူးဗျာ"

"ဟော့ကောင် ငါ့ကိုညာလို့မရဘူးကွ၊ ငါက ဝန်ထမ်းထောင်ချီပြီးအုပ်ချုပ်လာတာ သူတို့မျက်နှာတစ်ချက်ပျက်တာနဲ့ ဘာဖြစ်တယ်ဆိုတာ ငါရိပ်မိတယ်၊ ပြောစမ်း၊ မင်းကြိုက်နေတဲ့ ကောင်မလေးက ဘယ်သူလဲ"

ငတိုးက ထထိုင်၍ မမမိမာအခန်းဖက် နားစွင့်ရင်း

"မမ မသိစေနဲ့နော်"

"ငါက နှုတ်လုံပါတယ်ကွ၊ ပြောမှာပြောစမ်းပါ"

"ကျွန်တော် လမ်းထိပ်ဆန်ဆိုင်က ကျော့ကေသွယ်ကို ကြိုက်နေတာဗျ"

"ကြိုက်နေရုံနဲ့ ပြီးမလားကွ၊ ဖွင့်ပြောရမှာပေါ့"

"မနေ့က ဆန်သွားဝယ်ရင်း ပြောထားပြီးပါပြီ၊ ကျွန်တော်နဲ့မကြာခင် ဟိဟိဟိ"

"ဩော် လူလည်လေး၊ မင်းက ကိုယ်ပိုင်ကောင်မလေး ရတော့မှာပေါ့၊ လာစမ်း"



www.burmeseclassic.com

ငတိုးက အပြစ်ကင်းစွာ ရယ်နေသည်။ ဖြိုးက ငတိုးကို ဘလိထိုး၏။ မမမိမာ မသိအောင် ပျော်ရွှင်စွာခိုးကစားနေကြခြင်း ဖြစ်သည်။ ဖြိုးလည်း ကြည်နူးပီတိဖြစ် နေသည်။ သူ့ဘဝမှာ ဒီလိုရိုးသားတဲ့ မိသားစုရင်းနှီးမှုမျိုး တစ်ခါမှ မကြုံဘူး။

"အင်း လူတွေပြောပြောနေကြတဲ့ မိသားစုမေတ္တာ ဆိုဟာ ဒါမျိုးလား၊ အဖေနဲ့လည်း ဒီလို ရင်းရင်းနှီးနှီး မဆော့ခဲ့ဖူးဘူး၊ မှတ်မိသလောက် အမေနဲ့လည်း အတူတူ မအိပ်ဖူးဘူး၊ ငါက တစ်ချိန်လုံး အိမ်ဖော်တွေ ဒရိုင်ဘာတွေရဲ့ ရိုသေမှုတွေနဲ့ ကြီးပြင်းလာရတာ၊ မေတ္တာဆိုတာကိုတောင် ငါတို့သိခဲ့ကြရဲ့လား၊ ဝူး ဦးစားစရာပဲ"

အတွေးသစ်များနှင့် ဖြိုး အိပ်စက်၏။

* * *

www.burmeseclassic.com



နံနက်စောစောစီးစီး၌ပင် မမပိမာတို့အိမ်တွင် ဟမ်းချိန်းကို နေရာအနှံ့ရှာကြသည်။ အိမ်ရှေ့၊ ရေစင်၊ ဆပ်ပြာခွက်၊ အိမ်နောက်၊ အိပ်ခန်း၊ ညှော်ခန်းနှင့် အိမ်ရှေ့ရေမြောင်းဗွက်ထဲမှာပင် မကျန် ထောင့်စေ့အောင် ရှာကြသော်လည်း ဟမ်းချိန်းကို မတွေ့ကြရ။

"တစ်အိမ်လုံးလည်း နှံ့နေပြီ၊ နင် နေစရာမရှိလို့ ဟမ်းချိန်းပျောက်တယ် ဘာညာနဲ့ လိမ်ပြီး လာကပ်နေနေတာလားဟယ်"

"ဘာနေစရာမရှိရမှာလဲ၊ ခင်ဗျားနော် စကားကိုဆင်ခြင်ပြော၊ ကျုပ်က ဖြိုးလုပ်ငန်းစုရဲ့ အမွေစားအမွေခံ တစ်ဦးတည်းသောသား ဖြိုးမောင်မောင်ဗျ၊ မမှန်တဲ့စကား မပြောဘူး"

"ဖြော်"

မမပိမာ နားပန်ထကျင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"လူလိမ်၊ နင် သူဌေးဟန်ဆောင်တာတွေ ရပ်တန်းက ရပ်တော့၊ နင့်လို စွပ်ကျယ်စုတ်နဲ့ ဘောင်းဘီတိုနဲ့ စုတ်ပြတ်သတ်ပြီး လျှောက်သွားနေတဲ့ကောင်က သူဌေးသား ဟုတ်လား၊ သူတောင်းစားသားပဲ ဖြစ်ချင်ဖြစ်မယ်"

"အာ ခင်ဗျားလိမ်လို့ ပိုက်ဆံရမှာမို့လားဗျ"

"ပိုက်ဆံတော့ မရဘူးလေ၊ ဒါပေမယ့် အိမ်အလကား နေရတယ်၊ ထမင်းအလကား ကပ်စားရတယ် မဟုတ်လား"

"အောင်မာ ကျုပ်က ဗိုက်ဆာလို့စားတာ စားချင်တယ် မမှတ်နဲ့ ကျုပ်ကဖြိုးလုပ်ငန်းစုရဲ့"

"ဖြောင်"

မမာက ဖြိုး၏နားရင်းကို ထပ်ကျင်းပြန်၏။

"တော်တော့ ကဲကဲ ငါအလုပ်သွားရတော့မယ်၊ နင်တို့ဘာနင်တို့ တွေ့တွေ့မတွေ့တွေ့ ရှာချင်ရှာကြတော့"

"မတွေ့လို့ဖြစ်မလားဗျ၊ အဲဒီဟာမ်းချိန်းက ဘိုးဘွားအမွေ၊ ဖြိုးလုပ်ငန်းစုက"

မမာလက်ရွယ်သည်နှင့် ဖြိုး ငုံ့ရှောင်ရ၏။

"အရင်ပြောထားတဲ့ အတိုင်းပဲဗျာ၊ ဟာမ်းချိန်းမတွေ့ရင် ဒီကမသွားဘူး"

"ကောင်းတယ် မသွားနဲ့၊ ကိုဖြိုးရှိရင် သားပျော်တယ်"

ငတိုးလေးက သူ့သဘောနှင့်သူ သဘောတွေကျနေ၏။ ဖြိုးမှာသာ. .

* * *



www.burmeseclassic.com

ဖြိုးနှင့်ငတိုးတို့ လိုက်တမ်းပြေးတမ်း ဆော့နေကြသည်။ ဖြိုးက မောနေသော်လည်း အရမ်းကိုပျော်ရွှင်နေသည်။ သူ့တစ်သက်နှင့်တစ်ကိုယ် ဒီလောက်ကိုယ်လက်လှုပ်ရှားပြီး ကစားရသော ကစားနည်းမျိုး မကစားဘူးပေ။ အိမ်တွင် ဂိမ်းဆော့တာမျိုး၊ ကွန်ပျူတာ ချက်ရွှန်းထိုင်တာမျိုးများသာ လုပ်ဖူးသည်။ ဆော့မည်ဆိုလည်း ကစားကွင်းတစ်ခုခုသွားပြီး ကိုယ်နှင့်မသိမခင်မင်မရင်းနှီးသူများနှင့် တိုးဝှေ့ဆော့။ ပြီးလျှင် မေ့မေ့ပျောက်ပျောက်နှင့်ပြန်ကြ။ ဤသို့သာ နေခဲ့ဖူးသည်။ ယခုတော့ ကလေးစိတ်ပေါက်နေသော ငတိုးနှင့် ကလေးလို ကစားရသည်က သူ့အတွက်အထူး

www.burmeseclassic.com

အဆန်း အရသာတစ်ခု ဖြစ်နေသည်။

ဒီတစ်နေ့လုံး တူတူပုန်းကြသည်။ စိန်ပြေးတမ်း ဆော့သည်။ သူတော့ နားမလည်။ ဘီယာဗူးအစုတ်များကို ဘောလုံးနှင့်ပေါက်ပြီး တင်းပူဟုအော်ပြီး ပြေးရသော ကစားနည်းလည်းပါသည်။ အရုပ်ကတ်များကို ဖိနပ်နှင့်ထုရသော ကစားနည်းလည်းပါသည်။ သားရေပင် စုံမ,အုပ်ကြတာလည်းပါသည်။ ကျောက်တုံး စက္ကူ ကတ်ကြေးလည်း ပါသည်။ ကျောက်သေဆိုတာလည်း ပါသည်။ စာသင်ကျောင်းမှတစ်ခါတည်း အလုပ်ထဲသို့ လူကြီးအဖြစ် ဝင်ခဲ့ရသော ဖြိုး ယခုတော့ ရွာလေးစိတ်ပေါက်နေသော ငတိုးနှင့်ပေါင်းကာ သဘာဝကလေးဘဝကို ခဏပြန်ရနေသည်။ ဆော့ရင်းနှင့် မိုးပင်စုန်းစုန်းချုပ်ပေတော့မည်။ ဆော့၍မကုန်သေး။ ဆော့ကြတုန်း။ ငတိုးကလည်း အဖော်သာရှိလို့ကတော့ သေအောင်ဆော့မည့်ကလေး။

"ငတိုးရေ၊ မောင်လေး မမပြန်လာပြီ လာ၊ ဒီနေ့ လစာထုတ်လာလို့ မမ အသားတွေ ဝယ်လာတယ်"

ငတိုးနှင့်ဖြိုးတို့ မမမိမာဆီ ပြေးသွားကြသည်။ ငတိုးက မမာကို ခုန်၍ဖက်လိုက်ရာ ဖြိုးလည်း လိုက်ခုန်ပြီး ဖက်မလိုလုပ်မိပြီးမှ သူနဲ့ဘာမှမဆိုင်တာ သတိရကာ မနည်းကိုယ်ရှိန်သတ်လိုက်ရ၏။

မမမိမာ ကြော်လှော်ပေးသော အသားနှင့်ထမင်းကို ငတိုးမြိန်ရှက်စွာစား၏။ ဖြိုးက မှင်နှင့် မစားချင်တဲ့ပုံနဲ့ တစ်ဖက် လှည့်နေသော်လည်း အသားကြော်နံ့ မွှေးမွှေးက နှာခေါင်းကို လာကလိနေသည်။ ငတိုးက ဖြိုးကိုကြည့်သည်။

"ကိုဖြိုး စားလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါလားကွာ၊ ဒါမျိုးတွေစားမှာ၊ ဟင်း"

"ဘာလဲ ဖြိုးလုပ်ငန်းစုရဲ့အမွေခံမျိုးဆက်မို့လား၊ မစားချင်ရင်လဲသာသေလိုက်"

မမမိမာက ငေါ့ကာပြော၏။ ငတိုးက ဖြိုး ဗိုက်ဆာနေသည်ကိုသိသည်။ ထို့ကြောင့် ကိုဖြိုးစားရအောင် စဉ်းစား၏။ ပြီးမှ အကြံရသွားပြီး

"မမ အချဉ်ရည်နဲ့ဆို ပိုကောင်းမယ်"

"ဪ ဟုတ်သားပဲ၊ မမဝယ်လာတယ်၊ အိမ်ရှေ့မှာ ချခဲ့မိတယ်၊ ခဏလေးစောင့်"

မမမိမာထွက်သွားမှ ငတိုးက ဖြိုးကို အသားကင်များအတင်းခွဲ့ကျွေးသည်။ ငတိုးစေတနာပိုပြီး အတုံးကြီးကြီး ခွဲ့သဖြင့် နင်၍ပင်နေ၏။ ဖြိုးက ပလုပ်ပလောင်းနှင့် မနည်းမြိုနေရသည်။

မမမိမာ ပြန်ဝင်လာ၍ ဖြိုး မစားသလိုနှင့် တစ်ဖက် ပြန်လှည့်နေလိုက်၏။ မမမိမာက ဖြိုးကို တစ်သျှူးပေးကာ

"ရော့ဟဲ့ ပါးစပ်သုတ်လိုက်ဦး"

အသားငုံထားသောကြောင့် ပလုပ်ပလောင်းအသံနှင့် ဖြိုးက

"ပါးရပ်သုတ်ရအောင် ဘာဝါးရှိ့ရဲ"

မမမိမာ ပြုံးကာ ပန်းကန်တစ်ချပ်ချပေး၏။

"ရော့ လာစား၊ ဟန်ဆောင်မနေနဲ့"

တစ်နေ့လုံး ဆော့ထားရသဖြင့် ဗိုက်အရမ်းဆာနေသော ဖြိုးက အငမ်းမရဝင်စားတော့၏။ ငတိုးလည်း ထိုတော့မှ မြိုး... တော့သည်။ ပျော်ပါးစွာ ဟန်ဆောင်မှုကင်းစွာနှင့် စားကြ...



www.burmeseclassic.com

www.burmeseclassic.com



"စားတာလည်း အားရပါးရစား၊ မနက် မမဈေးဝယ်ထွက်ရင် ပစ္စည်းလေးဘာလေး လိုက်သယ်ပေးကြဦး"

မမာက ဖြိုးကိုကြည့်ပြီးပြော၏။ ဖြိုးက ခိုင်းစရာလား ဘာလား ဆိုသည့် ရန်ထောင်သည့်ပုံနှင့် မမမိမာကို မျက်စောင်းထိုး၏။ မမမိမာက အနားရှိ ဇလုံနှင့်ရွယ်မှ ဖြိုး ခေါင်းပုသွားရသည်။ မမမိမာ၏လက်က အကြောင်းသုံးပါးမှ မရွေးတာ။ ငတိုးတတော့ ပျော်၍ချည်းသာ နေ၏။

"ပျော်တယ် သယ်ပေးမယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com

ဒရွှေချော



လူတွေ လူတွေ လူတွေ။

ဘယ်မှာနေ၍ ဘယ်တွေသွားပြီး ဘာလုပ်နေကြသည်မသိ။

လမ်းဘေးလက်ဘက်ရည်ဆိုင်ကြည့်တော့လည်း အခြားဘယ်နိုင်ငံမှာမှ မမြင်ရမည့် မြင်ကွင်းမျိုးနှင့် ငေးမောတွေဝေလျက် မကျောက်ချထိုင်နေကြသည့် လူတွေ။ ပလက်ဖောင်းပေါ် ဘယ်ဒီဘယ်ဝယ်မသိ ဘုရားပွဲလို တိုးကြိတ်လူးလာနေသူတွေ၊ အခေါင်းဦးနှင့်တစ်ဦး ဖင်ချင်းပူးလျက် ဝယ်ပါ ယူပါ တစာစာ အော်ဟစ်ရောင်းချနေသည့် မြို့ပြပလက်ဖောင်းပေါ်ကလူတွေ၊ ဘတ်စ်ကား



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှာ အမှီအတွယ်အတွက် လက်သုံးတစ်ချောင်း ခြေမတစ်ချောင်းနှင့် အသက်ကို လွယ်လွယ်လေးစွန့်နိုင်လောက်သည့် အနေအထားမျိုးနှင့် တိုးကပ်တွယ်ဖက်ပြီး စီးနေရတဲ့လူတွေ၊

အရက်ဆိုင် ဘီယာဆိုင်တွေထဲမှာ မူးယစ်သောက်စားပြီး တိုးကြိတ်နေကြတဲ့လူတွေ၊ အရက်တစ်ခွက်မှာ ကာမတစ်စက် ရောယှက်ခံစားစံစားဖို့ ဝန်ဆောင်မှုပေးမယ်ဟဲ့ ဆိုတဲ့ မျက်လုံးပြူး မျက်ဆံပြူးနဲ့ မှောက်မှားဖို့ စောင့်စားနေကြတဲ့သူတွေ၊ အလုပ်ရုံ စက်ရုံထဲမှာလည်း လူတွေ၊ ဆေး ရုံပေါ်မှာလည်းလူတွေ၊ ရဲစခန်းနဲ့ တရားရုံးမှာလည်း လူတွေ၊ ရုပ်ရှင်ရုံနဲ့ ကလေးကစားကွင်းတွေ ထဲမှာလည်း လူတွေ၊ ပလာဇာတွေမှာလည်း ပျားပန်းခတ်နေတဲ့လူ တွေ၊ ထောင်ထဲမှာလည်း လူတွေ၊ စာသင်ကျောင်းများနှင့် သင်တန်း ကျောင်းပေါင်းစုံမှာလည်း လူတွေ၊ အိမ်တွေထဲမှာလည်း ထမင်း တစ်လုပ်အတွက် တုတ်တစ်ချက် စတေးခံနေရသော အလုပ်လက် မဲ့လူတွေ။

အိုး. . လူတွေ လူတွေ လူတွေ. .

ဘယ်မှာနေ၍ ဘာလုပ်နေကြသနည်း။ နေ့ပိုင်းမှာ နေရာ စုံမှာ ရှုပိုးထိုးနေသည့်လူများသည် ညဖက်ကျ ဘယ်သို့အံဂျ ပျောက်ဆုံးကုန်ကြသည်မသိ။

ယခု ဖြိုးတို့ရောက်နေသည့် စီးတီးမတ်တွင်လည်း လူတွေက ဖွဲနဲ့ပက်ထားသလို မွထတိုးကြိတ်နေကြသည်။ မသိရင် အလကားပေးနေသလိုလို၊ အလျှအိမ်လိုလို၊ ကိုယ့်ပိုက်ဆံနှင့် ကိုယ် တွန်းတိုက်တိုးခွေ့ အားပေးနေကြပါ၏။

မမမိမာက သူဝယ်မည့်ပစ္စည်းများရောင်းသော ကောင် တာများသို့ ကော့ပက်ကော့ပက်နှင့် လျှောက်သွားနေသည်။ ဖြိုးက



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့

ဘာတွေထည့်နေတာလဲ၊

အိုးဒေးကြီးတဲ့ဟာတွေ

ငါတို့တာဝန်

ဘာမှမဆိုင်ဘူး

သွား သွား သူနေရာသူ

သွားပြန်ထား"

မမာသွားရာနောက်သို့ ခြင်းတောင်းတွန်းလှည်း တွန်း၍ လိုက်ရသည်။

ငတိုးကလည်း နံဘေးမှ ပျော်ရွှင်စွာလိုက် ပါလာသည်။ မမာက အိမ်အတွက်လိုသော သူတို့ စားနေမြဲဖြစ်သော ငါးပိ၊ ငါးခြောက်၊ လက်ဖက်၊ ဝက်အူချောင်းတို့ကို တစ်လစာ တွက်ချက်၍ ဝယ်ယူသည်။

ဖြိုးက ပစ္စည်းလှည်းတွန်းရင်း သူတို့ စားနေကျဖြစ်သော အဒကောင်းစား ချိစ်များ၊ အသားဘူးများ၊ ယိုးဒယားအကင်များ၊ မရိုးနိစ်နှင့် အဆင့်မြင့်အချဉ်များ၊ သူလိုချင်သမျှ ခြင်းတောင်းထဲသို့ ယူထည့်၏။ သူတအားကြိုက်သည့် ဝက်ပေါင်ခြောက်လို ဆတ်သားအမွှခြောက်လိုဟာမျိုးဘိုလျှင် ဖြိုးအဖို့ ခြင်းတောင်းထဲ ထည့်လို့မဆုံးတော့။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ဘာတွေထည့်နေတာလဲ၊ အဲဒီဈေးကြီးတဲ့ဟာတွေ ငါတို့ဘဝနဲ့ ဘာမှမဆိုင်ဘူး၊ သွား သွား သူ့နေရာသူသွားပြန်ထား"

"အာ မမမိမာ မစားဘူးလို့ ငြင်းနေတာ၊ စားကြည့်ပါဦး၊ အရမ်းစားလို့ ကောင်းတာ၊ စားမိရင် လျှာလည်သွားမယ်၊ ယူမယ်နော်"

မမမိမာက မျက်နှာကို ကျောက်သေလိုတည်ထည့်၍ ဖြိုးအား အော်၏။

"မယူဘူး၊ သွားပြန်ထား"

"ငတိုးက စားချင်တယ်တဲ့ နော်ငတိုး၊ ဒါတွေကမှ တကယ့် အဆင့်မြင့် အရသာတွေ၊ ကစီဓာတ်လည်း နည်းတယ်၊ ဗီတာမင် လည်း ပိုပါတယ်၊ ကိုလက်စထရောလည်း လုံးဝမပါဘူး၊ စားကြည့် တွန်တော့်ကျေးဇူးသိသွားမယ်၊ နော် ညီလေးငတိုး စားမယ်နော်"

ငတိုးခေါင်းကို နောက်ကကိုင်ပြီးညိတ်ပေးရင်း

"ဟော တွေ့လား၊ ညီလေးက ခေါင်းညိတ်နေပြီ"

"တော်စမ်းပါ၊ နင်ဟာလေ ကလိန်ကကျစ်လုပ်ဖို့ဆို အသင်လွတ်တယ်၊ သွား သွား ပြန်ထားဆို သွားပြန်ထား"

မမမိမာက တကယ်ဆွဲဖွဲ့တော့မလိုနှင့် ခါးထောက်၍ ဆက်ညှိုးငေါက်ငေါက်ထိုး၍အော်သဖြင့် ဖြိုးက သွားရည်ကို အနိုင်နိုင်သိမ်းရင်း သူထည့်ထားသော အထုပ်များကို ပြန်ယူကာ သူ့နေရာသူ ပြန်ထားဖို့ သယ်သွားရ၏။

"တော်တော်ဆိုးတဲ့ မမမိမာပဲ၊ သူ့ထက်ဆိုးတဲ့လူတောင် သူ့လောက်ဆိုးမှာ မဟုတ်ဘူး၊ ဟင်း ဟစ်သက်လုံး ဆင်းရဲသားစာ စားရတဲ့ဘဝ၊ ဆင်းရဲသားစာတွေပဲစား၊ နင်းပြားလိုပဲနေ"

ဖြိုးကသာ သူစားချင်သော ပစ္စည်းထုပ်ကြီးကို သံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com

မတုန်နိုင်မခမ်းနိုင်တဲ့ မျက်ဝန်းကြီးများနှင့်ကြည့်ရင်း မထွေးနိုင် မအံ့နိုင် ဖြစ်နေ၏။

ခရုတွင်လည်း အဆံနှင့်၊ လူ့တွင်လည်း အကြံနှင့်ပါပေ။

ဖြိုးက ပစ္စည်းများကို ပြန်ထားခါနီးမှ ခပ်ဆိုးဆိုးအကြံ တစ်ခု ရလာ၏။ သို့နှင့်

* * *



www.burmeseclassic.com

www.burmeseclassic.com

သို့နှင့် မမမိမာက သူမ၏လစာမှင့် ချင့်ချိန်၍ တစ်လစာ လှောင်စားနိုင်မည့် ပစ္စည်းတချို့ကို သူ့ဘာသူမ,ရင်း ငွေရှင်း ကောင်တာသို့ ရောက်လာ၏။ ပစ္စည်းများကို ငွေရှင်းကောင်တာ ပေါ် တင်လိုက်သည်။

ထိုသို့သော အချိန်ကောင်းကြီးကျမှ အထုပ်ကြီးတစ်ထုပ် ပိုက်ထားသော ဖြိုးက အပြစ်ကင်းတဲ့ ကလေးတစ်ယောက်ပုံဖမ်း၍ အွားခနဲရောက်လာ၏။

"ဟေး မိန်းမ ငွေရှင်းတော့မို့လား၊ ဒီမှာဟော့ ကောင်းတာ လေးတွေရွေးလာတယ်၊ ဒါတွေပါ ရှင်းလိုက်နော်"

www.burmeseclassic.com

အာလဲချွဲကော်

အထုပ်ကြီးကို ကောင်တာပေါ်တင်၍ သူမဟုတ်သလိုလို နှင့် အပြင်ဖက်ထွက်ရပ်ကာ ရှူးချင်ယောင်ဆောင်နေသည်။

"ဟင် နင် နင် နင် ဒါတွေက ဘာလုပ်တာလဲ"

"မိန်းမရယ် စိတ်ကောက်တာတွေ တော်ပါတော့"

ဖြိုးက လေသံအေးအေးနှင့် လူကြီးပုံဖမ်းကာ ပြော၏။ အခြားမိန်းမများက မမမိမာကို အားကျစွာကြည့်ကြရင်း

"ဟုတ်သားပဲ၊ ရှင်က ယောကျ်ားငယ်ငယ်ချောချောလေး ရထားတာပဲ၊ အလိုလိုက်ရမှာပေါ့"

အခြားမိန်းမများကလည်း ဖြိုးတို့ကို အားကျစွာ ကြည့် ကြရင်း

"အေးဟယ် ငယ်ပေမယ့် ခန့်တယ်၊ အစ်မက သိပ် ကံ ကောင်းတာပဲ၊ သူ့အကြိုက်လေး ကျွေးလိုက်ပါ"

ဖြိုးက မျက်လုံးကို ပျာကလယ်ရိုက်ပြလျက် ဖားပေါင်းစင် ပြုံးနှင့် ပြုံးပြုံးလေးရပ်ကာ မင်္ဂလာယူနေသည်။

အခြားမိန်းမများက ဘုမသိဘမသိနှင့် အားကျချီးမွမ်း နေသဖြင့် မမမိမာ ပျော်ရမလို ဝမ်းနည်းရမလို။ သေချာတာက တော့ တာဝန်ကျေလှသော ကောင်တာမလေးက ဘာမှမဟုတ်သလို နှင့် ဘီလ်ကို တာဝန်ကျေစွာတွက်နေသဖြင့် မမမိမာက အောင့်သက် သက်နှင့်သာ ငွေရှင်းလိုက်ရ၏။ ဒေါသကတော့ တော်တော့်ကို ထွက်နေပြီ။ မမမိမာ ပိုက်ဆံအိတ်ဖွင့်၍ ငွေယူစဉ် ဖြိုးက အနီးရှိ ကောင်တာမှ သကြားလုံးတစ်လုံးကို မမာပိုက်ဆံအိတ်ထဲ မသိ မသာ ထည့်လိုက်၏။ ဒါမှလည်း သူ့ပလန် ပီပီပြင်ပြင်လတ်မည်။ မမမိမာ သေသေချာချာ ပက်လက်လန်မည်မဟုတ်လား။

ပိုက်ဆံရှင်းပြီးသည်နှင့် အထုပ်ကိုမ,ပြီး ဖြိုး လှည့်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြေးထွက်သော်လည်း ဤအခြေအနေကို ဤသို့ပင် ဖြေရှင်းလိမ့်မည်ဟု အတတ်သိနေသော မမမိမာက ဖြိုးကုတ်ကို ဆွဲထားပြီး

"ဟဲ့အကောင် နေစမ်းပါဦး၊ နင် ငါ့ကို ဘယ်လိုခေါ်တယ်၊ မိန်းမ ဟုတ်လား၊ နင်တော့ သေဖို့သာပြင်ပေတော့"

ဖြိုးက ကုတ်ဆွဲထားသော မမမိမာလက်မှ အတင်း ရုန်းကန်ရင်း မမမိမာကို ကောင်တာစည်းတစ်ဖက်သို့ ပါလာအောင် ဆွဲယူနေ၏။ ဖြိုး၏စိတ်ကူးက ကွက်တိပင်။ ကောင်တာစည်းကျော်သည်နှင့် အချက်ပေးခေါင်းလောင်းသံများ တဒီးဒီး မြည်လာသည်။ လုံခြုံရေးများ အပြေးရောက်လာပြီး မမမိမာလက်ကို ဆွဲထားကြ၏။

"ခဏနေဦးအစ်မ၊ အစ်မမှာ ငွေမရှင်းရသေးတာ ပါလာတယ်ထင်တယ်"

ဖြိုးကို မလွှတ်ချင်ဘဲ လွှတ်ပေးလိုက်ရ၏။ ဖြိုးက ဈေးဝယ်ထုပ်ကြီးပိုက်လျက် ပြောင်စပ်စပ်နှင့် ငတိုးကို လက်တွဲကာ ပြေးတော့သည်။ လုံခြုံရေးများက မမာအိတ်ထဲကို ရှာကြရာ ငွေရှင်းရသေးသော သကြားလုံးတစ်လုံးကို တွေ့ကြရသည်။ မမမိမာအဖို့ တက်ခေါက်ရှုံးမှုတစ်ပါး။ မမမိမာ၏စရိုက်ကို အတတ်သိနေသော ဖြိုးက မမမိမာကို ပတ်ဖို့အကြံနှင့် သကြားလုံးတစ်လုံး တောက်ထည့်သွားခြင်းဖြစ်သည်။ ဒါကို မနပ်သော မမမိမာက အတတ်ခံလိုက်ရခြင်းသာဖြစ်၏။

"တောက် အကောင် ကလိန်ကကျစ်လုပ်ဖို့ဆို တော်တော်တို့ ဉာဏ်လျင်တယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com





ရင်သွေးဟူသည်က မတော်တဆရလာသည့် သဘာဝလက်ဆောင်မဟုတ်ပါ။ လူကုံထံတို့အဖို့ ပို၍မဟုတ်ပါ။ ရင်သွေးမယူမီကတည်းမှစ၍ ၎င်းရင်သွေး၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကို မည်သို့ပျိုးထောင်ရမည် ထိန်းသိမ်းရမည်ကို တွက်ချက်ပြီးမှ ယူခဲ့ကြသည်ပင်။ လူကုံထံတို့အတွက် ရင်သွေးဟူသည် ယူထိုက်၍သာ ယူကြခြင်းဖြစ်ပါသည်။ သို့အတွက် ချစ်ရပါသည်။ အချစ်၏နောက်တွင် သောက,က,ကပ်ပါလာသည်။ သောကဟူသည် ပတ်သက်သူကို စိုးရိမ်ပူပန်ခြင်းပင် ဖြစ်ပါ၏။

ယခုလည်း ဒေါ်နီလာညွန့် ဖြိုးနှင့်ပတ်သက်ပြီး စိုးရိမ်

www.burmeseclassic.com



ပူပန်နေပါသည်။ ညတစ်နာရီလောက်ကြီး တစ်ရေးနိုးပြီး ပြန်၍ အိပ်မပျော်တော့။ သားငယ်လေး မည်သို့သောအခက်အခဲများနှင့် ရုန်းကန်နေရပါမည်နည်း၊ မည်သို့သောလူများနှင့် ကျင်လည်နေရပါမည်နည်း။ လူပျက်ကြီးများနှင့် ပေါင်းမိကာ ပျက်စီးနေမည်လော။ သို့ဆိုလျှင်

ဦးတက်ဖြိုးလည်း တစ်ရေးနိုးလာသည်။ သူ့အနီး ငုတ်တုတ်ထိုင်နေသော ဇနီးသည်ကိုကြည့်ကာ ဦးတက်ဖြိုး ရုတ်တရက် လန့်သွား၏။

"နီလာညွန့် ဟင် နီလာညွန့် ဘာဖြစ်လို့လဲဟင်"

"ဖေကြီးရယ် ကျွန်မတို့သားလေး ဒုက္ခတွေ့နေပြီ ထင်တယ်၊ နည်းနည်းစုံစမ်းပြီး ပြန်ခေါ်ပါတော့ရှင်၊ မတော် မဟုတ်တာတွေနဲ့တွေ့ပြီး မဟုတ်တာတွေ လိုက်လုပ်နေမှဖြင့်"

"မင်းကလည်း ငါတို့သားက လူညံ့မဟုတ်ပါဘူး၊ တို့ဖျိုးထောင်ခဲ့တာပဲ၊ လူကောင်းသန္တေအပြည့်အဝရှိပါတယ်ကွ၊ အေး သူမသိသေးတာက ဒုက္ခဆိုတာကိုပဲ၊ ဒုက္ခဆိုတဲ့ သင်ခန်းစာကို သူသိသွားရင် သူဟာ ပြည့်စုံတဲ့လူငယ်တစ်ယောက် ဖြစ်သွားမယ်၊ အဲဒီအချိန်အထိတော့ စောင့်မှပေါ့ မေကြီးရယ်"

"ခုလည်း သူသိနေလောက်ပါပြီရှင်"

"နည်းနည်းစောင့်ပါဦးကွယ်၊ ဒါမှ နောင်ကို အလုပ်လုပ်ရင် ရှေ့နောက်ဆင်ခြင်ပြီး အလျင်စလို လက်လွတ်စပယ်မလုပ်မိဖို့ နောင်ကျဉ်သွားမှာ၊ တကယ်တော့ သူ့ကို ဒီအတိုင်း လွှတ်ထားတာ မဟုတ်ပါဘူး၊ သူရောက်နေတဲ့ ပတ်ဝန်းကျင်မှာ သူ့ကိုစောင့်ကြည့်ဖို့ တစ်ခုခု ဆိုးဆိုးဝါးဝါးဖြစ်တာနဲ့ ကူညီဖို့ ကယ်တင်ဖို့ အစောင့်တွေ ရှိပါတယ်၊ သူ အခု အများကြီး တိုးတက်လာပြီတဲ့ သူ့ကို စောင့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့လူတွေက သတင်းပို့ကြတယ်"

"သားလေးစိတ်ထဲမှာ မိဘကို နာသွားမှာစိုးလို့ပါ"

"သူက မွေးကတည်းက ရွှေပေါ်မြတင်မွေးလာတာ ဆိုတော့ ထမင်းဆိုတာ ပန်းကန်ထဲ အလိုလိုပါလာတယ် မှတ်နေတာ၊ ငွေဆိုတာကလည်း သေတ္တာထဲ အလိုလို ရောက်နေတယ်ထင်နေတော့ အနေအထိုင်က လျော့တိလျော့ရဲ ဖြစ်နေတာပေါ့၊ တကယ့်ကို အဆုံးအရှုံးဖြစ်မှ ဒုက္ခကိုသိရမှာထက် ခုလို ဒုက္ခကို ဖန်တီးပေးလိုက်တော့ နောက်ဆိုရင် ဒုက္ခဆိုတာရှိတယ်၊ ဒုက္ခမဖြစ်အောင် ဘယ်လိုနေရမလဲဆိုတာ ဆင်ခြင်ဆုံးဖြတ်တတ်သွားမယ်၊ သားလေးဟာ လူထဲမှာ အကောင်းဆုံးလူသား ဖြစ်သွားရမှာပါ၊ ကဲ မေကြီး ဘာမှပူပင်မနေနဲ့၊ သားလေးကို ချစ်လွန်းလို့ ဘဝသင်ခန်းစာ ပေးထားတယ်လို့ ယုံယုံကြည်ကြည်နဲ့ မှတ်ထားပါ၊ ခုတော့ အိပ်ပျော်အောင် အိပ်လိုက်ဦးနော်"

ဒေါ်နီလာညွန့်က ထိုတော့မှပင် ပြန်၍လှဲနေသည်။ ဦးတက်ဖြိုးကတော့ မအိပ်တော့ပါ။ သူ၏ အလုပ်ချိန်ဖြစ်ပါသည်။

ညဉ့်သုံးယံတွင် ဘုရင်မင်းမြတ်များက တစ်ယံသာ အိပ်သည်ဟုဆို၏။ သာမန်လူများက နှစ်ယံအိပ်သည်။ ညဉ့်သုံးယံတွင် သုံးယံလုံးအိပ်သူသည် သူတောင်းစားသာရှိသည်။

ဦးတက်ဖြိုးသည် အောင်မြင်သောစီးပွားရေးလုပ်ငန်းရှင် ဖြစ်သည်နှင့်အညီ ညဉ့်တစ်ယံခန့်ကို အလုပ်လုပ်ခြင်းနှင့် ဖြတ်သန်းခဲ့သည်မှာ ငယ်စဉ်ကတည်းကပင်ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





အတ္ထုပ္ပတ္တိ

ဘဝ

အစ

ပထမ

မရမက စ

မဝတဝ ရ။

မနေ မနေ မနေ

ခဏ ခဏ တသသ

တ

မရ

အ. . ။

ဒီကဗျာလေးကို မမမိမာ သဘောကျသည်။ အတ္ထုပ္ပတ္တိ ပိုင်ရှင်က ဘယ်လောက်တောင် နွမ်းပါးသည်မသိ။ သူ့ကဗျာတွင် တောင် ဗျည်းနှင့်သရ ဝေဆာစွာမပါ။ ဗျည်းလုံးတီးချည်းဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ဆိုသား၏။ ဆင်းရဲလှပေစွ။ သူတို့လည်း ဤသို့ ဘဝဖြင့်သာ လေ။

ဒီနေ့တော့ အလုပ်ထဲ လူရှင်းနေသဖြင့် မေမိုး စန္ဒီတို့က ရှာဖွေတူးဖော်၍ မကုန်နိုင်သော မမမိမာ၏ဘဝအကြောင်းကို ထုံးစံအတိုင်းပင် မေးမြန်းစပ်စုနေကြပါသည်။

"မမမိမာက ရုပ်လည်းလှတယ်၊ သဘောလည်း ကောင်းတယ်၊ ဒါနဲ့တောင် ဘာလို့ အိမ်ထောင်မပြုတာလဲဟင်"

မမမိမာက စာရင်းလုပ်နေသော ဘောပင်ကို စာအုပ်ပေါ် ပစ်တင်လိုက်ရင်း

"အောင်မလေး ငါ့မှာ မစဉ်းစားအားပါဘူးဟယ်၊ ကျောင်းတက်တုန်းကတော့ အမေရှိတော့ စိတ်ကူးယဉ်မိတာတွေရှိတာပေါ့၊ ကျောင်းလည်းပြီး၊ အမေလည်းဆုံးရော၊ ချက်ချင်းကို အိမ်ရဲ့စီမံရေးရော ဝင်ငွေရဖို့ရော ငါ့ ခေါင်းပေါ် အားလုံးပုံကျလာတော့တာပဲလေ၊ အဲဒီကတည်းက ဒီဆိုင်မှာ အလုပ်ဝင်လုပ်ရတာ ငါ့မှာ ဘာစဉ်းစားချိန် စိတ်ကစားချိန်မှကို မရခဲ့ပါဘူးဟယ်"

"သမီးကြားဖူးတယ်၊ မျက်ခုံးကလေး အသာပင့်ပြီး မျက်လုံးဝင့်ကြည့်တာနဲ့ ဖူးစာရှင်ဆိုတာ အနားမှာရှိနေတာပဲတဲ့၊ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ့်ဖူးစာရှင်ရှိတယ်တဲ့၊ မမက မျက်လုံးဝင့်ပြီး တော့ကို ရှာမကြည့်မိဘူးလား"

မေမိုးက စိတ်ကစားတတ်စ ကလေးမပီပီ စိတ်ကူးယဉ် စကားဆိုသည်။

"ဒီပတ်ဝန်းကျင်မှာလား လင်ကောင်းသားကောင်းရှာ မိအေးနှစ်ခါနာဖြစ်ပြီး အရက်ဖိုးပါ ရှာပေးနေရမယ်"

မမမိမာက မဲ့ကာရွဲ့ကာနှင့် ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ငါ့မှာ လူရှေ့မှာဆို
ဟုတ်ကဲ့ဦးမျိုး ဟုတ်ကဲ့ဦးမျိုးနဲ့
တပဟုတ်ကဲ့တည်း
ဟုတ်ကဲ့နေရတယ်၊ အဲ
လူလစ်တာနဲ့ ဟင့်အင်း ဦးမျိုး
ဟင့်အင်း ဦးမျိုး ဆိုပြီး

"မဟုတ်ဘူးလေ မမရဲ့၊ ဒီဆိုင်ပိုင်ရှင်ကြီး ဦးမျိုးလွင်ကြီးတ မမကို ပေါ်တင်ကြောင်နေတာပဲဟာကို"

စန္ဒီက သိပြီးသား အရှုပ်ထုပ်ကို ပြန်ဖွ၏။

"အောင်မလေး အဲဒီလူကြီးတော့ စိတ်ပျက်လွန်းလို့၊ ငါ့မှာ လူရှေ့မှာဆို ဟုတ်ကဲ့ဦးမျိုး ဟုတ်ကဲ့ဦးမျိုးနဲ့ တပဟုတ်ကဲ့တည်း ဟုတ်ကဲ့နေရတယ်၊ အဲ လူလစ်တာနဲ့ ဟင့်အင်း ဦးမျိုး ဟင့်အင်း ဦးမျိုး ဆိုပြီး ရှောင်ရပြန်ရော"

"သူက လူပျိုကြီး ငွေကြေးလည်းသင့်တင့်တယ်၊ စဉ်းစားမယ်ဆို စဉ်းစားဖို့ကောင်းတာပဲ မမရဲ့"

"ငါ့မောင်လေးကို မကြည်ဖြူဘူးဟဲ့၊ တစ်ခါကပြောဖူးတယ်၊ သူ့ကို လက်ထပ်ပါတဲ့၊ သူနဲ့လက်ထပ်ပြီးရင် မောင်လေးကို မိဘမဲ့ဂေဟာကိုပို့လိုက်မယ်တဲ့၊ အဲဒီကတည်းက ငါက အပြတ်ပြောခဲ့တယ်၊ မောင်လေးကို မကြည်ဖြူတဲ့ ဘယ်သူ့ကိုမှ မယူဘူးဆို့၊ မောင်လေးကို ပျော်အောင်ထားနိုင်တဲ့ လူဆိုရင်တော့"

မမမိမာက ပြောရင်းဆိုရင်း စကားစ တို့လို့တန်းလန်းအြ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်သွား၏။ ဖြိုးနှင့်အရမ်းပျော်နေတတ်သော မောင်လေး၏ပုံရိပ်များ ပြန်မြင်ယောင်မိသွား၍ ဖြစ်သည်။

"ဟော ဟော မမစဉ်းစားနေပြီ၊ ကေန္တတော့ မောင်လေးကိုကြည်ဖြူတဲ့လူတစ်ယောက်ယောက်တော့ မမမျက်လုံးအဝင့်မှာတွေ့ထားပြီနဲ့တူတယ်"

မမာတ စန္ဒီ့စကားကို အဓိပ္ပာယ်ပါပါပြုံးရင်း သက်ပြင်းချခြင်းဖြင့်သာ တုံ့ပြန်၏။ ကောင်မလေးနှစ်ဦး ဘာကို သဘောပေါက်သွားသည်မသိ။ မမာကို မချိပြုံးနှင့်ကြည့်ကာ အချင်းချင်းအထာနှင့်ပြုံးကြည့်ကြလျက် ခေါင်းညိတ်ပြနေကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com





ည

အမှောင်။

အမှောင်ကို အမှားကကြိုက်၏။

အမှားအမျိုးစုသည် အမှောင်ထဲတွင် ဖြစ်ကြသည်။ လူကောင်းသူကောင်းတို့သည် အမှောင်ကို ရှောင်ချင်ကြသည်။ ကောင်းသည်။ သို့သော် ရှောင်၍မရသဖြင့် တိုးဝင်နေရသူများကလည်း ရှိသည်။ မမမိမာ ဆိုင်တံခါးကို သော့ခတ်လိုက်သည်။ ဒီညအဖို့ နောက်ဆုံးအလုပ်က တံခါးပိတ်ခြင်းပင်။ အလုပ်ကို ခြေတုန် လက်ပန်းကျသည်အထိ လုပ်ခဲ့ရသဖြင့် သော့လှည့်ပိတ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် ပင်ပန်းလွန်းလှပြီ။ တံခါးပိတ်ပြီး လှည့်အထွက်တွင် ကား လမ်းပေါ်မှ ကားဘရိတ်အုပ်သံကြီးက ပေါ်လာခြင်းဖြစ်သည်။

ကားက ကျွဲခနဲမြည်ရင်း ပလက်ဖောင်းပေါ် နောက်ဘီး တစ်လုံးတင်ကာ ကိုးရိုးကားရားနှင့် ရပ်သွား၏။

"ခင်ဗျား ဘယ်လိုလုပ်တာလဲ၊ ဒါ ကားလမ်းပေါ်မှာဗျ၊ ခင်ဗျားတို့လို ကားစီးတဲ့လူတန်းစားတွေက ကားပေါ် ရောက်ရင် လမ်းပေါ်ကလူတွေကို လူလို့မထင်တော့ဘူး တိုက်မိမယ်၊ သေ သွားမယ်၊ ခင်ဗျား နားမလည်ဘူးလား ဟင်"

ကားမောင်းသူလူကြီးက နှလုံးရောဂါသမားဖြစ်ဟန် ရှိ သည်။ ဟိုလူပြောသမျှ ဘာမှမတုံ့ပြန်နိုင်။ ပါးစပ်က ဟစိဟစိဖြစ် နေ၏။ သူ့ကားပေါ် အမြဲဆောင်ထားတတ်သော ဆေးကို လက် လှမ်းယူ၏။ ကတုန်ကယင် ဖြစ်နေသောလက်က ဒက်ရှ်ဘုတ်ပေါ် တင်ထားသော ဆေးဗူးဆီကို တန်းတန်းမတ်မတ် မရောက်။ ပုလင်းကို လက်နှင့်တိုက်မိပြီး ဆေးပုလင်းက ကြမ်းခင်းပေါ်ကျ သွား၏။

"ဟေ့လူ ပြောနေတယ်လေ၊ ဘာမထုံဟက်တေး လုပ်နေ တာလဲ၊ ကဲ ပြောစမ်း၊ ခင်ဗျား ဘယ်လိုရှင်းပေးမလဲ"

မမမိမာက မြို့ပြ၏ ဖြစ်ရိုးဖြစ်စဉ်ကိစ္စများမို့ ဘာသိဘာ သာပင် ဖြတ်သွား၏။ သို့သော် သန်သန်မာမာကြီးနှင့် ပွဲကြမ်း နေသူ၏အနီး မျက်ဖြူဆိုက်မတတ်ဖြစ်နေသော ကားမောင်းသူ လူကြီးအားတွေ့ပြီး ပုံမှန်အခြေအနေမဟုတ်မှန်း သတိထားလိုက် မိသည်။ မမမိမာက တစ်နေ့လုံး အလုပ်ကြောင့် နုံးခွေနေသော ခန္ဓာကိုယ်ကို အားထည့်ရင်း အသက်တစ်ချောင်း ကယ်ကောင်း သည်ဆိုသောစိတ်ကို နှလုံးသွင်းကာ လမ်းပေါ်ကလူ၏ဇဘာတ်ကို

www.burmeseclassic.com

ဆောင့်တွန်းလိုက်ရင်း

"ရှင် ဘာတွေပေါက်စားလုပ်နေတာလဲ၊ ရှင့်ကို တိုက်မိသွားလို့လား"

မမာ လက်မောင်းပင့်ရင်း ထိုးတော့တိုက်ခိုက်တော့မလို လုပ်လိုက်မှ ဟိုလူ ကြောင်စီစီလုပ်ကာ

"ဟိုလေ အပဲ ဒီမှာ ဒီမှာ တိုက်မိတော့မလို့လေ"

"ကဲ တိုက်မိလား၊ ဘယ်နေရာထိလဲ၊ ဒီမှာတွေ့လား၊ လန့်ပြီး နှလုံးဖောက်ပြီးသေမလိုဖြစ်နေတာ၊ တွေ့လား သေတော့မယ်၊ ကိုယ့်လည်း ဘာမှဖြစ်တာ မဟုတ်ဘူး၊ ကားပေါ်ကလူ ဒီလောက်ဖြစ်နေတာကို မကူညီဘဲ စွတ်ဖြဲနေတယ်ဟုတ်လား၊ ပါးဖြတ်ရိုက်လိုက်မယ်၊ ရှင်မသွားနဲ့ ဒီလူသေသွားရင် ရှင့်ကို လူသတ်မှုနဲ့ တရားစွဲမယ်၊ အဲဒီမှာရပ်နေ"

စွတ်စက်ဖြဲနေသော လမ်းပေါ်ကလူက မမမိမာတို့လို မှန်မှန်ကန်ကန်လူနှင့်တွေ့တော့ ဖျူးဖျဲဆိုသည်နှင့် ငေါက်ခနဲ ပြေးတော့သည်။

"ဦးလေး ဦးလေး ဘာယူပ်ပေးရမလဲ၊ ဦးလေး"

လူကြီးက ကြမ်းခင်းပေါ်မှ ဆေးလုံးများကို လက်ညှိုးထိုးပြ၏။ မမာ ဆေးတစ်လုံး ယူ၍တိုက်သည်။ ထိုတော့မှ လူကြီး နည်းနည်း အသက်ရှူချောင်သွားပုံနှင့် နည်းနည်းနောက်တည်ရာ ရသွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com





နှလုံးရောဂါသည်လူကြီးကို မမမိမာတွဲပြီး ဆေးရုံပို့ပေး၏။ အထူးကုဆရာဝန်များ အောက်စီဂျင်ပေးပြီး ၎င်းလူကြီးကို အရေးပေါ်ကုကြရသည်။

မမမိမာ တန်းမပြန်အားသေး။ သူခေါ်လာသောလူနာမို့ အစစအရာရာ သူ့အဆုံးအဖြတ်များ ပေးနေရသည်။ လူနာက အရေးပေါ်ခန်းထဲတွင် အရေးပေါ်ကုသမှုများခံနေရသည် မဟုတ်လား။ အထူးကြပ်မတ်ကုသပေးသော ဆရာဝန်ကြီးက စိတ်ချ လက်ချပုံစံနှင့် အရေးပေါ်ခန်းမှ ထွက်လာကာ မမမိမာအား ပြုံး၍ လက်မထောင်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



မမမိမာက လူကြီးအား သူ့မိဘရင်းသဖွယ် ခုတင်သို့တွဲ ပို့ပေး၏။ လတ်တလော စားစရာများ စီစဉ်ပေး၏။ လူကြီးပြောပြသော ဖုန်းနံပါတ်နှင့် သူ့အိမ်သို့ အကြောင်းကြားပေးရသည်။ ဆရာဝန်ကြီး ရောင်းဒ်လှည့်လာတော့ လူကြီး၏ အခြေနေက တော်တော် ကောင်းနေပြီဖြစ်သည်။

"ဆေးရုံကို အချိန်မီရောက်လာလို့သာ အသက်ရှင်တာ၊ နှလုံးရောဂါဆိုတာ ရုတ်တရက်လန့်တာတို့ နှလုံးခုန် သိပ်မြန်တာတို့ဖြစ်ရင် ကောက်ခါငင်ခါ ဆုံးသွားတတ်တယ်၊ ကလေးမက ဒီက,ဆရာကြီးနဲ့ ဘာတော်လဲ"

မမမိမာက ပြုံးရင်း

"ဘာမှမတော်ပါဘူး၊ လမ်းပေါ်မှာ အမြင်မတော်တာ တွေ့လို့ ဝင်ကူညီတာပါ"

လူနာလူကြီးက ကျေးဇူးတင်စွာဖြင့်

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ ဒီခေတ်မှာ သမီးတို့လို ကိုယ်နဲ့မဆိုင်ဘဲ ဘာအကျိုးမှ မမျှော်ကိုးဘဲ လူတစ်ဖက်သားကို ကူညီတတ်တဲ့လူဟာ စိန်ထက်တောင် ရှားသွားပြီကွဲ့၊ ဟိုလူပြောနေတာတွေကို ဘဘကြားတယ်၊ သဘာဝမကျတာတွေ ပြောနေတယ်ဆိုတာလည်း သိကယ်၊ ဒါပေမယ့် ပြန်ပြောဖို့ဟာကို ဘယ်လိုမှ မပြောနိုင်ဘူးကွဲ့၊ သမီး ရောက်လာလို့သာပေါ့၊ သမီးလေးနာမည် ဘယ်လိုခေါ်လဲ"

"မိမာပါ ဘဘ"

"မိမာ မိမာ အေး ဘဘ မှတ်ထားပါ့မယ်၊ အေး ဘဘကိုလည်း မှတ်ထား၊ ဘဘနာမည် ဦးတက်ဖြိုးပါ၊ ဖြိုးလုပ်ငန်းစုကို လုပ်တာပေါ့၊ အင်း သမီးအခု ဘာအလုပ်လုပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com

## အရေးစကား

ကျေးဇူးက ဘဘရဲ့အသက်ဆိုတော့
ဘာနဲ့ပဲ ကျေးဇူးဆပ် ဆပ်
ကျေ မှာမဟုတ်ဘူး ဒီတော့
မုန့်ဖိုးလို့ပဲပြောမယ်၊ ရော့ကွယ်၊
သမီး မုန့်ဖိုးယူသွား

"ဆုံမှတ်ဘီယာဆိုင်မှာကောင်တာ ထိုင်ရပါတယ် ဘဘ"
ဦးတက်ဖြိုး တွေးသွားသည်။
"ဩော် မိဘတွေကရော"
"မိဘတွေ ဆုံးကုန်ပါပြီ ဘဘ"
"အို ဟုတ်လား၊ သမီးက ရန်ကုန်သူပဲလား"
"မဟုတ်ပါဘူး ဇာတိက ရွှေတောင်ကပါ ဘဘ"
ဦးတက်ဖြိုးက ရွှင်ပျသွားပြီး
"အိုး ဟုတ်လား ဘဘလည်း ရွှေတောင်သားပဲကွယ့်၊ အေးကွယ် ကျေးဇူးဆပ်တယ်လို့တော့ ပြောလို့မရဘူးပေါ့ကွယ်၊ သမီးရဲ့ကျေးဇူးက ဘဘရဲ့အသက်ဆိုတော့ ဘာနဲ့ပဲ ကျေးဇူးဆပ်ဆပ် ကျေမှာမဟုတ်ဘူး၊ ဒီတော့ မုန့်ဖိုးလို့ပဲပြောမယ်၊ ရော့ကွယ်၊ သမီး မုန့်ဖိုးယူသွား"
ဦးတက်ဖြိုးက မမမိမာအား ငွေတစ်သိန်း ထုတ်ပေးသည်။
"အို ဘဘရယ်၊ သမီးရဲ့အကူအညီက တိုက်ဆိုင်လို့သာ ကူညီခွင့်ရတာပါ၊ ဒီအကူအညီအတွက် သမီးက ကုသိုလ်ရပြီးပါပြီ၊ ငွေ

www.burmeseclassic.com

မလိုချင်ပါဘူး"

ဦးတက်ဖြိုး စဉ်းစား၏။

"ကဲ ဒါဆို သမီးလည်း ရွှေတောင်သူဆိုတော့ အင်း ဒီလို လုပ်ပါ။ ဘဘ မနက်ကျရင် ရွှေတောင်ခေါက်ဆွဲစားချင်တယ်၊ ရန်ကုန်ကလူတွေချက်တဲ့ ရွှေတောင်ခေါက်ဆွဲက ရွှေတောင်သား တွေအတွက် အာမတွေ့ပါဘူးကွယ်၊ ဒီတော့ ဒီငွေကိုယူသွား၊ ဒီငွေ နဲ့ ရွှေတောင်ခေါက်ဆွဲချက်ပြီး မနက်ကျရင် ဘဘကိုပို့ပေးပါ၊ မနက် ကျမှ သမီးနဲ့ စကားပြောကြတာပေ့ါ၊ ကိုယ့်နယ်သူနယ်သားတွေကို ဒီလိုမျိုး ပြန်တွေ့ရတာ ဝမ်းသာတယ်ကွယ်နော်"

မမမိမာက ငွေကို လက်မခံချင်သော်လည်း မိဘအရွယ်၊ ကိုယ့်နယ်သားက ကိုယ့်နယ်ကအစားအစာ စားချင်သည်ဟု ပြော ကာ အတင်းပေးနေသဖြင့် လက်ခံခဲ့ရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





ညဉ့်တော်တော်နက်မှ မမမိမာ အိမ်ပြန်ရောက်သည်။ ငတိုးနှင့်ဖြိုးက မအိပ်ဖြစ်ကြသေး။ မမမိမာကိုစောင့်ရင်း ကစားနေကြသည်။ ဖြိုးနှင့်ပျော်ရွှင်စွာ ကစားနေသော ငတိုးလေးအား ကြည့်ပြီး မမမိမာ စိတ်ထဲတွင် "မောင်လေး ဒီလိုမပျော်တာကြာပြီပဲ"ဟု တွေးမိသည်။

ဒီရေမျောကမ်းတင်လေးက ကလေးထိန်းရုံလောက်တော့ အသုံးတည့်သားပဲဟုလည်း တစ်ကိုယ်တည်း မှတ်ချက်ပြုမိပြန်၏။ ဤလိုညမျိုးအတွက် ကျေးဇူးလည်း တင်မိပါသည်။ ခါတိုင်းဆိုလျှင် ငတိုးက ဗိုက်တဆာဆာနှင့် သူမအား အမျှော်ကြီးမျှော်နေမည်

www.burmeseclassic.com

www.burmeseclassic.com



သာ ဖြစ်သော်လည်း ဒီညအဖို့တော့ ဖြိုးကောင်းမှုနှင့် စားသောက်ပြီး ပျော်ရွှင်စွာ ကစားနေနိုင်သည်။

ထိုအတွေးများက အိပ်ရာထဲအထိပင် စွဲထင်နေသေးသည်။

မမာက အိပ်ရာထက်တွင် လူးလိမ့်ရင်း သူ့ကို မိန်းမဟု ခေါ် လိုက်သော ဖြိုး၏ရုပ်ကို ပြန်မြင်ယောင်မိ၏။ လူက နုနုနယ်နယ်နှင့် သူ့အရွယ်နှင့်မလိုက်၊ ကိုယ့်ကို မိန်းမတဲ့လေ၊ သက်တူရွယ်တူ မိန်းမများက ကိုယ့်ကို အားကျစိတ်နှင့်ကြည့်ကြ၏။ လူအများ၏ အားကျနှစ်လိုမှုကို ရှားရှားပါးပါး ခံစားဖူးခဲ့ခြင်းဖြစ်သည်။ ဒါလည်း သူ့ကျေးဇူးတစ်ခုပဲလား။ ထိုအတွေးနှင့်ပင် တစ်ကိုယ်တည်း ဘာသာပြုံးမိ၏။ ပြီးတော့လည်း ရှက်မိပြန်သည်။ ရှက်ရင်းနှင့် ကြည်နူးမှုက ကပ်ပါလာ၏။ ဖြိုး၏အပြုံးကို တွေးမိပြီး ကြက်သီးထ ရပြန်သည်။ ဘယ်လိုအရသာမျိုးလဲကွယ်။

မမမိမာ အိပ်ခန်းထဲသို့ ဖြိုးက ဂျစ်တစ်တစ်ပုံစံနှင့် ဝင်လာ၏။ ခြေလှမ်းများယိုင်နဲ့နေသည်မို့ မူးယစ်နေသည်လား။လက်သီးကို လက်ချိုးသံမြည်အောင် ဆုတ်လိုက်သေး၏။ သူ့ရဲ့နုနုနယ်နယ်ရုပ်နှင့် မလိုက်အောင် အံကိုရွဲ့ပြီးကြိတ်သည်။ သူ၏ အံကြိတ်သံက တခေါက်ခေါက်ပင် မြည်နေသေးသည်။ မူမမှန်ဘဲ ဝင်လာသည့် ဖြိုးကြောင့် မမာ လန့်ပြီးခုန်ထမိ၏။ ဖြိုးက အင်္ကျီအပေါ်ကြယ်သီးများဖြုတ်ရင်း ဇက်ကို မာန်နှင့်ချိုးသည်။ မမာတစ်ကိုယ်လုံး ချွေးစေးပြန်လျက် အံကိုတင်းတင်းကြိတ်ကာ ကျောက်ရုပ်လို ငြိမ်သက်နေမိသည်။ ဖြိုးက မမမိမာ၏ မေးစေ့ကို လက်ညှိုးနှင့်မ,၍ မော့စေ၏။ မီးဝင်းဝင်းတောက်နေသော ဖြိုး၏ထိမထင်မျက်လုံးက မမမိမာ၏ စိတ်နှလုံးများကို တဒိုင်းဒိုင်း ချောက်ချားစေသည်။ ကြောက်ရွံ့စိတ်နှင့် မမမိမာ အခန်းထဲပတ်ပြေးနေမိသည်။ ဖြိုးက မျက်လုံး

မသမာတဲ့ရုပ်ကြီးနှင့်
ခုတင်ပေါ်ထိုင်ချကာ
မမမိမာ၏ပခုံးနှစ်ဖက်ကို
ဖျစ်ညှစ်ဆုပ်ကိုင်ပြီး
ရင်ခွင်ထဲ ဆွဲသွင်း၏။

နဲ့ပဲ လိုက်ကြည့်ပြီး ဖမ်းတော့မလိုခြောက်၏။ အပြင်ထွက်ပြေးဖို့ ကြံတဲ့ မမာကို ဖြိုးက အကြွင်နာကင်းစွာနှင့် အိပ်ရာပေါ် ဆောင့်တွန်းချလိုက်၏။ မသမာတဲ့ရုပ်ကြီးနှင့် ခုတင်ပေါ်ထိုင်ချကာ မမမိမာ၏ပခုံးနှစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ပြီး ရင်ခွင်ထဲ ဆွဲသွင်း၏။ ဖြိုး၏ ရင်အုပ်ကျယ်ကြီးထဲတွင် မမမိမာက လိုသလို ဆွဲလို့ချုံ့လို့ရသည့် ဂျုံရုပ်ကလေး ဖြစ်နေပြီ။ ဖြိုးက တဖြည်းဖြည်း လက်ရဲဇက်ရဲဖြစ်လာကာ မမမိမာကို အတင်းဖက်ထား၏။ တဖြည်းဖြည်း တင်းသည်ထက် တင်းကျပ်လာပြီ။ မမမိမာက တံတွေးများမျိုချပြီး အားတင်းကာမေး၏။ အသံက ကြောက်ရွံ့မှုကြောင့် မထွက်နိုင်။

"ဖြိုးမောင်မောင် ဖြိုးမောင်မောင် မင်း မင်း ဘာ ဘာ လုပ်ဖို့လဲဟင်၊ ဘာလုပ်ဖို့လဲ"

ဖြိုးက မထီတရီပုံစံနှင့်

"ဒါ မမအိပ်မက်ပဲ မမလုပ်ချင်တာ လုပ်လို့ရတယ်"

မမမိမာ ရုတ်တရက် လန့်နိုးလာ၏။ ပြီးမှ အိပ်မက်မှန်း

www.burmeseclassic.com

သိ၍ သက်ပြင်းမှုတ်မိသည်။ ပြီးမှ မိမိနှုတ်ခမ်းမှ ကာလအတန်ကြာ ကွယ်ပျောက်နေပြီဖြစ်သော နှုတ်ခမ်းကိုယ်တိုင်က မေ့တော့တော့ဖြစ်နေပြီဖြစ်သော အပြုံးတစ်ခုက နှလုံးသားမှ လျှပ်တစ်ပြက် ပြေးတက်လာ၏။

"ဟူး ဘာမှန်းလဲမသိဘူး၊ လူကို ရင်ကိုဖိုသွားတာပဲ"

မိုးက လင်းနေပြီ။ ငတိုးတို့ အခန်းဖက်ကိုကြည့်တော့ ငတိုး နှင့်ဖြိုးတို့ ဖက်ပြီးအိပ်နေကြ၏။ ငတိုးကို ဖက်ပြီးအိပ်နေသော ဘောင်းဘီတိုအနီရဲရဲနှင့် ဖြိုးကိုကြည့်ရင်း ရင်ဖိုစွာ သက်ပြင်းချမိ၏။

"အချစ်တဲ့လားကွယ်"

* * *



www.burmeseclassic.com

www.burmeseclassic.com





ငတိုးနှင့်ဖြိုးတို့ နံနက်စောစော နိုးလာကြသည်။ နှစ်ယောက်လုံးက အနံ့တစ်မျိုးကို ခံစားကြရ၏။

"ဒါ ဒါ ရွှေတောင်ခေါက်ဆွဲနံ့"

နှစ်ယောက်သား လူးလဲထကာ မီးဖိုထဲ ဝင်ကြည့်ကြ၏။

"ဟေး ရွှေတောင်ခေါက်ဆွဲ ချက်သွားတယ်ကွ၊ မမကို သိပ်ကျေးဇူးတင်တယ်၊ လာ ကိုဖြိုး စားကြရအောင်"

ငတိုးက ရွှင်ပျစွာနှင့် က,ပင်က,နေသေး၏။ ဖြိုးက

"ကဲ ငတိုး မင်းနဲ့ငါပဲရှိတာ၊ တဝကြီးစားရမယ်၊ လာ မျက်နှာသစ်ဦး"

ငတိုးက ကလေးဆိုးကြီးလို ပေကပ်ကပ်နှင့် ပါလာ၏။ မမမိမာကတော့ ခါတိုင်းထက်စောကာ ထွက်သွားပြီဖြစ်သည်။ ဖြိုးက ငတိုးမျက်နှာသစ် သွားတိုက်တာကို စောင့်ပြီးမှ နံနက်စာဝိုင်းသို့ အတူလာကြ၏။ ငတိုးကို ရွှေတောင်ခေါက်ဆွဲ သေသေချာချာထည့်ပေး၏။ ပျော်ရွှင်စွာ စားသောက်ကြရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



"ငတိုး ဒီနေ့ ကိုကြီးဖြိုးက မြို့ထဲသွားရမယ်၊ ကိုကြီးဖြိုး အလုပ်လုပ်ခိုင်းထားတဲ့လူတွေနဲ့ သွားတွေ့ရဦးမယ်၊ မင်းမှာ ပိုက်ဆံရှိသေးလားကွ"

ငတိုးက မျက်မှောင်ကုတ် စဉ်းစားရင်း

"ကိုဖြိုး အရင်ကယူသွားတဲ့ပိုက်ဆံ ပြန်မပေးရသေးဘူးလေ"

"ဒါမျိုးကျမှတ်မိတယ်၊ ငါက ပြန်ပေးမှာပါကွ၊ မင်းသိပါတယ်၊ ငါက ဖြိုးလုပ်ငန်းစုရဲ့ အမွေဆက်ခံမယ့် သူဌေး ဖြိုးမောင်မောင်ပါကွ၊ မင်းကို ငါဆယ်ဆပြန်ပေးမယ်၊ မင်း ငါ့ကို ယုံတယ် မဟုတ်လား"

ငတိုးက ရှင်ပျစွာဖြင့်

"ယုံပါတယ်၊ ကိုဖြိုးက ကျွန်တော့်အကျီတွေဝတ်ဝတ်သွားပြီး တစ်ခါမှ ထွက်မပြေးဘူး၊ အမြဲပြန်လာပေးတာပဲဟာ"

"အေး ငါ့အလုပ်တွေအားလုံး အေးဆေးသွားရင် မင်းကို ဂိမ်းစက်ရော အကျီဘောင်းဘီတွေရော၊ အားလုံးဝယ်ပေးမယ်၊ ခုတော့ ပိုက်ဆံနည်းနည်းချေးဦး"

ငတိုးက မမမိမာ အိပ်ခန်းထဲမှ ပိုက်ဆံတစ်သိန်းခွဲခန့် သွားယူလာပေးသည်။

"ဒါက သားပိုက်ဆံမဟုတ်ဘူးနော်၊ မမမိမာစုထားတဲ့ပိုက်ဆံတွေ"

"အေးပါ၊ မင်းအစ်မ,မသိခင် ငါပြန်ပေးပါ့မယ်"

ဖြိုးက ပိုက်ဆံများကို အိတ်ထဲထည့်လိုက်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





ယခုတော့ ဖြိုးမောင်မောင်သည် ဘဝကိုကျေနပ်စွာ နေတတ်သူတစ်ဦး ဖြစ်နေပြီ။ ပတ်ဝန်းကျင်မှလူတိုင်းကို အကောင်းမြင်စိတ်နှင့် ရှုမြင်တတ်နေပြီ။ ကိုယ့်ကို တွန်းတိုက် တိုးဝှေ့သွားသူများကိုလည်း ဩော် သူတို့လည်း အပူသည်တွေပဲလေဟု ဦးညွှတ်ပြုံးပြကာ ဆောရီးဟုပင် တောင်းပန်စကား ပြောတတ်နေပြီ။

ဆောရီးဆိုသော စကားသည် ယခင်က ဖြိုး၏ အဘိဓာန်ထဲတွင် မရှိခဲ့သော စကားလုံးဖြစ်သည်။ လူအများက ပျာပျာသလဲ တောင်းပန်နေခဲ့ကြသော ဆောရီးခံ လူတန်းစားမှာ ပေါက်ဖွားလာခဲ့သူ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲရောက်တော့ ဝယ်နေကျဆိုင်ကြီးတစ်ဆိုင်သွား၍ အကောင်းစား ဝတ်စုံတစ်စုံ ဝယ်ဝတ်သည်။ အခုမှ စမတ်ကျသွားကာ သူဌေးသားဖြိုးမောင်မောင်ရုပ် ပြန်ထွက်လာသည်။ ကိုလွှမ်း ကိုမျိုးတို့ကို ဖုန်းဆက်၍ပြောသည်။

"ဟယ်လို ကိုလွှမ်းလား၊ ကိုဖြိုးပါ"

"အေး ကိုဖြိုး၊ ကားက ဆက်ပြီးနေပြီ၊ ခု ဒါဘင်တီးနေတယ်၊ ပြီးတော့မယ်၊ ဒါဘင်ပြီးရင်တော့ ပြီးပါပြီ၊ ကားဆက်ပြီးကြည့်ရတဲ့လူတွေကတော့ တော်တော့ကို သဘောကျနေကြတယ်၊ ဆုံမယ်လေ၊ နေဦး သန်ဘက်ခါလောက် ဆုံကြမယ်၊ အဲဒီအချိန်ဆို အားလုံးပြီးလောက်ပါပြီ၊ ဆုံမယ်နော်"

ဖုန်းချသွား၏။ ဖြိုးမောင်မောင် ပြုံးရွှင်ကြည်လင်စွာနှင့် သာမန်လူများလို မြို့ထဲလမ်းမများသို့ လျှောက်သွားနေသည်။ ငယ်စဉ်က တိရစ္ဆာန်ရုံသွား၍ တိရစ္ဆာန်များကို ငေးမောခဲ့သလို ယခုတော့ လူမျိုးစုံတို့၏ ဘဝမျိုးစုံ လှုပ်ရှားကျင်လည်နေကြပုံကို အံ့သြနေငေးမောနေမိသည်။

ဂိမ်းပစ္စည်းအရောင်းဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်တော့ ဂိမ်းစက် အရမ်းကို လိုချင်နေသော ငတိုးလေးကို သတိရမိသည်။ ဂိမ်းစက်များကို ငေးမောကြည့်သည်။ အလွန်ရွှင်ပျနေမည့် ငတိုး၏ မျက်နှာကို မြင်ယောင်ကာ မိမိအိတ်ထဲမှ လက်ကျန်ငွေများကို စမ်းကြည့်မိသည်။ ငတိုး၏နှလုံးသားမှလာသော အပြုံးနှင့်ပင် တန်နေပါပြီ။ သို့နှင့်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အရွှေစော်



တက်သစ်နေက ပျပျကလေး နွေးနေသည်။

မမမိမာက ရွှေတောင်ခေါက်ဆွဲ ပူပူနွေးနွေးကို ဆေးရုံ၏ သီးသန့်ခန်းရှိ ဦးတက်ဖြိုးထံ ဝင်ပို့သည်။ ဒေါ်နီလာညွှန့်လည်း ရောက်နေပြီဖြစ်သည်။ ဦးတက်ဖြိုးက မမမိမာကို မြင်သည်နှင့် ရွှင်ပျသွားပြီး

"ဟော ကျေးဇူးရှင်လေး ရောက်လာပြီ၊ လာ ထိုင်ပါဦး ဒါ ဦးရဲ့ဇနီး ဒေါ်နီလာညွှန့်တဲ့၊ သူလည်း ရွှေတောင်သူပဲ၊ သမီးကို ရွှေတောင်ခေါက်ဆွဲချက်ခိုင်းထားတယ်ဆိုလို့ အားပေးရအောင် လာစောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး လူနာလည်း လာစောင့်တာပါနော်"

ရယ်ပွဲကလေးဖြစ်သွား၏။

"ဟုတ်ကဲ့တာဘာ၊ သမီးကတော့ မေမေသင်ပေးထားတဲ့အတိုင်း ချက်ထားတာပဲ၊ ကောင်းမကောင်းတော့ မသိဘူး"

မမာကိုယ်တိုင် ချိုင့်များထဲမှ ပန်းကန်များသို့ ထည့်ပေး၏။ ဦးတက်ဖြိုးက ရွှေတောင်ခေါက်ဆွဲတစ်ဇွန်းကို တန်ဖိုးထားစွာ ခပ်မြည်း၍ အတော်ကြာကြာကို မျက်စိမှိတ် အရသာခံနေ၏။ ပြီးမှ အားရကျေနပ်တဲ့လေသံနှင့်

"ကောင်းလိုက်တာ သမီးရယ်၊ ဟိုးငယ်ငယ်က ကျောင်းသားဘဝကို ပြန်ရောက်သွားသလိုပဲ၊ ကျေးဇူးတင်ပါတယ်၊ သမီးလည်း စားလေ"

ဒေါ်နီလာညွန့်ကလည်း ဝင်၍ထောက်ခံ၏။

"တကယ့်ရွှေတောင်လက်ရာ စစ်စစ်ပဲ၊ ကောင်းလိုက်တာ၊ ဒါနဲ့ သမီးက ဘီယာဆိုင်မှာ အလုပ်လုပ်နေရတာဆို"

မမမိမာက မထူးဆန်းသလိုပုံမျိုးနှင့်

"ဟုတ်ပါတယ်ကြီးကြီး"

"လစာဘယ်လောက်ရလဲ"

"ရှစ်သောင်းပါ ကြီးကြီး"

"ဒါနဲ့ သမီးရဲ့ ပညာအရည်အချင်းက"

"ပညာကတော့ အီကိုမေဂျာကို မာစတာတန်း အောင်ထားပါတယ်"

ဦးတက်ဖြိုးက အံ့ဩသွားပြီး

"ဟေ ဒါဆို အလုပ်ကောင်းကောင်းရနိုင်တာပဲ"

မမမိမာက ခေါင်းညိတ်ကာ



www.burmeseclassic.com

## အငွေ့ဆောက်

ထိုးလေးဒီထက်
မျှော်မှန်းသောဘဝကို
ရနေတော့မည်။ ထိုးကို
သတိရတော့
ထိုး၏ကြားမော်ဖြစ်နေသော
ရေမျှောကမ်းတင်လေး
ဖြူးမောင်မောင်ကိုလည်း
တဆက်တည်း
သတိရမိသည်။

"ဘဝတွေပေါ့ ဘဘရယ်၊ ဘဝတွေပေါ့။ ကျောင်းပြီးလို့ အလုပ်ရှာနေတုန်းမှာပဲ မေမေက ကောက်ခါငင်ခါ ဆုံးသွားတော့ ညာဏ်ရည်မမီတဲ့မောင်လေးကတစ်ဖက်၊ အိမ်စရိတ်က တစ်ဖက်နဲ့ ရတဲ့အလုပ် ဝင်လုပ်ခဲ့ရတာ၊ ခုဆို အဲဒီဘီယာဆိုင်မှာ မလုပ်ချင်ဘဲ လုပ်နေတာကို ဆယ်နှစ်ကျော်ပြီပဲ၊ "

"ဩော် အေး သမီးရဲ့ပညာအရည်အချင်းနဲ့ အခုရတဲ့ အလုပ်က အရမ်းနုတ်လွန်းတယ်၊ ဦးက ဖြိုးလုပ်ငန်းစုရဲ့ ဥက္ကဋ္ဌ ဦးတက်ဖြိုးပဲသမီး၊ ရော့ လိပ်စာကတ်၊ သမီးကို ဖြိုးလုပ်ငန်းစုက ဒုတိယဥက္ကဋ္ဌရဲ့ စက္ကတေရီအဖြစ် ခန့်မယ်၊ လစာကို သုံးသိန်းပေးမယ်၊ ဟုတ်ပြီလား"

မမာ အံ့သြရင်းဝမ်းသာစိတ်ကြောင့် မျက်ရည်များပင်လည်မိသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"ဝမ်းသာလိုက်တာ ဘဘရယ်"

ဝမ်းသာစိတ်နှင့် တစ်ဦးတည်းသောမွေးချင်းဖြစ်သည့် ငတိုးကိုလည်း သတိရမိသည်။ ငတိုးလေး ဒီထက် ပျော်ရွှင်သောဘဝ ကို ရတော့မည်။ ငတိုးကို သတိရတော့ ငတိုးရဲ့ကစားဖော်ဖြစ်နေ သော ရေမျောကမ်းတင်လေး ဖြိုးမောင်မောင်ကိုလည်း တဆက် တည်း သတိရမိသည်။ ဘာတဲ့ သူ့ကိုယ်သူ ဖြိုးလုပ်ငန်းစုရဲ့ ဒုတိယ ဥက္ကဋ္ဌ ဖြိုးမောင်မောင်တဲ့၊ အလုပ်ရပြီးမှ အလုပ်ထဲခေါ်သွားပြီး ဒုတိယဥက္ကဋ္ဌကို လက်ညှိုးထိုးပြလို့ အဲဒီမှာဟဲ့ ဒုတိယဥက္ကဋ္ဌဆိုတာ ဟု ငေါက်ပစ်လိုက်ဦးမည်။


ဒီကောင်လေးကိုလည်း အလုပ်ကောင်းကောင်း တစ်ခု တောင်းပေးရဦးမည်။ ဒါမှ ဘဝကိုရိုးသားစွာ ရှင်သန်နေထိုင်တတ် မည်မဟုတ်လား။ မမမိမာက အလုပ်ရမည်ဆိုကာ ရှိသေးသည်။ စိတ်ကူးထဲတွင် ဝန်ထမ်းပင် တစ်ယောက်ခန့်ထားပြီးပြီ။ ကိုယ့် အတွေးနှင့်ကိုယ် ပြုံးပျော်ကြည်နူးနေမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# အရွှေ့ချောက်



မမမိမာတို့အိမ်သို့ ဖြိုးက ဝင့်ကြွားစွာနှင့် ဂိမ်းစက်ကြီး ပိုက်ကာ ရောက်လာသည်။ ငတိုးက ဂိမ်းစက်ကိုကြည့်ကာ အကြီး အကျယ် ဝမ်းသာနေသည်။

"ဟာ အဲဒီဂိမ်းစက်က သားအတွက်လား၊ ဟင် သား အတွက်လား"

"အေးပါ ငတိုးရဲ့ မင်းအတွက်ပါကွ"

ဖြိုးက စက်ကို ဆင်ပေး၏။ ငတိုးကား ပျော်၍နေတော့သည်။ တော့။

"ကိုကြီးပြန်ရင် ပြန်မယူသွားရဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ငတိုးလေးက စိုးရိမ်စိတ်ကလေးနှင့်မေး၏။

"ဩော် မင်းပစ္စည်းပါဆိုနေကွာ၊ မင်းတစ်သက်လုံး အပိုင်ပဲ၊ လာ ကစားကြမယ်"

"ဟေး ခြေမညောင်းဘဲ ဂိမ်းကစားရတော့မယ်"

"ခြေမညောင်းတဲ့အပြင် ပိုက်ဆံလည်း မကုန်တော့ဘူး"

ငတိုးနှင့်ဖြိုးတို့ ပျော်ရွှင်စွာနှင့် ဂိမ်းကစားနေကြတော့သည်။

မမမိမာလည်း အလုပ်ကောင်းကောင်းရသဖြင့် ဘီယာဆိုင်သို့ပင် မသွားတော့ဘဲ ပျော်ပြီး ပြန်လာသည်။ အင်္ကျီအသစ်နှင့် လူလူသူသူဖြစ်နေသော ဖြိုးနှင့် အရမ်းကိုပျော်နေသော ငတိုးကို တွေ့သဖြင့် အံ့ဩသွားသည်။ မမာကိုတွေ့သည်နှင့် ငတိုးပျော်ပြီး မမာကို ပတ်ပြေး၏။

"သားသားမှာ ဂိမ်းစက်ရှိတယ်၊ ကိုဖြိုးဝယ်ပေးတာ၊ သိပ်ပျော်တယ်၊ အရမ်းပျော်ဘယ်"

မမာ ဂိမ်းစက်ကိုကြည့်ပြီး ဝမ်းသာသွား၏။ သူမ,မဖြည့်ဆည်းနိုင်သော ကွက်လပ်ကို ဖြိုးက ဖြည့်ဆည်းပေးသဖြင့် ကျေးဇူးလည်းတင်သွားသည်။

"ဒါ ဒါကို မောင်လေးအတွက် ပေးတာပေါ့"

"ဟုတ်တာပေါ့ဗျ၊ ကျုပ်က ဖြိုးလုပ်ငန်းစုရဲ့ဒုတိယဥက္ကဋ္ဌပဲ၊ ဒီငွေလောက်တော့ အေးဆေး"

ငတိုးက ကိုဖြိုး၏ ခါးထစ်ခွင်ပေါ် ခုန်တက်ခွရင်း အာပွားတို လှိုင်လှိုင်ကြီးပေး၏။ ဒီနေ့တော့ အားလုံးအပျော်များ ကူးစက်နေကြ၏။

ဒုက္ခသည် အဖော်အပေါင်းနှင့် လာတတ်သည်ဟု မှတ်



www.burmeseclassic.com

www.burmeseclassic.com



သားဖူးသည်။ သုခကလည်း အပေါင်းအသင်းများ ခေါ်လာတတ် သည်လား။

ထိုအပျော်များသည် မမမိမာ၏ လက်ထဲမှ ငွေပိုကလေး ကို ငွေစုသေတ္တာထဲ ထည့်စုသည့်အချိန်တွင်တော့ အားလုံး ကီး ကြောင်ကာ ပျောက်ပျက်ကုန်ပါသည်။

ဝုန်းခနဲ အခန်းတံခါးပွင့်လာပြီး မမမိမာက မီးဟုန်း ဟုန်းတောက်နေသော မျက်လုံးများနှင့် ဖြိုးကိုကြည့်၏။ ဒေါသ ကြောင့် မမမိမာ၏ နှုတ်ခမ်းများက တဆတ်ဆတ် တုန်နေသည်။ ဖြိုးနှင့်ငတိုးတို့က အသားတဆတ်ဆတ်တုန်အောင် ဒေါသထွက် နေသော မမမိမာကိုကြည့်ပြီး ကြက်သေ,သေနေကြသည်။ မမာ က အာခေါင်ခြစ်၍ အော်တော့သည်။

“ဟဲ့ ငဖြိုး၊ နင် နင် ငါ့ပိုက်ဆံတွေခိုးပြီး ကိုယ်လုပ်ချင်တာ လုပ်ပစ်လိုက်တယ်ပေါ့လေ၊ ဟင် သူခိုး”

“ဗျာ ဟို ကျွန် ကျွန်တော်”

အထစ်ထစ်အငေါ့ငေါ့နှင့် ရှင်းပြဖို့ ပြင်နေသောဖြိုးကို ကြည့်ပြီး မမာဘယ်လိုမှ ဒေါသမထိန်းနိုင်တော့။ အနီးရှိတံမြက် စည်းဆွဲပြီး ဖြိုးကို လိုက်ရိုက်၏။ ဖြိုး ကြောင်မနေအား။ အိမ်ကို ပတ်ပြေးနေရသည်။ ငတိုးက ဘုမသိဘမသိနှင့် မမာကို အတင်း ဖက်ဆွဲကာ ငိုပြီးတောင်းပန်နေသည်။

“မမ ကိုဖြိုးကို မရိုက်ပါနဲ့၊ ကိုဖြိုးက သူခိုးမဟုတ်ဘူး။ တကယ်ခိုးတာက သားပါ၊ သားကိုရိုက်ပါ၊ ကိုဖြိုးကို မရိုက်ပါနဲ့”

မမမိမာ၏အဒေါ် အမေသန်းလည်း ခရီးသွားရာမှ ပြန်ရောက်လာပြီး အိမ်တွင်း ဝရုန်းသုန်းကားဖြစ်နေမှုကိုမြင်ပြီး အံ့အားကြီးကိုသင့်ကာ ဆွဲလည်းဆွဲ မေးလည်းမေး၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုဖြိုးရဲ့ ဟမ်းချိန်း
ပျောက်တာလည်း ဆန်ဆိုင်က
သားချစ်နေတဲ့ ကျော့ကောသွယ်ကို
သားယူပြီး ပေးလိုက်တာပါ

"ဟဲ့ မိမာ ဘာဖြစ်တာလဲ၊ ဘာတွေဖြစ်နေကြတာလဲ"

"အမေသန်း အဲဒီကောင်က သူခိုး၊ သမီးစုထားတဲ့ ပိုက်ဆံတွေခိုးပြီး သုံးပစ်လိုက်တယ်"

မမမိမာက ဖြိုး၏လက်ကို လိမ်ချိုးလျက် ပြန်ဖြေ၏။ အခြေအနေက နည်းနည်းတော့ ငြိမ်သက်သွားပြီ။ ထိုတော့မှ ဝတိုးက မျက်ရည်များကို သုတ်၍

"ကိုဖြိုးက သူခိုးမဟုတ်ပါဘူး၊ ကိုဖြိုး ပိုက်ဆံချေးလို့ သား ခဏယူပေးလိုက်တာပါ၊ ကိုဖြိုးရဲ့ ဟမ်းချိန်းပျောက်တာ လည်း ဆန်ဆိုင်က သားချစ်နေတဲ့ ကျော့ကေသွယ်ကို သားယူပြီး ပေးလိုက်တာပါ၊ ကိုဖြိုးကို မရိုက်ပါနဲ့၊ သားကိုရိုက်ပါ၊ သားက သူခိုး အစစ်ပါ"

ဖြိုးလည်း မျက်ရည်များတွေတွေကျလျက်က အရှိုက်ကို သိမ်းရင်း

"အဲဒီငွေတွေကို ကျွန်တော် ခဏသုံးထားတာပါ၊ မကြာခင် ကျွန်တော်ပြန်ပေးပါ့မယ်၊ မမမိမာ စဉ်းစားကြည့်ပါ၊ ဝတိုးဘဝ ဟာ ဘယ်လောက်သနားစရာကောင်းလဲ၊ တစ်နေ့လုံး အဖော်မဲ့ပြီး အထီးကျန်နေရတယ်၊ တခြားကလေးတွေ ကစားကွင်းသွားရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူရောက်ဖူးလား၊ သူ့ခမျာ သူကစားချင်တဲ့ဂိမ်းကို နေ့ခင်း၁၂ နာရီလောက်မှာ နှစ်ရပ်ကွက်လောက်ဝေးတဲ့ ဂိမ်းဆိုင်ကို လမ်းလျှောက်သွားနေရတာကို သိလား၊ သူ့မှာ ဘာအပန်းဖြေစရာမှ မရှိဘူး။ သူ့ဖက်က ခံစားပေးဖူးလား။ ထမင်းကျွေးထားရုံနဲ့ တာဝန်ကျေပြီ မထင်ပါနဲ့ဗျာ၊ ခုဆိုကြည့်စမ်း သူဘယ်လောက်ပျော်နေလဲ၊ ဒီလောက်ပျော်နေတဲ့ကလေးကို မမာတွေ့ဖူးလား။ ပျော်နေတဲ့အချိန်မှာ ငတိုးကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ဗျာ၊ ဒီငွေလေးက ငတိုးရဲ့ပျော်ရွှင်မှုနဲ့ နှိုင်းစာရင် ဘာမှမဟုတ်ပါဘူး၊ ကျွန်တော်တကယ် ပြန်ပေးမှာပါ"

ဖြိုး၏ တည်ငြိမ်စွာ ပြောနေပုံကိုကြည့်ပြီး မမမိမာက မိမိကိုယ်မိမိ အပြစ်မကင်းသလို ခံစားနေရသည်။ မိမိစိတ်လိုက်မာန်ပါ လုပ်ခဲ့သဖြင့် ကလေးနှစ်ဦးလုံး မျက်ရည်ကျရပြီ။ "ဒီငွေက ပိုနေလို့ပဲ စုမိနေတာပဲ၊ ဒီငွေကုန်သွားလည်း ပြန်စုလို့ရတာပဲ" မမမိမာ၏ ခေါင်းထဲတွင် အတွေးများနှင့် နောက်ကျိနေရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# တချိုးကပ်နဲ့ဆိုးကြတယ်



မမမိမာတို့အိမ်၏ မီသားစုထမင်းဝိုင်းလေးက ဖွယ်ဖွယ်ရာရာ ချက်မထားသော်လည်း မိသားစု၏မျက်နှာများနှင့်ပင် မြိုင်ဆိုင်နေပြီ။ ထမင်းစားကြရင်း အမေသန်းက ဖြိုးကို သဘောကျနေသည်။

"အင်း ရုပ်ကလေးက အထက်တန်းဥပမိပဲ၊ အဝတ်အစားကလည်း ကောင်းကောင်းတွေ ဝယ်ဝတ်တတ်တာဆိုတော့"

"ဒါ နိုင်ငံတကာကကြိုက်တဲ့တံဆိပ်ပဲကို ချုပ်သား သိပ်ကောင်းတယ်လေ၊ ဟင်း ဟင်း ကိုင်ကြည့်ပါလား"

မမမိမာက သူ့ငွေနှင့်ဝယ်ထားသောအကျီမှ မကျော့မနပ်



www.burmeseclassic.com

www.burmeseclassic.com



မမိမာက
မောင်လေးပျော်နေတာကို
ကြည့်ပြီး
ဖြိုးမောင်မောင်ဆိုသော
ကောင်လေးကို တိတ်တခိုး
ကျေးဇူးတင်နေမိပါသည်။

နှင့် မျက်စောင်းထိုး၏။

"အင်း အကောင်းစားတွေ သုံးတာပဲ၊ သားက သူဌေးသား ထင်တယ်"

ဖြိုးက ဂုဏ်ယူဝင့်ကြွားသောဟန်နှင့်

"ဟုတ်တာပေါ့ဗျာ၊ ကျွန်တော်က ဖြိုးလုပ်ငန်းစုရဲ့ ဒုတိယ ဥက္ကဋ္ဌ"

"ဂွမ်"

မမိမာက လက်ရဲဇက်ရဲနှင့် ဖြိုးခေါင်းကို ဇလုံနှင့်ချ၏။

"ဘာလုပ်တာလဲဗျ"

ဖြိုးက ခေါင်းကိုပွတ်ရင်း နားမလည်နိုင်ပုံနှင့် မေး၏။

"နင်က အခုထိလိမ်နေတုန်းဟုတ်လား၊ နင့်ကို ငါပြော တယ်၊ အဲလိုလိမ်နေမယ့်အစား အလုပ်ကောင်းကောင်း တစ်ခု ရှာ လုပ်ပါဆို"

"ဘာလိမ်လို့လဲဗျာ၊ ကျွန်တော်က အကောင်းနဲ့"

မမိမာက ဖြိုးခေါင်းကို ဇလုံနှင့်ရွယ်ရင်း

www.burmeseclassic.com

www.burmeseclassic.com

"တော် ထမင်းစားတော့၊ ငါ မနက်ဖြန် အလုပ်ကောင်းကောင်းကို ပြောင်းရတော့မယ်၊ အဲဒီအထိမ်းအမှတ်နဲ့ မနက်ကျရင် ငတိုးကို နင် ကစားကွင်းလိုက်ပို့ပေး သိလား"

"ကစားကွင်း ဟေး ပျော်တယ်ဟေး"

ငတိုးလေးက အပျော်များနှင့် ထခုန်ကာ သူ့ဝသီအတိုင်း လှည့်ပတ်ကသည်။ ဖြိုးကိုလည်း အားကိုးတကြီးနှင့် ဖက်ရင်း မေးစေ့ကို ကိုင်လှုပ်ကာ မေးရှာသည်။

"ကိုဖြိုး သားကိုလိုက်ပို့ပေးနော်"

"ပို့ပေးမှာပေါ့ကွာ"

"တစ်နေ့လုံး ကစားမှာနော်"

"ကစားပါကွာ"

"ကိုဖြိုးလည်း ကစားရမယ်နော်"

"အေးပါ ကစားပါ့မယ်"

"ကတိနော်"

"ကတိ ကတိ"

"ဟဲ့ ကတိပေးပြီးရင် တည်ရတယ်နော်"

ဖြိုးနှင့် ငတိုးတို့ လက်သန်းချင်းချိန်ကာ ကတိပေးကြပါ၏။ မမိမာက မောင်လေးပျော်နေတာကို ကြည့်ပြီး ဖြိုးမောင်မောင်ဆိုသောကောင်လေးကို တိတ်တခိုး ကျေးဇူးတင်နေမိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ကစားကွင်းများသည် ကလေးငယ်များ၏ နိဗ္ဗာန်ဘုံ ဖြစ်သည်။ ဖြိုးမောင်မောင်နှင့် ငတိုးတို့နှစ်ဦး အလန်းဆုံး အတောက်ပဆုံးသော အဝတ်အစားများ ဝတ်ထားကြသည်။ ငတိုးက မမမိမာ ချုပ်ပေးထားသော ဘင်တန်းပုံစံဝတ်စုံကို ဝတ်ထားသည်။ အစိမ်းရောင်အစတွင် အနက်ရောင်ကွတ်ထားသော ဝမ်းဆက်ဝတ်စုံနှင့် ဖြစ်သည်။ ဖိနပ်ကိုလည်း ဖော့ဖိနပ်အဝါတောက်တောက်ကြီး စီးထားသေး၏။ ဦးထုပ်ကလည်း ပန်းရောင်နှင့်မို့ ဘယ်ရှုထောင့်က,ကြည့်ကြည့် ပြောင်လက်နေသည်။

ကိုဖြိုးကလည်း မခေပါ။ ,သူတစ်ခါဖူးမျှ မဝတ်ခဲ့ဖူးသော



www.burmeseclassic.com

www.burmeseclassic.com



ကလေးဆန်ဆန် အဝတ်အစားများနှင့် လန်းနေသည်။ အဝါတောက်တောက် ဟာဝိုင်အီရှပ်နှင့် ဘောင်းဘီတို အဖြူဆွတ်ဆွတ်ကို ဝတ်ထားသည်။ နဖားရှည်သော ဦးထုပ်ဖြူနှင့် ကော်ကိုင်းမျက်မှန် အဝါကြီးကိုလည်း တပ်ထားသေး၏။ ဖိနပ်ကလည်း ငတိုးနှင့်ဆင်တူ ဖော့ဖိနပ်အဝါနှင့် သိပ်မိုက်နေကြသည်။

ဂျန်းတဲလ်မင်းစတိုင်နှင့်သာ အမြဲမြင်တွေ့ဖူးခဲ့သောသူများ အဖို့ ဖြိုးကို မှတ်မိဖို့ပင်မရှိ။ ယခင်က ဤကဲ့သို့ အရောင်တောက်သော အဝတ်အစားများ သူ့ကိုယ်ပေါ်တင်ဖို့ တစ်ခါဖူးမှ မစဉ်းစားဘူး။ ယခုတော့ အလန်းတွေက လျှံကျနေသည်။ ဒီကြားထဲ ငတိုးက ရောင်စုံမိုးပျံပူဖောင်း ၁၀လုံးခန့်ကို ပူးကိုင်ထားသေး၏။ ကိုဖြိုးက ငတိုးသဘောကျလှသော မှုတ်ရှည်တစ်ခုကို မှုတ်ရင်းနှင့်ပါ။ မှုတ်ရှည်ကို ငတိုးနှာခေါင်းနှင့်ထိအောင် မှုတ်လိုက်လျှင် ငတိုးက တခစ်ခစ်ရယ်တော့သည်။

ဒီနေ့ကတော့ ငတိုး၏ဘဝတစ်သက်တာတွင် အပျော်ဆုံးနေ့ပင် ဖြစ်လိမ့်မည်။

ကစားကွင်းတွင် ငတိုးပျော်ရွှင်စွာ အမျိုးစုံကစားသည်ကို ဖြိုးက တာဝန်ကျေအောင် လိုက်စောင့်ရှောက်သည်။ မမမိမာကို ကတိပေးထားသည် မဟုတ်လား။ တည်ရမည်ပေါ့။ ငတိုးစိတ်ကြိုက် ရိုလာကိုစတာစီးသည်။ ပင်လယ်ဓားပြလှေကြီးလည်း မချန်။ တိုက်ကားကို (၁၀)ကြိမ်စာလက်မှတ် ဝယ်ထားပြီး (၁၀)ခေါက်စီးကြသည်။ မိုးပျံပူဖောင်းကြီးလည်း အလွတ်မပေး။ မိုးပျံစက်ဘီးဆိုလည်း လာထားပဲ။

"ဟင် ကိုဖြိုး၊ ဘယ်လိုတွေဖြစ်နေတာလဲ"

ရုတ်တရက်ရောက်လာသော ကိုလွှမ်းက ဖြိုးပုံကို မြင်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အံ့ဩတကြီးမေးလိုက်ခြင်းဖြစ်သည်။ ကိုမျိုးလည်း ပါးစပ်ကြီး တစ်ထွာလောက်ပွင့်ကာ အံ့ကြောဆွဲနေ၏။ ဖြိုးက ဘာမှမထူးဆန်း သလိုပုံမျိုးဖြင့်

"ဒီလိုပါပဲဗျာ"

ကိုမျိုးက

"ခင်ဗျားကို ကားပြိုးကတည်းက လိုက်ရှာနေတာ၊ ဘယ်လိုမှ ဆက်သွယ်လို့မရဘူး၊ ခင်ဗျားရဲ့ အရင်ဖုန်းကို ဆက်ကြည့်တော့ အမျိုးသမီးတစ်ယောက်ကိုင်တယ်ဗျာ၊ ဦးဖြိုးမောင်မောင်ရှိလားလို့မေးတော့ ဟုတ်မဟုတ်တော့ မသိဘူး၊ ကျွန်မသိတဲ့ ဖြိုးမောင်မောင်တစ်ယောက်ကတော့ ဒီကစားကွင်းထဲမှာ ရှိနေတယ်ဆိုလို့ ဟုတ်လေမလားဆိုပြီး လာကြည့်ကြရတာ"

ဖြိုးမောင်မောင်က တည်ငြိမ်စွာနှင့်ပင်

"ကဲ တွေ့ကြပြီပဲဗျာ၊ ကားပြိုးပြီလား"

"ကျွန်တော်တို့ပြောခဲ့တဲ့အတိုင်းပဲဗျာ၊ ခင်ဗျားကြော်ငြာအတွက်လည်း သိပ်ထိရောက်မယ်၊ ဇာတ်ကားကလည်း သိပ်ကောင်းတယ်၊ ခု လိုက်ကြည့်မလား"

ဖြိုးက နာရီအဖြူကြီးကို မျှော်ကြည့်ရင်း

"ညနေမှ လာခဲ့ပါ့မယ်၊ ခု သူငယ်ချင်းတစ်ယောက်ကို တစ်နေ့လုံး ဆော့ပါ့မယ်လို့ ကတိပေးထားလို့"

"တစ်နေ့လုံးဆော့မယ်လို့ ကတိပေးထားတယ်"

ကိုမျိုးက နားမလည်သလိုရေရွတ်နေစဉ်တွင် ငတိုး ပြေးလာပြီး ဖြိုး၏လက်ကိုဆွဲကာ

"လာ ကိုဖြိုး ဟိုဖက်မှာ မျောက်ခုံပက်လက်ရှိတယ်၊ သူများတွေ စီးကုန်ကြပြီ၊ လာ သားစီးချင်တယ်"

www.burmeseclassic.com



"ညနေမှလာခဲ့မယ်ဗျို့"

ကိုလွမ်းတို့ကို ဖြိုးက အော်ဟစ်နှုတ်ဆက်ကာ ငတိုးကို လက်တွဲပြီး ပျော်ရွှင်စွာနှင့် ပြေးထွက်သွား၏။

ကိုလွမ်းတို့သာ ဟစိဟစိနှင့် အံ့ကြောကြီးဆွဲလျက် ကျန်ရစ်ခဲ့သည်။

ဒီကာလတိုအတွင်း တိုင်းစလစ်တွေ ဘာတွေများ ဖြစ်ကုန်ပြီလားပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com





လိပ်ပြာများသည် မိုင်ပေါင်းထောင်ချီ ပျံသန်းကြသည်ဟု စာတစ်အုပ်ထဲတွင် ဖတ်ဖူးပါသည်။ ဤသို့ဆိုလျှင် ပန်းနှင့်လိပ်ပြာတို့၏ပုံရိပ်သည် ဝတ်ရည်စုတ်စဉ် ခဏသာ ဆုံဆည်းကြမည်ထင်ပါသည်။ ပြီးတော့လည်း ကိုယ့်လမ်းကိုယ်သွားကြရမည်သာ။

ဤသို့အတိုင်းဆိုလျှင် ဝတ်ရည်မဲ့သော လိပ်ပြာက ဖြူးပင် ဖြစ်လိမ့်မည်။ သူ၏အနီးတွင် ပန်းတစ်ပွင့်ရှိခဲ့ပါသည်။ သို့သော် ဘဝများက ခြားနားလှပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com





ညဉ့်နက်နေပြီ။ ကောင်းကင်တစ်ခုလုံး တိမ်မဲညိုများ ဖုံးနေသဖြင့် ကြယ်စွန်းကြယ်စပင် မရှိ။ ဖြိုးက ကောင်းကင်သို့ မော့ကြည့်ရင်း ကြယ်လေးတစ်ပွင့်မျှ တွေ့လိုတွေ့ငြား ရှာကြည့်သည်။ မတွေ့။ မျှော်လင့်နေဆဲမှာပင် တိမ်စိုင်တစ်အုပ်က လေအတိမ်းတွင် ယိမ်းထိုးပါသွားသည်။ ယခုမှပင် ဖြိုးရှာနေသော ကြယ်ပွင့်လေးတစ်ပွင့် ရှားရှားပါးပါး ပေါ်လာသည်။

ဖြိုးက ကောင်းကင်တစ်ခုလုံးမှ တစ်စက်တည်းသော အလင်းပွင့်လေးကို မက်မက်စက်စက် ငေးမောနေမိဆဲခဏမှာပင် ထိုကြယ်ပွင့်ကလေးက ကြွေကျသွား၏။ အမှောင်ထုက ပို၍ ကြီးစိုး

www.burmeseclassic.com



သွားသယောင်ပါ။ ညဉ့်ကောင်းကင်သည် အဆွေးသမားအတွက် တွန့်တိုလွန်းနေသည် ထင်၏။

မမမိမာတို့အိမ် ဝရန်တာတွင် ဖြိုးတစ်ယောက်တည်း တိမ်စိုင်အမှောင်ထုကို ငေးနေစဉ် မမာက ဘေးမှာလာရပ်သည်။ ဖြိုးက မမမိမာကို လှည့်မကြည့်ဘဲ တစ်ကိုယ်တည်း ညည်းသလိုလို နှင့် ပြောနေ၏။

“ကျွန်တော့်ဘဝက တကယ်တော့ စက်ရုပ်တစ်ရုပ်လိုပါပဲ၊ အိမ် ကျောင်း အားကစား လူကြီးတွေစီစဉ်ပေးခဲ့တဲ့အတိုင်း စနစ် တကျ ကြီးပြင်းခဲ့ရတာပါ၊ ကျွန်တော် မေတ္တာတရားကို မသိဘူး၊ လူတွေ ဘယ်လိုနေနေကြလဲ မသိဘူး၊ ဒုက္ခဆိုတာကို မသိခဲ့ဖူးဘူး၊ ဒုက္ခရှိတယ်ဆိုတာကို တစ်ခါမှ ယောင်လို့တောင် မစဉ်းစားဖူးဘူး၊ ခု ငတိုးတို့ မမမိမာတို့နဲ့တွေ့မှ လူတွေရဲ့ မေတ္တာတရားနဲ့ ဖွဲ့စည်း ထားတဲ့ နှလုံးသားတွေကို မြင်ဖူးတာပါပဲ၊ စက်ရုပ်ဆန်တဲ့ ကျွန်တော့် ဘဝထဲက ခဏထွက်လာရတဲ့အချိန်မှာ မမာတို့နဲ့တွေ့ခွင့်ရခဲ့တာ ကျွန်တော် သိပ်ကိုကံကောင်းပါတယ်၊ အတွေ့အကြုံလည်း အများကြီး ရခဲ့တယ်၊ မေတ္တာတရားကိုလည်း နားလည်လာတယ်၊ ဘဝကို ဘယ်လိုပျော်ပျော်နေရမလဲဆိုတာကို ခုမှသိလာတယ်၊ ကျွန်တော့် ဘဝရဲ့ အပျော်ခဲ့ရဆုံးအချိန်တွေပါ၊ ကန္တာရလို ခြောက်သွေ့တဲ့ အထီးကျန်ကြီးပြင်းခဲ့ရတဲ့ ကျွန်တော့်ရဲ့ စိုပြည်တဲ့ ဘဝအစိတ်အပိုင်း တစ်ခုပါပဲ”

မမာက ဘာမှဝင်မပြောပါ။ သူလည်း လွမ်းလက်စ တော့ ရှိပုံရပါသည်။ ဘာအဓိပ္ပာယ်မှ ရှာ၍မရသော မှောင်ကြီး မဲကြီးကိုသာ အကြောင်းမဲ့လိုက်ငေးနေသည်။ အတန်ကြာမှ မမ မိမာက လက်ထဲတွင် ဆုပ်ကိုင်ထားသော ဟမ်းချိန်းကို ထိမ်းပေး



www.burmeseclassic.com

www.burmeseclassic.com



၏။ ဟမ်းချိန်းက တကယ့်ကို ငါးကျပ်သားခန့် ရှိနေသည်ပဲ။ ၎င်း ဟမ်းချိန်းကို မောင်လေးတိုးက သူတစ်ဖက်သတ်ကြိတ်ချစ်နေ သော ဆန်ဆိုင်မှ ကျော့ကေသွယ်အား ပေးထားခဲ့သည်။ ကေသွယ် ကလည်း ရှုပေါပေါလေးက ပေးသဖြင့် တန်ဖိုးရှိသည့် ပစ္စည်းဟု မထင်ဘဲ ချောင်ထိုးထားခဲ့သည်ကို မမာက ပြန်တောင်းလာခဲ့ခြင်း ဖြစ်သည်။ ဖြိုးက ဟမ်းချိန်းကို လက်မှာပြန်ပတ်ရင်း အလွမ်းများ ကို အနားသတ်နေသည်။

"မနက်ဖြန်ဆိုရင် ကျွန်တော့်ပြဿနာတွေကို ဖြေရှင်း နိုင်မယ့်နေ့ကို ရောက်လာပါပြီ၊ ကျွန်တော့်ဘဝထဲကို ကျွန်တော် ပြန်ဝင်ရတော့မယ်၊ ခုအချိန်အတိုင်းအတာအတွင်း အများကြီး အကူအညီပေးခဲ့တဲ့ မမမိမာကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ မမမိမာရဲ့ ဆုံးမသွန်သင်မှုတွေက ကျွန်တော့်ကို အသိတရားတွေ အများကြီး ပေးခဲ့ပါတယ်၊ မမမိမာရဲ့ မေတ္တာနဲ့စေတနာကို လေးစား ပါတယ်ဗျာ၊ နောက် အရေးအကြီးဆုံးတစ်ခုကို ကျွန်တော် အခုမှ သိလာတယ်၊ အဲဒါကတော့ အချစ်ပါပဲ၊ တကယ်လို့ ပြန်မဆုံတော့ ဘူးဆိုရင်တောင် မပြောမဖြစ်တဲ့ စကားတစ်ခွန်းတော့ ပြောခဲ့ချင် ပါတယ်၊ ကျွန်တော် မမမိမာကို ချစ်တယ်"

မမာက ဘာမှမတုံ့ပြန်ပါ။ ခွဲရတော့မည်လေ။ အဓိပ္ပာယ် မဲ့သော အမှောင်ထုကြီးကိုပဲ အရိပ်ထင်လာလိမ့်နိုးနှင့် ငေးနေ မိသည်။ ဖြိုးကသာ မမာ၏ ရိုးသားရှင်းသန့်သည့် မျက်နှာကလေး ကို မက်မက်စက်စက် ငေးမောနေမိလျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အဏွစော်



ကုမ္ပဏီခွဲများသို့ ဖြိုးလုပ်ငန်းစု၏ ကြော်ငြာအသုံးစရိတ်များနှင့် အိုက်ဒီယာအသစ်များကို ရှင်းလင်းပြလိုပါသည်။ နေ့လည် (၂)နာရီ ဖြိုးလုပ်ငန်းစုရုံးချုပ် အစည်းအဝေးခန်းမသို့ ကြွရောက်ပေးကြပါ။

ဖြိုးမောင်မောင်
ဒုတိယဒါရိုက်တာ
ဖြိုးလုပ်ငန်းစု

ဦးတက်ဖြိုးက မမာလာပို့သော ဖိတ်စာကို ကျေနပ်စွာကြည့်နေသည်။ ပြုံးပြီး ခေါင်းတညိတ်ညိတ်နှင့် ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖြိုး တည်ငြိမ်လေးနက်စွာနှင့် ရုံးသို့ပြန်လာသည်။ သူ၏ ရင်ထဲတွင်တော့ စစ်အောင်နိုင်မှု၏ ပြယုဂ်ဖြစ်သော တံပိုးခရာသံများနှင့် စီညံနေပါသည်။

ဦးတက်ဖြိုး၊ ကိုတင့်နိုင်နှင့် ဖြိုးလုပ်ငန်းစုမှတာဝန်ရှိသူများက ရုံး၏အစည်းအဝေးခန်းမအလယ်ရှိ ပရိုဂျက်တာမှ ရုပ်ရှင်ကို စိတ်ပါဝင်စားစွာနှင့် ကြည့်နေကြသည်။

အားလုံးက ရုပ်ရှင်ကို ကြည်နူးပီတိနှင့် ကြည့်နေကြပါသည်။ ၎င်းတို့၏မျက်နှာပေါ်မှ ကြည်နူးရိပ်ကိုမြင်သည်နှင့် သူလုပ်ရပ်မှန်ကန်ကြောင်း ဖြိုး၏ ယုံကြည်ချက်များက ပို၍ပို၍



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မာနေ၏။

ပြီးပါပြီစာတန်းအပြီးတွင်တော့ ကိုတင့်နိုင်က ဖြိုးကို ထ,ပြီး လက်ဆွဲနှုတ်ဆက်တော့၏။ ဝန်ထမ်းအားလုံးက လက်ခုပ်တီး အား ပေးကြ၏။

"သိပ်ကောင်းတဲ့ အိုက်ဒီယာပဲဗျာ၊ သိပ်ကိုကောင်းတယ်"

ဦးတက်ဖြိုးက ရုံးသူရုံးသားများအားလုံးကို လောဆော် လိုက်၏။

"ကဲ ဒုတိယဥက္ကဋ္ဌရဲ့ မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့ ကောင်း မွန်တဲ့ လုပ်ရပ်ကို ဩဘာပေးကြပါဦး"

လက်ခုပ်သံများက ဝေါခနဲ။

"ဒီအတိုင်းဆို ကြော်ငြာလည်းဖြစ် ရုပ်ရှင်ကထွက်လာမယ့် အကျိုးရလဒ်ကလည်း သေချာပေါက်ရမှာပဲ၊ အမြတ်လည်းရ ကြော်ငြာလည်းရမယ့် အိုက်ဒီယာပဲပေါ့ဗျာ"

ဖြိုးက ပြုံးပြီးခေါင်းညိတ်၏။ ရုံးသူရုံးသားအားလုံးက အပျော်များ ကူးစက်ကာ ဝမ်းသာကြည်နူးကြပါသည်။ ဦးတက်ဖြိုး က ဖြိုးအား တမင်ပင် ဦးညွှတ်လျက် သူ့အခန်းသို့ဖိတ်၏။

"ကဲ ဒုတိယဥက္ကဋ္ဌ ဥက္ကဋ္ဌကြီးရုံးခန်းကို ခဏကြွပါ"

* * *



www.burmeseclassic.com

www.burmeseclassic.com



ဦးတက်ဖြိုးက သူ့ဆုံလည်ကုလားထိုင်တွင် ဝင်ထိုင်၏။ ဦးတက်ဖြိုးရှေ့တွင် မမမိမာက တံခါးပေါက်ကို ကျောပေးထိုင်ကာ အလုပ်လုပ်နေခဲ့ပါသည်။

"ကဲ ဒုတိယဥက္ကဋ္ဌ ကြွပါ၊ ဒီမှာ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ဒုတိယဥက္ကဋ္ဌအတွက် စက္ကူတောရီ ခန့်ထားပေးတာပါ၊ ဖေဖေတို့ ရွှေတောင်ကပဲ"

ဖြိုးက အနီးရှိခုံကို ဆွဲယူထိုင်ရင်း သူ့ဝန်ထမ်းကို အိခြေနှင့် ကြည့်မိ၏။ မမမိမာကလည်း စူးစမ်းစိတ်နှင့် လှည့်ကြည့်ပါသည်၊ မမမိမာက သူ့လက်ထဲမှ ဘောလ်ပင်လွှတ်ကျအောင်ကို အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ
သားကိုပြုဖူးတဲ့
ကျေးဇူးတွေထဲမှာ
ဒီကျေးဇူးဟာ
အကြီးဆုံးပဲ"

သွားရသည်။ ဖြိုးလည်း အံ့သြသွားရသည်ပဲ။

"သူ့နာမည်က"

"မမမိမာ"

"ဟင် သားတို့ချင်း သိနေကြတာလား"

"သိတာပေါ့ဖေဖေရဲ့"

မမမိမာက ဖြိုးကို မျက်စောင်းထိုးကြည့်၏။ ဖြိုးက မမမိမာနားကပ်ထိုင်ပြီး စားပွဲအောက်မှ မမမိမာ၏လက်ကို ဆုပ်ကိုင်မိသည်။ မမမိမာကလည်း မရုန်းသာပါ။ ဦးတက်ဖြိုးကပင်

"အေး သိနေတော့လည်း ပိုကောင်းတာပေါ့၊ မင်းရဲ့ စက္ကာတော်ရီဆိုပေမယ့် မင်းရဲ့မဟုတ်တဲ့ စိတ်မြန်လက်မြန်လုပ်တတ်မှုတွေ မဆင်မခြင်ကိစ္စတွေဆိုရင် ထိန်းချုပ်ပေးမယ့် မင်းရဲ့အစ်မဆိုလည်း မမှားဘူး၊ သမီးရေ သမီးရဲ့လက်ထဲကို အပ်ပါတယ်၊ နိုင်အောင်သာ ထိန်းပေတော့ သမီးရေ"

"ဖေဖေ သားကိုပြုဖူးတဲ့ ကျေးဇူးတွေထဲမှာ ဒီကျေးဇူးဟာ အကြီးဆုံးပဲ"



www.burmeseclassic.com

ဖြိုးက အားရဝမ်းသာဆို၏။

"ဒီလောက်တောင် ကြီးလို့လားကွာ"

"ကြီးတာမှ အယ်နေတာပဲ ဖေဖေရဲ့"

"ကျေးဇူးကြီးတော့ သားကမကြိုက်လို့လား"

"တချို့က ကြီးမှကြိုက်တာ ဖေဖေရဲ့"

မမမိမာ ရှက်ပြုံးပြုံးရင်း ဖြိုးလက်ကို လိမ်ဆွဲ၏။ ဖေဖေကတော့ မသိ။ ဖြိုးနှင့်မမာသာ တစ်ယောက်အထာ တစ်ယောက် နောကျေနေလို့လေ။

* * *

www.burmeseclassic.com





ကုမ္ပဏီရုံးခန်းထဲတွင် ဖြိုးက အလုပ်များရှုပ်နေသည်။ မမမိမာအား စိစစ်ပြီးသား စာရွက်စာတမ်းများ ကမ်းပေးရင်းဖြင့်

"ကဲ ဒီကိစ္စတွေ အဖေ့ကို တင်ပြနေရင် အဖေမအားတာနဲ့ ရက်တွေ ကြာနေလိမ့်မယ်၊ ရက်ကြာရင် စီးပွားရေးသမားတွေက ဝင်ပြီးကောက်စားသွားမယ်၊ မဖြစ်ဘူး၊ ကိုယ့်ဘာကိုယ်ပဲ ဆုံးဖြတ်ပြီး "

"ဂေါင်"

မမမိမာက မျက်နှာသေနှင့် ဇလုံနှင့်ဖြိုး၏ ခေါင်းကိုချ



www.burmeseclassic.com

www.burmeseclassic.com

၏။

သူတို့ နံဘေးအခန်း၏ကွက်လပ်ကလေးတွင် ကစားစရာ တောင်ပုံရာပုံနှင့် တစ်ဦးတည်း ကစားနေသော ငတိုးက လန့်ပြီး မော့ကြည့်လာပါ၏။ ပြီးမှ ခေါင်းပွတ်နေသော ဖြိုးကို လက်ညှိုးထိုးရယ်မောကာ သူလည်း သူ့ခေါင်းကို လိုက်ပွတ်နေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အသွေးဇော်

ကုမ္ပဏီဝန်ထမ်းများက ဂေါင်ခနဲထွက်လာသော အသံကြောင့် ဒုတိယဥက္ကဋ္ဌအခန်းကို အံ့အားသင့်ပြီး ကြည့်ကြ၏။ ပြီးမှ သဘောပေါက်ကာ ကြိတ်ရယ်ကြပါသည်။

ဒီအသံက ဖြိုးလုပ်ငန်းစု၏ ဒုတိယဥက္ကဋ္ဌ အခန်းထဲမှ တစ်နေ့လျှင် တစ်ကြိမ်နှစ်ကြိမ်မျှ ထွက်ထွက်လာတတ်သော အသံဖြစ်ပါသည်။ ထိုအသံကြားတိုင်း ဝန်ထမ်းများက အံ့သြတကြီး မော့ကြည့်တတ်သည်။ ပြီး အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ ကြိတ်ရယ်တတ်ကြသည်။ ပြီးတော့လည်း အားလုံးအတည်။ ဒုတိယဥက္ကဋ္ဌ ထွက်လာတော့မည်။ ကိုယ့်အလုပ် ကိုယ်စိတ်ဝင်တစားလုပ်ကြပါဟု အော်တော့မည်လေ။

ချစ်ခြင်းယုံကြည်ခြင်းအားဖြင့်

အသွေးဇော်



www.burmeseclassic.com